# လွှတ်လပ်သောဗမာပြည်

အရေခြုံသော ကလိန်ချုံ- အပြောသမား အလိုမရှိ။

သာသနာ“ခေါင်း”ပေါ်မှာ ရှိ–မရှိ။

လူမှန်လျှင်၊ သိရ- တတ်ရ- လုပ်ရမည့်

# “ကမ္ဘာ့ရွှေဘုန်းတော်”

ကမ္ဘာ့အရေး–ဗမာ့အရေး–ဓမ္မအရေးတော်ပုံကြီးများအတွက်၊

ဗမာ့လက်နက်ကြီးသဖွယ်၊တသက်လုံး၊အားကိုးတရအသုံးပြုကြရန်၊

ဗုဒ္ဓရာဇာ–ကမ္ဘာပြု–မန္တာနိဗ္ဗာ

ဂိုဏ်းတော်ကြီးမှ–

အရေးတကြီး ထုတ်ဝေ တော်မူလိုက်သည်။

# လွှတ်လပ်သောဗမာပြည်

အရေခြုံသော ကလိန်ချုံ- အပြောသမား အလိုမရှိ။

သာသနာ"ဒေါင်း"ပေါ်မှာ ရှိ–မရှိ။

**လူမှန်လျှင်၊ သိရ တတ်ရ လုပ်ရမည့်**

# "ကမ္ဘာ့ရွှေဘုန်းတော်"

ကမ္ဘာ့အရေး–ဗမာ့အရေး–ဓမ္မအရေးတော်ပုံကြီးများအတွက်၊
ဗမာ့လက်နက်ကြီးသဖွယ်၊တသက်လုံး၊အားကိုးတရအသုံးပြုကြရန်။

## ဗုဒ္ဓရာဇာ–ကမ္ဘာပြု–မန္တာနိဝိဋ္ဌာ

ဂိုဏ်းတော်ကြီးမှ–

**အရေးတကြီး ထုတ်ဝေတော်မူလိုက်သည်။**


သာသနာပြု-ဓမ္မကထိက
ရတနာပုံ-ဦးတိလောကဆရာတော်

# ရှေးနှင့် ကာလနှိုင်းယှဉ်၍ပြသော နိဒါနကထာ၊

ကမ္ဘာ့အစ- ပြဟ္မာ ပြဟ္မ ဗမာ့ ဗမာ— မဟာသမတ။ အသမ္ဘိန္နခတ္တိယ နွယ်ဝင်။ အရှင်သခင် ဖြစ်တော်မူကြကုန်သော။ သာကီဝင်နွယ်ဘွား၊ ဘိုးတော်အဥ္စန, မင်းတရားကြီးမှစ၍။သုဒ္ဓေါဒန, သိဒ္ဓတ္ထ,မင်းမြတ်တို့သို့ကျအောင်၊ ဆွေတော်စဉ်၊ မျိုးတော်ဆက်ကာစပြီးလျှင်၊ ကမ္ဘာကြီး တခုလုံး. အုပ်ဖုံးကြော်ကြား၍။ “ဂေါတမ ဘုရားဟူသော ဗုဒ္ဓဂုဏ်တော်” “ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်တည်း ဟူသော ဓမ္မဂုဏ်တော်” “သာသနာငါးထောင်တည်းဟူသော အရိယာသာဝက ပရမတ္ထသံဃာဂုဏ်တော်” “မြင့်မိရ် ထိပ်ဦး ကျေးဇူးကြီးလှ-မိခင်ဘခင်တည်းဟူသော မာတာပိတုဂုဏ်တော်” “ကျောက်ထီးတန္တု-ပမာပြု၍- လောကီလောကုတ္တရာ၊လိမ်မာယဉ်ကျေးမှုကိုဆုံးမတော်မူတတ်သော။ အာစရိယဂုဏ်တော် ”ဤငါးပါးသော ဂုဏ်တော်ကြီးတို့ကို ယုံကြည်ကိုးစား၊ ထင်ရှား ကျော်ကြားတော်မူခဲ့သော။ ဗိမ္ဗိသာရ- အနာထပိဏ် ဝိသာခါစသော မင်းသူဌေး သူကြွယ်တို့နှင့်တကွ၊ သီရိဓမ္မာသောကမင်းကြီး— အနော်ရထာ— ရွှေဘို-စစ်ကိုင်း-အင်းဝ-မန္တလေး-မင်းတုန်းမင်း သီပေါမင်း အရှင်သခင်တို့သည်။ဗုဒ္ဓမြတ်စွာ သာသနာရိပ်—ခိုအိပ်ကြပြီးလျှင်။ ဗုဒ္ဓဂိုဏ်း- ဓမ္မဂိုဏ်း- သံဃာ့ဂိုဏ်း- မာတာ ပိတု ဂိုဏ်း– အာစရိယဂိုဏ်း—တို့ကို။ ဦးထိပ်ရွက်ပန်ဆင်၍။ နာ

# နိဒါန်း။

ယကာဂုဏ် ၆-ပါး-ဖြပ္ပာဝိုရ်တရား ၄-ပါးတို့နှင့် အညီ၊ ငါးပါးပဥ္စသီ- ခါးဝတ် ထည်ကဲ့သို့ မြဲမြဲမြိုးချင်–သူတော်ကောင်းတရား ၇ ပါး၊ မဂ္ဂင် ၈–ပါးတည်းဟူသော-ဖေါင်စကြာနှင့် ယှဉ်၍လည်၍ တိုင်းခရိုင် နိုင်ငံအုပ်ချုပ် မင်းလုပ်တော်မူခဲ့ရာ။ဗုဒ္ဓမြတ်စွာ သာသနာသည်။ နေဝါလဝန်းကဲ့သို့ ပေါ်ထွန်းစည်ကား။ ကြီးပွားတော်မူသည့်ဖြင့်။ ရဟန်း-ရှင်လူ–ပြည်သူအပေါင်းတို့မှာလည်း၊ ငြိမ်းချမ်း သာယာလှသော ဘုန်းရှင်- ကံရှင်- သဗ္ဗာရှင်– မြန်မာဘုရင်ဟူ၍၊– ကမ္ဘာ့ရာဇဝင်တွင် ဥဒါန်းတော် တွင်ခဲ့လေသည်။ ။ဤကား။ ကိုယ့်ထီး- ကိုယ့်နန်း- ကိုယ့်ကြငှန်းနှင့် ကိုယ့်မင်း ကိုယ့်စိုး–ကိုယ့်လူမျိုးတို့ လွှမ်းမိုး အုပ်ချုပ်၍– ခံစားစံစားခဲ့ရသော မြန်မာဘုရင်နှင့် မြန်မာပြည် မြန်မာတို့၏ ရာဇဝင်အခါကျော်းမှတ်တမ်းတည်း……။

မိစ္ဆာလူမျိုး။ လွှမ်းမိုးလုယက်၊ နှောင့်ယှက်–ဖျက်ဆီး။ အပျက်ကြီး ပျက်ရသော ငါတို့ လက်ထက်၌ကား။ အမိမဲ့သား ရေနည်းငါးကဲ့သို့။ အားထားရာ ကင်းမဲ့နေကြသော–ဗမာပြည် ဗမာလူမျိုး အပေါင်းတို့သည်။ ခိုကိုးရာ–ခိုကိုးကြောင်းရှာမှီး၍။ အလိုစရိုက်- အလိုက်သင့်စွာ နေထိုင်ခဲ့ကြရာ။ရှေးထုံးစဉ်လာ။ ဓမ္မတာ-အလုပ် စခန်း– အဝဝတို့ကို။ ပါယ်စွန့်ကာ စရိုက်ဘာသာအားလျော်စွာ၊စားရေး-နေရေး-သက်သာချောင်ချိရေး မျှော်တွေးလျက်။ မိစ္ဆာစကား- မိစ္ဆာသွား–မိစ္ဆာစား-မိစ္ဆာနေ–မိစ္ဆာစာဂေတွ။ပွေလီကောက်၍။ မတရားမြှောက်ပင့် ခိုင်းကြသဖြင့်။ ဗမာဆိုသော အကောင်စားတို့သည်။ဂုဏ်,မာန်မာန ထောင်လွှားကြပြီးလျှင်၊ ထင်ရာ

# နိဒါန်း။

ပြော၊ ထင်ရာလုပ်။ ထင်ရာလိမ်။ ထင်ရာသောက်။ ထင်ရာကြံ။အမှန်အလွဲ။ စိတ်အာရုံ မဝေခွဲနိုင်တော့ဘဲ။ ပထွေးအောသခင်ကို အစဉ်အဖေမှတ်ကြ၍၊ အားကိုးပြီး သူတလူ—ငါတမင်း ရာထူးဌာနန္တရအတွက်။ လောဘ, ဒေါသ, မောဟ, မာန်မာနတသီး။ ရာဂမီးတွဲ။ ရန်ပွဲကြီးခင်း၊ သူ့အသင်း— ငါ့အသင်း-ပါဒခြင်းပြိုင်၍၊ ခွဲခြားသတ်ဖြတ်။ “သတ္တန္တရ, ရောဂန္တရ,ဒုဗ္ဘိက္ခန္တရ ”ငတ်ပြတ်သေကြေခြင်း၊ ဘေးဆိုးကြီးနှင့် တွေ့ကြုံ နေရလေပြီ။ ။ဘော၊ ဒိ—အချင်းတို့- လောကော၊လောကကြီးသည်။ နသတိဝတ။ ဪ—ပျက်စီး၍တက်တက်ကုန်တော့မှာပါတကား၊ နတ်, သိကြား, ဗြဟ္မာများ။ ကြွေးကြော်သော စကားကို လေးလေးနက်နက် မှတ်သား၍။ ဘုရားရိပ် တရားရိပ်။ သံဃာရိပ်။ ဆရာ မိဘရိပ်တို့ကို ထုံးတမ်း စဉ်လာ— ဓမ္မတာ လမ်းတော်ကြီး အတိုင်း။ ခိုအိပ်ကြပြီးလျှင်။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ။ ငြိမ်းချမ်းသာယာလှသော ဗုဒ္ဓဘာသာအစစ်- ရေသောက်မြစ်တရားတော်ကြီးများကို။ သာသနာ—ခေါင်းပေါ်မှာ။ တည့်ရှိရေး—မျှော်တွေး၍ “ရန်ကုန်မြို့ ရွှေတိဂုံကုန်းတော် စိန်ဦးခ သံတန်ဆောင်းကြီး”တွင် ၁၃၁၀-ခုနှစ်၊ဝါဆိုလကစ၍ တဝါတွင်းလုံး လေးလေး- နက်နက် ဟောမြွက်တော် မူသည့်ဖြင့်။ ကမ္ဘာ့တခွင်၌လည်း။ ဗမာသခင်တို့၏ ထာဝစဉ် အမြဲမပြတ်ကိုးကွယ်ဆည်းကပ်ခဲ့သော“ဗုဒ္ဓဘာသာမျိုးစေ့ ရေသောက်မြစ်ခေါ် “ဗုဒ္ဓဝါဒ ကမ္ဘာ့ရွှေဘုန်းတော်”ဟူသော အမည်ထူးနှင့် ကျမ်းဦးကျမ်းထူး စပ်ကူး မတ်ကူးအတွင်း အရေးတကြီး ထုတ်ဝေလိုက်ရပါကြောင်း။ ။လူတိုင်း- လူတိုင်း

# နိဒါန်း။

"ဗုဒ္ဓဝါဒ— ကမ္ဘာ့ရွှေဘုန်းတော်ကျမ်းထူးကြီးကို" ကျင့်ကြံကြိုးကုတ်-အားထုတ်ကြလော။

ထိုကမ္ဘာ့လက်နက်, ဗမာ့လက်နက်, ဓမ္မလက်နက်ခေါ် ဗုဒ္ဓဝါဒ-ကမ္ဘာ့ရွှေဘုန်းတော်ကျမ်းထူးကြီးကို အစမှအဆုံးတိုင်အပြန်အလှန်ဘုတ်။ ဩဘာနက်ကရိုဏ်းပီသစွာကျကျနနကြည့်၍ဆို။ ပါဠိအနက် အဓိပ္ပါယ်တို့ကိုလည်း လေးလေးနက်နက်စဉ်းစား၍ ကျက်မှတ်သားကြလျှင်၊ ပညာတတ်လက္ခဏာအင်္ဂါနှင့်ပြည့်စုံညီညာကြ၍ ဒိသာပါမောက္ခဖြစ်နိုင်ကြောင်း။ "သု-စိ-ပု—ဘာ လိက္ခေ" သုံ၊ သုတောမ၊ သင်ယူ မှတ်သားကြားနာရ၏။ စိ-စိန္တေယျ၊ သင်ယူ မှတ်သား ကြားနာပြီး၍။ အနက်အဓိပ္ပါယ်တို့ကို ကြံရ—ဖန်ရ၏။ ပု-ပုစ္ဆေယျ၊ မိမိဉာဏ် အမြင်မရှင်းမလင်းလို့ရှိလျှင်၊ ကျမ်းပြု ဆရာတော်ထံဖြစ်စေ။ နီးရာဆရာတော်များထံဖြစ်စေ လျှောက်ထားရမည်။ ဘာ-ဘာသေယျ၊ လျှောက်ထားပြီး၍။ အသိဉာဏ်ရှင်း ပါ၍ အနက်အဓိပ္ပါယ် တကယ် အမှန် သိရသည်ရှိသော်၊ မမေ့မပျောက်ရန် အမြဲရွတ်ဘတ် သရဇ္ဈာယ်လေ။ လိက္ခေ—လိက္ခေယျ၊ ခက်ဆစ်အဓိပ္ပါယ် နက်နက်နဲနဲ သဘောနှိုက်လည်းထား။ စာအုပ်၌လည်း ရေးသား မှတ်ထားလေ……ဒိသာပါမောက္ခ၊ ပဏ္ဍိတမဟော် ပညာကျော် ဖြစ်မည့်လက္ခဏာတည်း။

တေန ခေါပန သမယေန၊ ထိုအခါ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓေါ၊မြတ်စွာဘုရားသည်။ ဝေရဉ္ဇာယံ-ဝေရဉ္ဇာအမည်ရှိသောပြည်၌။ နဠေရုပုစိမန္ဒမူလေ၊ နဠေရု အမည်ရှိသော ဘီလူး-ဘုမ္မစိုးသည် လွှမ်းမိုး သိမ်းဆည်းအပ်သောတမာပင်၏အနီး၌။ မဟာတာ၊ ဂုဏ်အားဖြင့် မြတ်သော......ဝါ၊ အရေအတွက်အားဖြင့် များစွာသော။ ဘိက္ခု သံဃေန၊ ရဟန်းတို့၏ အပေါင်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ ဝိဟရတိ၊ ချောင်း,ထိုင်,ရပ်,သွား။ လေးပါးဣရိယာ၊ သာယာ ခွင်ပျော်၊ နေတော်မူ၏။

အထခေါ၊ ထိုဝေရဉ္ဇာပြည်၊ နဠေရု၊ တမာပင်ရင်းဝယ်၊ သီတင်းသုံးနေတော်မူသောအခါ၌။ ဝေရဉ္ဇာ၊ ဝေရဉ္ဇာပြည်၌ ပေါက်ဖွါးသောကြောင့်။ဝေရဉ္ဇာအမည်ရှိသော ဗြဟ္မဏော-ပုဏ္ဏားသည်။ အဿောသိခေါ၊ အဿောသိဝေ။ ကြားသည်သာလျှင်တည်း။ကိံ အဿောသိ၊အဘယ်သို့ ကြားသနည်း။ ။ ဘော။ အိုအချင်းတို့။ ခလု..... အဆင့်စကား၊ ငါကြားသည်ကား။ ဂေါတမော၊ ဂေါတမ အနွယ်၌ ဖြစ်တော်မူသော။ သကျပုတ္တော၊ သာကီဝင်မင်းသား ဖြစ်တော်မူသော။ သကျကုလာ၊ သာကီဝင်မျိုးမှ။ နိက္ခမိတွာ၊ တောထွက်၍။ ပဗ္ဗဇိတော၊ ရဟန်း ပြုတော် မူသော။ သမဏော ဂေါတမော၊ ရဟန်းဂေါတမသည်။ ဝေရဉ္ဇာယံ၊ဝေရဉ္ဇာပြည်၌။ နဠေရုပုစိမန္ဒမူလေ၊ နဠေရုအမည်ရှိသော ဘီလူး ဘုမ္မစိုးသည် လွှမ်းမိုး သိမ်းဆည်းအပ်သော တမာပင်၏အနီး၌။ မဟာတာ၊ ဂုဏ်အားဖြင့် မြတ်သော။ ဝါ။ အရေအတွက်အားဖြင့် များစွာသော။ ဘိက္ခု သံဃေန၊ ရဟန်း သံဃာ အပေါင်း နှင့်

ပဉ္စမဇ္ဈေပတ္တိ-ဘိက္ခု၊သတေပတိ၊ ငါးရာအရေအတွက်ရှိသော ရဟန်းသံဃာအပေါင်းတို့နှင့်၊ သဒ္ဓိံ၊အတူတကွ။ ပိဟာရတိ၊ လျှောင်း,ထိုင်,ရပ်,သွား, လေးပါးဣရိယာ၊ သာယာဖွင်ပျော်။ နေတော်မူ၏။ တံခေါပန ဘဂဝန္တံ ဂေါတမံ တသာဘော တော ဂေါတမဿ။ ထိုအရှင်ဂေါတမ၏။ ဧဝံ၊ ဤသို့လတ်ံ့သော အခြင်းအရာအားဖြင့်။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ချီးမွမ်းအံ့ဩ။ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂတော၊ မဆန့် ဘဂဝါ– ပြန့်နှံ့ ၍ တက် ၏။ ကိံ အဗ္ဘုဂ္ဂတော၊အဘယ်သို့။ မဆန့်ဘဂဝါ။ ပြန့်နှံ့၍ တက် သနည်း။ ဣတိပိ သော ဘဂဝါ၊ အရဟံ,သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏ သမ္ပန္နော, သုဂတော, လောကဝိဒူ,အနုတ္တရော, ပုရိသ ဓမ္မသာရထိ, သတ္ထာဒေဝ မနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ တိ။ ဣတိ၊ဤသို့။ကလျာဏော၊ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ချီးမွမ်းအံ့ဩ။ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂတော။ မဆန့်ဘဂဝါ။ပြန့်နှံ့၍တက်၏။

ဤကဲ့သို့ "ဗုဒ္ဓဝါဒ- ကမ္ဘာ့ရွှေဘုန်းတော်" ကြီးသည်။ ဗုဒ္ဓဘာသာအစစ်ရှေသောက်ဖြစ်ဖြစ်သောဘုရားဂုဏ်တော်ကိုးပါး။ တရားဂုဏ်တော် ခြောက်ပါး။ သံဃာ့ ဂုဏ်တော် ကိုးပါး။ မျိုးစေ့တရားတော်ကြီးများကို၊ ပါဠိအနက်အဓိပ္ပါယ် ဗုဒ္ဓဘာသာတိုင်း။ တကယ်သိကြပါလျှင်။ လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာသို့။ ပေးစွမ်းနိုင်သော ရတနာထူး ရတနာမြတ်ကြီးများပင်ဖြစ်ကြောင်း။ ဗုဒ္ဓဘာသာဝင်တိုင်း၊ တစ်နံပါတ် ပဌမဆုံးအရေးကြီးပါသော လူ့အလုပ်ကြီးပင်

ဖြစ်ပါကြောင်း။ လေးလေးနက်နက် ကျင့်ကြံကြိုးကုပ်။ အားထုတ်ဆောင်ရွက်ကြလော......။

### လျှော်သင့်သော မှာကြားချက်။

အားရခြင်းသော ကလိန်ချုံ အပြောသမား အလိုမရှိ
သာသနာ "ခေါင်း" ပေါ်မှာ ရှိမရှိ၊

### လူ့မှန်လျှင်—သိရ-တွေ့ရ-လုပ်ရမည့်

## အဓိက အချက်ကြီး သုံးချက်။

---

(၁) ဘုရားကြည်ညိုလျှင်- ဘုရားဂုဏ်တော်ကို သိမှ- ဘုရားတွေ့ရမည်။ ဘုရားစစ်ဖူးရမည်။

(၂) တရားကြည်ညိုလျှင်- တရားဂုဏ်တော်ကို သိမှ- တရားတွေ့ရမည်။ တရားစစ်ရကြမည်။

(၃) သံဃာကြည်ညိုလျှင်—သံဃာဂုဏ်တော်ကို သိမှ- သံဃာတွေ့ရမည်။ သံဃာစစ် ဖူးရမည်။

(**မှတ်ချက်**) ဗုဒ္ဓမြတ်စွာ သာသနာတော်တွင်း- လူဖြစ်ရခြင်း အကျိုးနပ်ကြစေရန်။ ရည်သန်၍၊ မသေ မပျောက်ခင် မိမိခန္ဓာ ကိုယ်ကို ရုံစမ်း မေးမြန်းခြင်း၊ မိမိ၏ ကိုယ်စိတ်နှလုံး သုံးပါးလုံးကိုလည်း၊ မိမိကိုယ်တိုင် အထက်ပါ အဓိက အချက်ကြီး သုံး ချက် ကို ကိုင်၍။ မိုင်မိုင်ကြီး ဝေဘန်ကြလော့။

ရတနာပုံ ဦးတိသောက ဆရာတော်ကြီးချီးမွမ်းသော
(မြန်မာပြည် သာသနာပြု)

# ရွှေဘုန်းတော်အဖွဲ့ကြီး၏

အတိတ်ပြဘာမင်္ဂလာ ဥဒါန်းမော်ကွန်းတော်
မြန်မာကဗျာ။

၁။ ပလ္လင်ဗောဓိ၊ ထုတိတောဇော်။
ပွင့်တော်မူခြင်း၊ ထင်လင်းဖြိနေ့်။
လူနတ်အားလုံး၊ ညွတ်ရုံး ကော်ရော်။
ကမ္ဘာ့ဆုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။

၂။ ဇမ္ဗူတောင်ကျွန်း၊ ပေါ်ထွန်းလာသော်။
ဂုဏ်တော်အကျိုး၊ တန်ခိုးတောဇော်။
ဘဝဂ် မဆန့်၊ ပြန့်နှံ့လွန်ကျော်။
ကမ္ဘာ့လုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။

၃။ ရွှေရင်တော်စစ်၊ သားချစ်မဟော်။
မဂ္ဂ-ဖလ၊ ရှစ်ဝအကျော်။
သံဃာ့ဂုဏ်များ၊ ကိုးပါးထင်ပေါ်။
ကမ္ဘာ့လုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။

၄။ ဗြဟ္မာ,လူ,နတ်၊ ဆည်းကပ်ပူဇော်။
ယုံကြည်ကိုးစား၊ အားထားရှုမျှော်။
ဘာသာအားလုံး၊ ညွတ်ရုံးထင်ပေါ်။
ကမ္ဘာ့လုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။

၅။ အောင်အတိတ်နှင့်၊ နိမိတ်ကိုမျှော်။
သိဒ္ဓိတန်ခိုး၊ ဖွင့်ဖြိုးတော်ဖော်။
ရှုစွာဘယ၊ ပြည့်ဝရုံသော်။
ကမ္ဘာ့သုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။
၆။ လူမင်း နတ်မင်း၊ ဝပ်စင်းပူဇော်။
ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းစေသော်။
ရာကျော်သက်သုံး၊ ရွှင်ပြုံးတော်ဖော်။
ကမ္ဘာ့သုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။
၇။ "ဦးဇော်ဂီသော"၊ ထေရမဟော်။
အောင် အတိတ်နှင့်၊ နိမိတ်ထွင်သော်။
အောင်သိပ္ပါယ်နှင့်၊ အောင်ကိန်းကိုမျှော်။
ကမ္ဘာ့သုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။
၈။ နေမင်း လမင်း၊ ထိန်ဝင်းထွက်ပေါ်။
ဂုဏ်တော်တန်ခိုး၊ အကျိုးတူမျှော်။
ဆထက်တံပိုး၊ ဖွင့်ဖြိုးတော်ဖော်။
ကမ္ဘာ့သုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။
၉။ သိဒ္ဓိသုံးမျိုး၊ တန်ခိုးထင်ပေါ်။
ရှိန်းဆာပိုမောက်၊ ကိုယ်ပျောက်နိုင်သော်။
ကောင်းကင်မြေလျှိုး၊ မညှိုးရွှင်ပျော်။
ကမ္ဘာ့သုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။
၁၀။ ဇော်ပွဲ သက်ပွဲ၊ လှူပွဲခင်သော်။
ရေးတော်ပုံတွင်း၊ လွတ်ကင်းဘို့မျှော်။
ဂုဏ်တော်လက်နက်၊ မပျက်သင့်လျှော်။
ကမ္ဘာ့သုံး၊ အုပ်ဖုံး ရွှေဘုန်းတော်။ ။

၁၁။ ဆရာ့မိဘ၊ ငါးဝဂိုဏ်းတော်။
ဦးထိပ်တင်ထား၊ ဝပ်တွားပူဇော်။
ဘေးရန်ခပ်သိမ်း၊ လွတ်ငြိမ်းလိုသော်။
ကမ္ဘာ့လုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။

၁၂။ သူတော် သူယုတ်၊ ခွဲထုတ်ကြနော်။
သူတော်ချင်းချင်း၊ ပေါင်းသင်းချိန်တော်။
ကိုယ်ကျင့်တရား၊ မမှားသင့်ချော်။
ကမ္ဘာ့လုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။

၁၃။ ကိုယ်ကျင့်တရား၊ ကျင့်ကြားသူတော်။
ဗြဟ္မာ့သိကြား၊ နတ်များပူဇော်။
ဝိဇ္ဇာသင်းပင်း၊ စောင့်ခြင်းထင်ပေါ်။
ကမ္ဘာ့လုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။

၁၄။ အောင်အတိတ်နှင့်၊ နိမိတ်ကိုမျှော်။
အောင်လုံထူကြ၊ အောင်ရမည်နော်။
အောင်ဘိသိက်သွင်း၊ အောင်ခြင်းတေဇော်။
ကမ္ဘာ့လုံး၊ အုပ်ဖုံးရွှေဘုန်းတော်၊ ။

၁၅။ အောင်သပြေအိုး၊ မညှိုးစေသော်။
ဂုဏ်တော်သုံးကြူး၊ အထူးစောင့်မျှော်။
သာသနာပြုမင်း၊ ထင်လင်းထွက်ပေါ်။
ကမ္ဘာ့လုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။

၁၆။ သာသနာဝက်၊ မင်းဆက်ကိုမျှော်။
မင်းကောင်းမင်းမြတ်၊ ရောက်လပ်ချိန်သော်။
ပြည်တော်ဝင်ပွဲ၊ ဆင်နွဲလိုသော်။
ကမ္ဘာ့လုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။

၁၇။ ဦးတိလောက၊ မြွက်ဟာအာဘော်။
ဇမ္ဗူတောင်ကျွန်း၊ မှော်ကွန်းတွင်သော်။
ရှေးရေး-နောက်ရေး၊ စိတ်တွေးရှုမျှော်။
ကမ္ဘာလုံး၊ အုပ်ဖုံးရွှေဘုန်းတော်။ ။

ရန်ကုန်မြို့ ရွှေတိဂုံကုန်းတော် စိန်ဦးခ–သံတန်ဆောင်း၌
၁၃၁၀–ခု။ ဒုတိယဝါဆိုလပြည့်နေ့ တရားပွဲကြီးတွင်

**ရတနာပုံ ဦးတိလောက ဆရာတော်သည်**

ဗုဒ္ဓဘာသာအစစ်- ရေသောက်မြစ် တရားတော်ကြီးများကို
သာသနာခေါင်းပေါ်မှာ တည်ရှိရေး မျှော်တွေး၍

**သေးသေးနုက်နုက် ဟောမြွက်တော်မူလိုက်သော**

# ဘုရားရှိတော် ၉ ပါး

**အနက် အဓိပ္ပါယ်အကျယ်။**

**ဣတိပိ သော ဘဂဝါ အရဟံ။ သမ္မာ သမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ—ဓမ္မ-သာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါတိ။ ။**

ယောဘဂဝါ၊ အကြင် ဘုန်းတော်နေဝင်း။ ထွန်းလင်းတောက်ပ။ ကြီးကျယ်လှသော။ အစိမ္ဘယျ၊ သုံးလူ့ထွဋ်ထား။ သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သမတိ

သ-ပါရမီယော၊ဤကားအစ။ ဤမှအဆုံး။ ဂဏန်းကြိုးလည်း
တောင်လုံးမြေရုံ့။ အမှုန့်မလောက်။ကြွားသော် ကြောက်အံ့
သော ဆောက်ဦးသဏ္ဍာရ။ အမျှသုံးဆယ်သော ပါရမီတော်
တို့ကို။ ပူရေတွာ၊ လောကဓါတ်တာရိုး။ ဆွေတော်မျိုးနှင့်။
ကိုယ်ကျိုးစင်စစ်။ဖြစ်စေအံ့ဟူ။ ဖြည့်ကျင့်တော်မူပြီး၍။ သဗ္ဗ
ကိလေသေ၊ ဗျည်းသတ္တရို။ မှတ်သိချက်မှန်။ နိ-လက်-နာမ်
ကို။ ကိ-သန်မြှောက်ကိန်း။ ထောင့်ငါးရာ—မှတ်ထိမ်းသော။
ခပ်သိမ်းသော။ ကိလေသာတို့ကို။ အဋ္ဌိတွာ၊ ဝဇိရိန်စက်
မျိုး။မဂ်တန်ခိုးဖြင့်။ ဖျက်ချိုးတော်မူပြီး၍။ အနုတ္တရံ၊ ဖြပဿာ,
နတ်,လူ။သုံးဘုံသူတို့တွင်။အတူမရှိသော။ ဝါ။အတူမှ ကင်း
သော။ သမ္မာ သမ္ဗောဓိ၊ ရွှေကြာပဒုံ၊ နေအာရုဏ်နှင့် ဆုံမိ
သဖြင့်။ ကောင်းစွာ ပွင့်သကဲ့သို့။ လေးဆင့် မြောက်မဂ်၊
ဉာဏ်ရောင်စက်နှင့်။ ပေါင်းဘက်ရကား။ တရေးလုံးရုံ။ ဆုံး
ကုန်မြင်မှု။ စပ်ယှဉ်၍ မတုနိုင်သော သဗ္ဗညုတ- ရွှေဉာဏ်
တော်ကြီးကို။ အဘိသမ္ဗုဒ္ဓေါ၊ ပစ္စဝေက္ခနာဇော၊ စောကာ
လွယ်ကူ-ရတော်မူခဲ့လေပြီ။ ။

---

# အရဟံ-ဂုဏ်တော်

(သုံးခေါက်ဆို။)

သောဘာဂဝါ။ထိုဘုန်းတော်နေဝန်း။ထွန်းလင်းတောက်ပ-
ကြီးကျယ်လှသော။ အစိန္တေယျ-သုံးလူ့ထွဋ်ထား။ သဗ္ဗညု
ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့-အတိ

တောက၊ ငြိပေလှသော ကိလေသမာရ်၊ ကိုယ်တွင်းရန်ကို။ ဉာဏ်ဝရဖိန်။လက်နက်တော်ချိန်ပြီးလျှင်။ တရှိန်တည်း ပစ်ခတ်၊ အဆုံးတိုင် သတ်တော်မူခြင်း။ ထက်ချပ်မက္ခာ-ဝါသနာဘာဂီ-လာဝသိနှင့်တကွ။ ပါရမီလက်ရှိန်။ စက်ဝရဖိန်ဖြင့်။ တရှိန်ထည်း ပစ်ခတ်၍၊ သတ်အပ်သော ကိလေသာ ရန်ဘေး-ဝေးသည့်ထက် ဝေးတော်မူခြင်း။ ။ပညာရှိယောင်။ သူတော်ယောင်ကို။ ဆောင်ကုန်သသူ။ တပါး လူတို့သည်။ သူတပါးတို့။မန္တစ်မြှူ၍။ ဖြစ်မှိုကြမည့်–ကဲ့ရဲ့မည်ကို။ ကြံစည်စိုးရိမ်သဖြင့်။ အချိန်ကာလ၊ ဌာန နီးဝေး၊ ရွေးခါ ချယ်ခါ ဆိတ်ကွယ်ရာ၌။ ယုတ်မာညစ်ကျု။ မကောင်း ပြုသကဲ့သို့။ ဒုစရိုက်ကို။ပြုထိုက်ရာသော။ ရဟောဌာန၊ မောဟာ အဝိဇ္ဇာ၊ မပိတ်ကာ သဖြင့်။ ဆိတ်ကွယ်ရာ ကင်းတော် မူခြင်း။ ။ အာဏာ ဇာတိ၊ ခေတ်ဝိသယ၊ အနန္တလောကဓာတ်။ နတ်နှင့် တကွသော။ လူအားလုံးတို့၏ အဖူးအမျှော်၊ အပူဇော်ကို ခံတော်မူထိုက်ခြင်း။ ။ယင်းသို့ အရိန်ဟာတ အာရကနှင့်၊ ရဝဟ, အဘာဝ၊ ပစ္စယ, အရဟာ ဟူသော သဒ္ဒါအဘိဓာန်။ မဟာတံဆိပ်ခံတော်မူသော အကြောင်းကြောင့်လည်း(အရဟံ-အရဟာ)ဟူသောဂုဏ်တော်ထူးဖြင့်၊ချီးကျူးအံ့ဩဘွယ် ရှိပါပေစွတကား။ ။အရဟံ-အရဟာဟူသောဂုဏ်ထူးနှင့်၊ ပြည့်စုံတော်မူ၍၊ ပြည့်စုံတော် မူခြင်းကြောင့်။ ရှိခိုးပူဇော်ခြင်း၌၊ ထိုက်ပါပေစွ-မြတ်စွာဘုရား။ ။

(အရဟံဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ သဗ္ဗညုတရွှေဉာဏ်တော်ကြီးကိုရှိခိုးပါ၏ဘုရား ပူဇော်ပါ၏ဘုရား, ဆည်းကပ်ပါ၏ဘုရား)။ ။

# သမ္မာသမ္ဗုဒ္ဓ-ဂုဏ်တော်

(သုံးခေါက်ဆို။)

သောဘဂဝါ-ထိုဘုန်းတော်နေဝန်း။ ထွန်းလင်းတောက်ပ၊ ကြီးကျယ်လှသော။ အစိန္တေယျ။ သုံးလူ့ထွဋ်ထား။ သဗ္ဗညု ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည်။ ဣတိပိ- ဤသို့ လေးသစ္စာကို။ ဆရာမရှိ။ ကိုယ်တော်တိုင် သိသော်လည်း။ မိမိ သယမ္ဘု သိတော်မူတိုင်း။ သူတပါးအား၊ ထင်ရှားစေရန်။ မဝေဘန်နိုင်သောကြောင့်၊ သမ္ဗုဒ္ဓဟူသော အမည် တော်မျှ၊ လှစ်ချေ ပြရသော။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က တပါး။ ။လေးသစ္စာကို။ ဆရာပြမှ သိပါရသော်လည်း။ သိက,ပိုင်းခြား။ သူတပါးအား၊ ထင်ရှားစိမ့်ငှာ။ ဟောနိုင်စွာ သောကြောင့်။ သမ္မာဗုဒ္ဓနာမံ၊ ရွှေဘွဲ့တော် ခံအပ်သော။ အရဟန္တ-ရဟန္တာ အရှင်မြတ်က တပါး။ ။ဤသို့အား ဖြင့်။ နှစ်ပါးသော သာဝက။ ပစ္စေကဗုဒ္ဓါ၊ သမ္မာ ဗုဒ္ဓ- သမ္ဗုဒ္ဓတို့ထက်။ ဥက္ကဋ္ဌဂုဏ်ကြီး။ အရုံပြီးသဖြင့်။ ချီးမွမ်း အံ့ဩ၍။ မဆုံးမကုန်။ အလုံးစုံသော တရားမြတ်တို့ကို။ ဗု- ဓ-ခတ်- သံ-သမ္မာ။ ခြိမ့်ကာ ပြည့်စုံစွာသောကြောင့် လည်း၊ (သမ္မာ သမ္ဗုဒ္ဓေါ-သမ္မာ သမ္ဗုဒ္ဓ)ဟူသော ဂုဏ် တော်ထူးဖြင့်။ ချီးကျူး အံ့ဩဘွယ် ရှိပါပေစွ တကား။ ။ သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓ ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍၊ ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုး ပူဇော် ခြင်းငှါ၊ ထိုက်ပါပေစွ မြတ်စွာဘုရား။

(သမ္မာသမ္ဗုဒ္ဓ ဇာတ်တော်လျှံနှင့် ပြည့်စုံတော်မူသော ဖြတ်စွာဘုရားကို။ သဗ္ဗညုတဉာဏ်တော်ကြီးကို ရှိခိုးပါ၏ ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

---

# ဝိဓူရစရိယာ—ဇာတ်တော်

## (သုံးခေါက်ဆို။)

သောဘဂဝါ- ထိုဘုန်းတော်နေဝန်း၊ ထွန်းလင်းတောက်ပ၊ ကြီးကျယ်လှသော။ အစိန္တေယျ၊ သုံးရှု ထွင့်ထား။ သဗ္ဗညု ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဇာတိပိ-ဇ္ဈသို့-အနုတ္တရ၊ ဘဝမှလျှင်။ စ၍ဟိတ်မိုလ်။ တိတ်ထိုထိုက။ ကိုယ် သူ တရေးတို့၏ ဖြစ်ဘူးသော ခန္ဓာအစဉ်။ အသွယ် မျိုးဇာတ်။ အာယုကာမ် စသည်တို့ကို။ တပ်အပ်မျက်မှောက် လိုရာကောက်၍။ တလျှောက်ထည်း သိတော် မူနိုင်သော (ပုဗ္ဗေနိဝါသဉာဏ်တော်)

အနန္တ စကြာဝဠာ၊ သတ္တဝါ အတိုင်းမသိတို့၏ ဇုတိ, ပဋိသန် ရုန်အဆန်အားဖြင့်။ ခံစားစံစား – ကံအလျှောက်လားသည်တို့ကို။ ပိုင်းခြား ထင်ထင်၊ အကြွင်းမဲ့ မြင်တော်မူခြင်း။ ကိုယ်ခန္ဓာအတွင်း။ မျက်ကွင်းမျက်တောင်။ မျက်မှောင်မျက်ခုံး။ သားအရေ ဖုံးအပ်သော နှလုံးသီးပွတ်။ အရူကရွတ် တို့ကို။ လွတ်လွတ်တူရူ။ အနီးကပ် မြင်တော် မူခြင်း။ ။ မြင့်မိုရ်တောင်လုံး။ အုပ်ဖုံးသော မုံညင်းစေ့၊ သိမ်မွေ့လှစွာ။

ပရမာနု- မြူတခုကိုပင်၊ လျှ ရပ် နုတ်ရွာ။ ဖြပ္ပာဒရိယသ်းဖျား။ စကြာဝဠာ ခြားသော်လည်း။ ပတ္တမြား လက်တင်။ အဝေး အားဖြင့် မြင်တော်မူခြင်း။ ယင်းသို့ ဝေးနီး အကြီး အငယ်။ ကာကွယ် ဖုံးပိတ်။ တိမ်ရိပ် ရိယသ်းမှောင်။ ညဥ့်သန်းခေါင်နှင့်။ တောတောင် နံရံ။ အခံ အတား တို့ကို။ ထွင်း ဖေါက် ၍။ တယောက်ထည်း မြင်တော်မူနိုင်သော (ဒိဗ္ဗစက္ခု ဥာဏ် တော်)။ ။

ကာမ–ဘဝ၊စသည့် လုံးရုံ။အာသဝေါ ကုန်တော်မူခြင်း၊ အမိတ-ပရမ။ အာသဒိသ ဖြစ်သော ပစိတ ပါရမီတော် အဟုန်တို့ကြောင့်၊တစုံတယောက်သောသူနှင့်မျှ။ မတူမတန် သယမ္ဘူ။ဓမ္မရာဇာ- မင်းဆုံးဖြစ်တော်မူခြင်း တည်းဟူသော (**အာသဝက္ခယ ဥာဏ်တော်**)

ဤသို့ သုံးပါး၀ိဇ္ဇာ–ပု–ဒိ-အာနှင့်၊ ဝိ-မာ-စေ -ဒိ။အာ ပု-ဣ ထွင်။ ဒိ–ဟု-တကြိမ်။ ၈ပါးချိန်လျက်။ သိ–ဣန်-သော- ဇာ-သတ်-စတ္တာဟူသော။ ပဥ္စာဒသာ – စရဏတို့နှင့် ပြည့်ဝ ရုံပတိတ်- ဂုဏ်နိမိတ်ကြောင့်လည်း။ (ဝိဇ္ဇာ-စရဏ–သမ္ပန္နော၊ ဝိဇ္ဇာ-စရဏ=သမ္ပန္န) ဟူသော ဂုဏ်တော်ထူးဖြင့်- ချီးကျူး အံ့ဩဘွယ်– ရှိပါပေစွ တကား။ (ဝိဇ္ဇာစရဏသမ္ပန္နော– ဝိဇ္ဇာစရဏသမ္ပန္န)ဟူသော ဂုဏ်တော်ထူးနှင့်-ပြည့်စုံတော် မူ၍၊ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုး ပူဇော်ခြင်း၄ါ ထိုက်ပါ ပေစွ–မြတ်စွာဘုရား။

( ဝိဇ္ဇာစရဏ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို။ သမ္ဗုဒ္ဓတ ရွှေဥာဏ် တော်ကြီးကို

ရှိခိုးပါ၏ ဘုရား။ ပူဇော်ပါ၏ ဘုရား။ ဆည်းကပ်ပါ၏ ဘုရား)။ ။

---

# သုဂတ–ရကန်တော်။

(သုံးခေါက်ဆို။)

သောဘဂဝါ။ ထိုဘုန်းတော်နေဝန်း။ ထွန်းလင်းတောက်ပ။ ကြီးကျယ်လှသော။ အစိန္တေယျ။ သုံးလူ့ ထွဋ်ထား။ သဗ္ဗညု – ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့ မဟာဇေယျခံ–ပြည့်နိဗ္ဗာန်ရွှေဘုံသို့၊ လေးရုံသောမဂ်–ဉာဏ်ဖြင့်၊ ထရံတခေါက်။ မပြန်ရောက် ဘဲ။ တလျှောက်တည်း……ကြွသွားတော်မူတတ်သော အကြောင်းကြောင့်ဝင်း။ ။

(၁) ရိုးသည်းမရိုး။ ကျိုးလည်းမနုပ်။ အပြစ်ထပ်သဖြင့်။ မချစ်အပ်သော- စကားတခွန်း။

(၂) ရိုးလည်းမရိုး။ ကျိုးလည်းမနုပ်။ အပြစ်ထပ်သော်လည်း ချစ်အပ်သော- စကားတခွန်း။

(၃) ဖြောင့်မှန် ရိုးလျက်။ ကျိုးမနုပ်သဖြင့်။ မချစ်အပ်သော- စကားတခွန်း။

(၄) ကျိုးကားမနုပ်။ ဖြောင့်ရိုးမတ်သဖြင့်။ ချစ်အပ်သော- စကားတခွန်း။

(၅) ရိုးလည်း ရိုးမဟုတ်။ အကျိုးနှပ်လျက်။ မချစ်အပ်သော စကားတခွန်း။

(၆) ရိုးလည်း ရိုးမဟုတ်။ ကျိုးလည်းနှပ်သဖြင့်။ ချစ်အပ်သော စကားတခွန်း။

ယင်းသို့ လောကဝေါဟာ။ ။ပြောရေစကား။ ၆ခွန်းထား သည့်တွင်။ အများတို့သည်။ မချစ်မည်ကို မြှုနည်းဆန်ကျိုး။ ကြံမရိုးဘဲ။ ရိုးမတ်ဖြောင့်သား။ အကျိုးများသော စကား တော် နှစ်ခွန်းကိုသာ။ပြဋ္ဌာန်းသမှု။မိန့်ဆိုခြင်းပြုတော်မူတတ် သော အကြောင်းကြောင့်လည်း (သုဂတော-သုဂတ) ဟူ သော ဂုဏ်တော်ထူးဖြင့် ချီးကျူး အံ့ဩဘွယ် ရှိပါပေစွ တကား။ ။(သုဂတော-သုဂတ) ဟူသော ဂုဏ်တော် ထူးနှင့် ပြည့်စုံတော်မူ၍ ပြည့်စုံတော်မူခြင်းကြောင့် ရှိခိုး- ပူဇော်ခြင်းငှာ ထိုက်ပါပေစွ၊......မြတ်စွာဘုရား။

(သုဂတဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို။ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ရှိခိုးပါ၏ ဘုရား။ပူဇော်ပါ၏ဘုရား။ဆည်းကပ်ပါ၏ဘုရား)။ ။

---

# လောကဝိဒူ—ဂုဏ်တော်

## (သုံးခေါက်ဆို။)

သောဘဂဝါ။ ထိုဘုန်းတော်နေ့ဝန်း။ ထွန်းလင်းတောက် ပ၊ ကြီးကျယ်လှသော၊ အစိန္တေယျ၊ သုံးလူ့ ထွဋ်ထား၊

သဗ္ဗညု ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့၊ ဣန္ဒြိယဗဒ္ဓ၊ ခန္ဓသဏ္ဍာန၊ ပညတ်ဖြစ်သော သတ္တဝါ အပေါင်းတို့သည်၊ ကောင်း—မကောင်းသော၊ ကုသိုလ်—အကုသိုလ်တို့၏ အကျိုးဖြစ်သော၊ ဝိပါက်— ကဋတ္တာရုပ် တို့၏ အုပ်စည်းဆက်စပ်၊ တပေါင်းတည်း ဖြစ်ဘတ်သော၊ ခပ်သိမ်းသော သတ္တလောကတို့ကို၊ အာသယ အနုသယ သို့စသော အခြင်း အရာအားဖြင့်၊ ကောင်းစွာ— သိတော် မူတတ်သော အကြောင်းကြောင့်ရင်း။ ။အနိန္ဒြိယဗဒ္ဓ၊အမှု ကလာပ်ရုပ်အပေါင်း၊ ရင်းသတ္တလောက။ သင်္ခါလောက တို့ ဖြစ်ရာ—ပျက်ရာ၊ တည်ရာ အနေ၊ မြေပြင် ရေပြင်၊ ကောင်းကင်—သမုဒ္ဒရာ၊ စကြာဝဠာ-မြင်းမိုရ်၊ ထိုထိုဗိမာန် ဘုံဆောင်၊ တေဇောတောင်ပတ်ကုန်း။ သုံးဆယ့်တဘုံ၊ အလုံး စုံသော၊ ဩကာသ လောကကို။ ပရိမာဏ အစဉ်-အလာ-သဏ္ဍာလင်းပြ ။စာရင်းဖွဲ့၍ အကြွင်းမဲ့ သိတော်မူတတ်သော အကြောင်းကြောင့်ရင်း။ ဣန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယဗဒ္ဓ၊ လောက နှစ်တန်၊ ရုပ်နှင့်နာမ်တို့၊ တရံမလစ်၊ တဖြစ်ထဲ ဖြစ်၍ နေ သော၊ သင်္ခါရလောကကို၊ သဘာဝ—ပစ္စယ—အနိစ္စ သို့ စသော အခြင်းအရာအားဖြင့်။ ပိုင်းခြားထင်ထင်။ အကြွင်းမဲ့ ကုန်စင်အောင်- သိမြင်တော်မူတတ်သောအကြောင်းကြောင့် လည်း (လောကဝိဒူ—လောကဝိဒူ) ဟူသော ဂုဏ်တော် ထူးဖြင့်၊ ချီးကျူး အံ့ဩဘွယ် ရှိပါပေစွ တကား။ (လောက ဝိဒူ လောကဝိဒူ) ဟူသော ဂုဏ်တော် ထူးနှင့် - ပြည့်စုံ တော်မူ၍ ပြည့်စုံတော်မူခြင်းကြောင့်၊ ရှိခိုး ပူဇော်ခြင်းငှာ ထိုက်ပါပေစွ......မြတ်စွာဘုရား။

(လောကဝိဒူ- ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော
မြတ်စွာဘုရားကို- သဗ္ဗညုတ-ရွှေဉာဏ်တော်ကြီးကို ရှိခိုး
ပါ၏ဘုရား။ပူဇော်ပါ၏ဘုရား။ဆည်းကပ်ပါ၏ဘုရား)။ ။

---

# အနုတ္တရော ပုရိသ ဓမ္မသာရထိ ဂုဏ်တော်

(သုံးခေါက်ဆို။)

သော ဘဂဝါ၊ ထိုဘုန်းတော် နေဝန်း၊ ထွန်းလင်း......
တောက်ပ၊ ကြီးကျယ်လှသော၊ အစိန္တေယျ၊ သုံးလူ့ထွဋ်
ထား။ သဗ္ဗညု ဘုရားရှင် ကိုယ်တော် မြတ် ကြီး သည်၊
ဣတိပိ၊ ဤသို့- တထောင်ဝါဒ၊ ဆောင်ကာမျှဖြင့်။ ပါပ–
စရိက်၊မာနစိုက်သော။ ပရိဗိုဇ်- သစ္စကနှင့်၊ပေါက္ခရသာတိ
စသော လူယောက်ျား။ ။သုစိလောမ၊ ခရလောမ၊ အာ
ဠာဝကနှင့်၊ ဒေဝ ရာဇာ- ဗက ဗြဟ္မာ စသော၊ နတ်
ယောက်ျား။ ။ရတ္တေဒယာ-မဟောဒ၊ ဒေါသပွါးစီး၊ နဂါး
ကြီးတို့နှင့်တကွ၊ စီးတော်ဆင်- နာဠဂိရိ။ သို့ စသော......
တိရိစ္ဆာန် ယောက်ျား။ ။ထိုမယဉ်ကျေးသူ၊ နတ်- လူ-
တိရိစ္ဆာန်၊ မာန်တက်သမှု၊ ရန်ဘက်ပြုသူတို့ကို၊ အတုမရှိ
သော၊ သီလ-သမာဓိ- ပညာ၊ သို့ စသော ဒေသနာဖြင့်။
ကောင်းစွာ ယဉ်ကျေးအောင် အရေးပြုလုပ်- ဟောကြား
ဆုံးမတော် မူတတ်သော၊ ဂုဏ်တော် ပုဒ်ကြောင့်လည်း

(အနုတ္တရော ပုရိသ-ဓမ္မသာရထိ။ အနုတ္တရော ပုရိသ- ဓမ္မသာရထိ)ဟူသော ဂုဏ်တော်ထူးဖြင့်။ ချီးကျူးအံ့ဩဘွယ်ရှိပါပေစွ ....တကား။ (အနုတ္တရော ပုရိသ ဓမ္မသာရထိ- အနုတ္တရော ပုရိသ ဓမ္မသာရထိ)ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍၊ ပြည့်စုံတော် မူခြင်းကြောင့်။ ရှိခိုးပူဇော်ခြင်းငှာ၊ထိုက်ပါပေစွ ......မြတ်စွာဘုရား......

(အနုတ္တရော ပုရိသ ဓမ္မသာရထိ-ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ရှိခိုးပါ၏ဘုရား။ ပူဇော်ပါ၏ဘုရား။ဆည်းကပ်ပါ၏ဘုရား)။ ။

---

# သတ္ထာ ဒေဝ မနုဿ—ဂုဏ်တော်

## (သုံးခေါက်ဆို။)

သောဘာဂဝါ၊ ထိုဘုန်းတော် နေဝန်း။ ထွန်းလင်း...... တောက်ပ၊ ကြီးကျယ်လှသော၊ အစိန္တေယျ သုံးလူ့ထွဋ်ထား၊သဗ္ဗညု ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဇုတိပိ၊ ဤသို့- နာယကဦးစီး၊ လှည့်မှူးကြီးသည်၊ သီးသီး များစွာ၊ လှည့်နေခက်ပါတို့ကို။ ဝါဋ္ဋ- စောရ- ဒုဗ္ဘိက္ခနှင့်၊ နိရုဒက ဆိုး။ ကန္တာရ အမျိုးမျိုးတို့မှ၊ သည်ပိုး ဆောင်ကြဉ်း၍၊ မင်းသို့ နေပြည်၊ ရပ်သာစည်၌၊ အတည်-မြဲမြန်၊ ထာဝရကာံ- အားဖြင့်၊ ပျော်စံစေဘို့၊ အရောက်ပို့သကဲ့သို့၊ ထို့တူမခြား။

ရှင်တော်ဘုရားလည်း။ သုံးပါးဘုံသူ၊ နတ်-**လူ**-ဗြဟ္မာ၊ ဝေနေယျာတို့အား၊ သံသရာလမ်း၊ ခရီးကြမ်း၌၊ ပင်ပန်းစွာဘိ။ ဇာတိ-ဇရာ၊ ဗျာဓိ-မရဏာ၊ ဤသို့ စသော၊ ဒုက္ခသစ္စာမျိုး အပေါင်းမှ၊အကြောင်းဖြစ်သော သမုဒယသစ္စာထို၊ ပယ်ခွါသောအားဖြင့်၊ ထုတ်ဆောင်၍၊ အောင်ဘုမ္မိနက်၊ နိရောဓသစ္စာတည်း ဟူသော ရွှေနန်းထက်သို့၊ မဂ္ဂသစ္စာ၊ ဝဲယာရှစ်စင်း၊ ထီးဖြူတော် ကျင်းပြီးလျှင်၊ မင်းခမ်းအစဉ်၊ သဘင်တော်မြတ်၊ ဝင်စံတော် မူတတ်သော အကြောင်းကြောင့်လည်း၊ (သဗ္ဗာ ဒေဝမနုဿာနံ- သဗ္ဗာ ဒေဝမနုဿ) ဟူသော ဂုဏ်တော်ထူးဖြင့်၊ ချီးကျူး အံ့ဩဘွယ် ရှိပါပေစွတကား။ (သဗ္ဗာ - ဒေဝမနုဿာနံ - သဗ္ဗာ ဒေဝ မနုဿ) ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍၊ ပြည့်စုံတော်မူခြင်းကြောင့်၊ ရှိခိုးပူဇော်ခြင်းငှာ–ထိုက်ပါပေစွ ..... မြတ်စွာ**ဘုရား**။ ။

(သဗ္ဗာ ဒေဝမနုဿ–**ဂုဏ်**တော်ထူးနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားကို သဗ္ဗညုတရွှေဉာဏ်တော်ကြီးကို ရှိခိုးပါ၏ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

---

# ဗုဒ္ဓ-ဂုဏ်တော်

## (သုံးခေါက်ဆို။)

သောဘဂဝါ- ထိုဘုန်းတော်နေဝန်း၊ ထွန်းလင်းတောက်

၁၊ ကြီးကျယ်လှသော။ အစိန္တေယျ၊ သုံးလူ့ ထွဋ်ထား။

သဗ္ဗညု ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ရှုတိပိ-ဤသို့၊ ဒုက္ခ-သမုဒယ နိရောဓ မဂ်။ လေးချက်သော သစ္စာတို့ကို၊ သံသရာလမ်း။ စခန်းမြင့်ညောင်း၊ ဘဝပေါင်းတို့က။ ကောင်းစွာ ဆည်းပူးတော်မူခဲ့သော ပါရမီတော် အဟုန်တို့ကြောင့်။ အင်စုံရလတ်၊ ဉာဏ်အရဟတ်နှင့်။သဗ္ဗညုတာ။ အတုလမှန်ကင်း။ ဉာဏ်ရောင်တော် လင်းပြိုးလျှင်။ မကြွင်းအနုမြ၊ ကိုယ်တော်လည်း သိတော်မူ၍၊ နတ်- လူ- ဗြဟ္မာ၊ ဝေနေယျာတို့အား။ ပါရမီအလျောက်။ ချီးမြှောက် လျှင်ဆော။ သိစေတော်မူတတ်သော သဘော ကြောင့်လည်း။ (ဗုဒ္ဓေါ–ဗုဒ္ဓ) ဟူသော ဂုဏ်တော်ထူးဖြင့်။ ချီးကျူး အံ့သြဘွယ်၊ ရှိပါပေစွတကား။ (ဗုဒ္ဓေါ-ဗုဒ္ဓ)ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍၊ ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုးပူဇော်ခြင်းငှာ ထိုက်ပါပေစွ……မြတ်စွာဘုရား……

(ဗုဒ္ဓ–ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ရှိခိုးပါ၏ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

---

## ဘဂဝါ–ဂုဏ်တော်

(သုံးခေါက်ဆို။)

သောဘဂဝါ၊ ထိုဘုန်းတော်နေဝန်း။ထွန်းလင်းတောက်ပကြီးကျယ်လှသော။အစိန္တေယျ။ သုံးလူ့ထွဋ်ထား။ သဗ္ဗညု

ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည်။ ရှုတိမိ- ဤသို့၊

(၁) ငယ်စေလိုက။ကိုယ်တော်မြတ်ကို။ သတ်သတ် ပါယ် ပါယ်၊ အနုမြူသဘွယ်မျှ။ အလွန် သေးငယ်စွာ ဖန် ဆင်းတော်မူနိုင်ခြင်း။

(၂) ကြီးစေ လိုက၊ မြင့်မိုရ်တပြေး။ လွန်လိုသေးလည်း။ လေးကျွန်းပတ်ဝိုက်-တိုက်စကြာဝဠာ— နရက်ရှာမှ။ ဘဝဂ်ပါကြိုး၊ လောကဓာတ်အားလုံးကို။ အုပ်ဖုံးနိုင် အောင်၊ မြင့်ခေါင် ကြီးမားသော။ ကိုယ်တော်မြတ် ကြီးကို သပ္ပါယ်စွာ ဖန်ဆင်းတော်မူနိုင်ခြင်း။

(၃) မြေကို ဖေါက်တွင်း။ ရေ ကို ခွင်း လျက်။ မြင့်မိုရ် သတ္တရဘန်၊ ပတ်ခြံလျှည်းစပ်။ အတွင်းရပ်၌ သော် လည်း။ကျဉ်းကြပ်ခြင်းမရှိ၊ပကတိမိုဃ်းပြင်။ တန်ခိုး ဆင်၍။လျှိုးဝင်ပြန်ကြွတော်မူနိုင်ခြင်း။

(၄) လိုတော်ရှိရာ၊ စကြာဝဠာအတွင်း၊ ထုတ်ခြင်းဘီလာ၊ ရပ်မျက်နှာသို့၊ လျင်စွာ ခေါက်ခေါက်၊ ကြွရောက် တော်မူနိုင်ခြင်း။

(၅) မိဋ္ဌာန် ချင်ကြည်၊စိတ်သန်ရည်တိုင်း။ မည်သည့်မဆို၊ အလိုတော်ရှိ။ ပြီးစီးတော်မူနိုင်ခြင်း။

(၆) ဗုဒ္ဓကိစ္စ။ ဘုရားဓမ္မတာ၊ ပြုထိုက်ရာတို့၌၊ လိုက်ပါ အစိုးရတော်မူနိုင်ခြင်း။

(၇) တန်ခိုး ရှုဒ္ဓိပါဒ်၊ အရပ်ရပ်တို့၌၊ နေ့ညမပြတ် သုံး သပ် လော့လာတော်မူနိုင်ခြင်း။

(၈) ပြုပြုသမျှ-ကိစ္စထိုထို၌၊ စိတ်လိုကိုယ်စိုး၊ တန်ခိုးတော် ၏ အပြီးအဆုံးသို့ ရောက်တော် မူနိုင်ခြင်း။

၁။ ယင်းသို့ အဏိမာ၊ လဃိမာ၊ အစဉ် လာသော။ မဟာဓောတိ၊ လောကီ,တန်ခိုး- ဣဒ္ဓိပါဒ် ရှစ်မျိုးနှင့် တကွ။ အစိုးရခြင်းအရာ၌၊ ပမာမှု မရသော၊ အသာဓ္ဓေဏ အရိယိဒ္ဓိ၊ ဣဒ္ဓိတကာဘို့၏ အထွဋ်အထိပ်ဖြစ်သော၊ စိတ်တော်အလို ကိုယ်တော်ပါနိုင်။ သုံးခရိုင်၌။ အဆုံးတိုင် စိုးအုပ်တော်မူနိုင် ခြင်းတည်းဟူသော။(ဣဒ္ဓိဝိဓသဿဘုန်းတော်)

၂။ မင်္ဂဖလ၊နိဗ္ဗာန်ဟူသော န၀ လောကုတ်၊ တရား တော် အချုပ်သို့။ အနုတ္တရ၊ ဥက္ကဋ္ဌမြောက်၊ ထင်ရှားစွာ ကြွရောက်တော်မူနိုင်ခြင်းတည်းဟူသော (ဓမ္မဘုန်းတော်)

၃။ ဘိုမနုဿ—ဥက္ကဋ္ဌ၌။ အနုတ္တရများ၊ ဘုရားဘုန်း ခြင့်၊ ပွင့်တော်မူပြီ—ပွင့်လာပြီဟု။ တညီတညာ။ ထက်ပြည့်ပွား တိုင်။ စက္ကဝါမဆန့်။ ပျံ့နှံ့ကျော်ဇောလျက်။ လောကဓာတ် လုံး။ ညွှတ်ရုံးနိဗဒ်။ မဆိတ်ပြတ်ဘဲ။ ပရိသာတ် အခြံအရံ များခြင်း တည်းဟူသော (ယသဘုန်းတော်)

၄။ ၀စန, ရူပ, ဉာဏ, ဣဒ္ဓိပါဒ်။ လေးရပ် ရှိန်ဝေ။ အစိဋ္ဌေဖြစ်၍။ ဇေကတိ သ၊ ကိန်းပြရုံ့ဖွဲ။ သုံးဆယ့်တခရိုင်။ ဘုံနေထိုင်သူတို့သည်။ ပြိုင်မည် တုမည်ကို မဆိုထား။စကား လေသံ။ ကြီးရုံမျှ—မကြိစည်ကောင်း။ တပေါင်းတရုံး။ ဘုန်း တော် ကံတော် ဗွေဉာဏ်တော်နှင့်။အသံတော် စကားတော် ၏ လွန်မြတ်ခြင်း။ အဆင်းတော် ရူပကာယ။ တူပမာ, မမျှ သော။ ပုဏ္ဍရဟာ- အထူးထူး။လှုသုံးဦးတို့၏ ဖူးမျှော် ပူဇော် ၍ မရောင့်ရဲနိုင်အောင်။ လွန်ကဲသော အသရေ ရှိတော်မူ ခြင်းတည်းဟူသော (သိရီဘုန်းတော်)

၅။ ကိုယ်တော်မြတ် ၏။ အတ္တဟိတ— အသဒိသ-

ဘောဂီ၊ လောကီဖြစ်သော အစီးအပွါးတော်။ ဘဝဘော အုပ်။ မသောရှုပ်စေဘဲ။ လောကုတ္တရာဖြစ်သော အစီးအပွား တော်။ သတ္တဝါ ဝေနေယျ အနန္တတို့၏ မဟန္တဘောဂီ၊ လောကီဉစ္စာ။ လောကုတ္တရာ အစီးအပွား။ ဤသို့အားဖြင့် များမြတ်သော အကျိုး အာနိသင်တို့ကို။ မငြင်မငြိုု၊ အလို တော် ရှိရာ။ လိုက်ပါ ပြီးစီးတော်မူခြင်း တည်းဟူသော **(ကာမ အုန်းတော်)**

၆။ လေးဆယ့်ငါးဝါ၊ပတ်လုံး ကြာအောင်။ဓမ္မတာလေ့။ ညဥ့်နေ့ မဟူ။ပုရေဘတ္တ။ ပစ္ဆာဘတ္တ။ ပဌမယာမ စသည် တို့၌။ဘုရားအမှု-ကိစ္စရကို။ တခုမကျန်။ တရံမယုတ်။ အား သွန်ထုတ်တော်မူခြင်းတည်းဟူသော မဟာသဿ **(ပယတ္တ အုန်းတော်။)**

ယင်းသို့–ဘဇီ–ဘဂီ။ဘာဂီဝိဘတ္တ-စသည်များစွာ။ဂုဏ် တော်တို့ကြောင့်လည်း (ဘဂဝါ–ဘဂဝါ)ဟူသော ဂုဏ် တော်ထူးဖြင့် ချီးကျူး အံ့သြဖွယ် ရှိပါပေစွ တကား။ (ဘဂဝါ–ဘဂဝါ)ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော် မူ၍ ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုး ပူဇော်ခြင်းငှာ ထိုက် ပါပေစွ...... မြတ်စွာဘုရား။

(ဘဂဝါ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို။ သဗ္ဗညုတဉာဏ်တော်ကြီးကိုရှိခိုးပါ၏ဘုရား၊ ပူဇော်ပါ၏ဘုရား, ဆည်းကပ်ပါ၏ဘုရား)။ ။

ဣတိ၊ဤသို့။ နဝဂုဏောပဟိ၊ အရဟံအစ– ဘဂဝါအဆုံး၊ အနန္တအနိုင်၊ ပြိုင်ဘက်မပေါ်။ ကိုးပါးသော ဂုဏ်တော်တို့ နှင့်၊ သမ္ပန္နံ၊ ပြည့်စုံတော်မူထသော။ နာထံ၊ ပြပဉ္စာ-နတ်လူ-

သုံးဘုံသူတို့။ ပူဇော် ကိုးကွယ်ရာ အစစ်- ဓမ္မရာဇ် မှန်ကူ။ သယမ္ဘူ ထွန်းထား၊ သဗ္ဗညု ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ ငါ—သူတပါး-ယောကျ်ား- မိန်းမ— စသည့်စွဲမှတ်။ ခေါ်ပညတ်သော်လည်း။ ပရမတ် သမုဋ္ဌာန်။ ဟုတ်အမှန်ကား။ ရုပ်နာမ်ဖြစ်ချုပ်။ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ကျေးဇူးတော်ဂုဏ်။ အံ့မကုန်ကို။ ယုံကြည်မြတ်နိုး။ လက်စုံမိုး၍။ ရှိခိုး ပူဇော်ပါ၏ မြတ်စွာဘုရား။ ဝန္ဒာမိ၊ လာဘ် ပူဇော်ကို။ မမြှော်မမှန်း—သူချီးမွမ်းစိမ့်—ရှိပန်းမဆင်—မိစ္ဆာဝင်၍။ ရှိရှင်မခိုး။ ကြောက်ရွံ့ရိုး၍။မကိုးမကွယ်။ မျိုးနွယ်စရိုက်။ လိုက်၍မကျင့်။ လွန်ကြီးမြင့်သော။ ဆင့်ဆင့်ပွားလူး။ ကျေးဇူးတော်ဂုဏ်—အလုံးစုံကို။ ယုံကြည်မြတ်နိုး။ လက်စုံ မိုး၍။ ရှိခိုးပူဇော်— ဖူးမျှော် မာန်လျော့။ ကန်တော့ပါ၏။ နေတန္တန်း—လတန္တန်းကဲ့သို့—ဘုန်းတော်- ဂုဏ်တော်— ဩဇာဏ်တော်နှင့်အသရေတော် ရှုမျှော်၍ မဆုံးနိုင်သော ဩဘုန်းတော်မြတ်ကြီးဘုရား။

---

# ဂုဏ်တော်(၉)ပါး နိဂုံးချုပ်။

(၁) အရဟံ ဂုဏ်တော်။

(၂) သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်။

(၃) ဝိဇ္ဇာစရဏ-သမ္ပန္န ဂုဏ်တော်။

(၄) သုဂတ ဂုဏ်တော်။

(၅) လောကဝိဒူ ဂုဏ်တော်။

(၆) အနုတ္တရော ပုရိသ ဓမ္မသာရထိ ဂုဏ်တော်။
(၇) သတ္ထာဒေဝ မနုဿာ- ဂုဏ်တော်။
(၈) ဗုဒ္ဓ ဂုဏ်တော်။
(၉) ဘဂဝါ ဂုဏ်တော်။

ဤသို့အားဖြင့် (၉) ပါးသော ဂုဏ်တော် အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို သဗ္ဗညုတ-ရွှေဉာဏ်တော်ကြီးကို ရှိခိုးပါ၏ဘုရား။

(အထူးမှတ်ချက်) ဘုရားဂုဏ်ကိုသိမှ၊ ဘုရားဂုဏ်ကို ရမှ၊ ဘုရားကြည်ညိုမှုစေင်တတ်မည်။

## တရားဂုဏ်တော်ခြောက်ပါး။

သွာက္ခာတော ဘဂဝ တာ ဓမ္မော။ သန္ဒိဋ္ဌိကော၊ အ-
ကာလိကော။ ဧဟိပဿိကော။ ဩပ နေယျိကော။
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။ ။

## သွာက္ခာတာ–ဓမ္မဂုဏ်တော်။

(သုံးခေါက်ဆို။)

ဘဂဝတာ၊ ဣဿရိယ၊ စသည့်ခြောက်ပုံ၊ ဂုဏ်အသဒိသ ဝိသမကြောင့်။ ဘိဘဂဝလုံး။ ညွတ်လာချီးရသော၊ ရွှေဘုန်းတော် မြတ်ဘုရားရှင်သည်။ အက္ခာတော၊ ဒေသနာဉာဏ်၊ ဝေဖန်ပညတ်၊ ဟောကြားတော်မူအပ်သော။ ဓမ္မော၊ သ-ပရိယတ်။ မဂ်ဖိုလ်မြတ်နှင့်။ ဓာတ်အသင်္ခတာ။ ဆယ်ဖြာသော တရားတော်မြတ်သည်။ သွာက္ခာတော၊ ကလျာဏာဒိ၊ မဇ္ဈိ

မန္တာ၊ကေဝလသမ္ပဒါန်။ သံ-သုဒ္ဓဂိုဏ်း။ ကရိုဏ်း နိဂ္ဂဟိတ်။ နှိပ်-လွှတ်-လေး-ပေါ့-တင်း-လျော့-ရှည်-တို။ ဖြတ်- စပ်— ဟု ဆိုအပ်သော။မဂဓရိရ်သား-ဘာသာအားဖြင့်။ ဆယ်ပါးသော ဗျဉ္ဇန-ဗုဒ္ဓိနှင့်ညီစွာ။ သဒ္ဒါခြောက်ချက်။ အနက်ခြောက်နည်း။ မလည်း မလိပ်၊ မပိတ်မကွယ်။ ဝိပ္ပါယ်တည့်မတ်။ ပရိယတ်ကို။ လှည့်ပတ် ကောင်းမွန်စွာ ဟောကြားတော်မူခြင်း။ ။ မဂ်၏ဥာဏ်၊ ဒွေးအန္တကို။ ဆံမျှမကပ်။ မဇ္ဈိမ ပဋိပတ်ဖြင့်။ ပညတ်ဟောကြားတော်မူခြင်း။ထွိ-ဘွယ် ပုပ်သိုး။ ဟှောင်သည့်အိုးကို။ အားကြီးသွန်ထုတ်။ မီးဖြင့်ပုတ်သို့။ သမုစ္ဆေဖြတ်။မဂ်ဖြင့်သတ်ပြီး။ပဿဓိပဟာန်။ ဖိုလ်မီးလျှံဖြင့်။ တဖန်ပယ်သိမ်း။ ယနံ့မှ် မရှိန်းစေရကား။ ငြိမ်းပြီးသော ကိလေသာ။ ရှိကြောင်းရာကို။ ကောင်းစွာ ပညတ် ဟောကြားတော်မူခြင်း။ ။နိဗ္ဗုရူဝ-ပူပသမုတ်၊ အမတဓာတ်ရော။ ပုဒ်သဘောကို။ ဟုတ်သော အလျှောက်။ ချီးမြှောက် ဟောကြားတော်မူခြင်း။ ။ယင်းသို့ ကလျာဏတျ။သတ္ထ သဗျဉ္ဇနာ။အစဖြာလျက်။ သုအာချာပုဒ်- သုဋ္ဌုံအက္ခရာ၊ အနက်လာသော အကြောင်းကြောင့်လည်း။ (သွာက္ခာတော-သွာက္ခာတ)ဟူသော ဂုဏ်တော်ထူးဖြင့်၊ချီးကျူးအံ့ဩဘွယ်ရှိပါပေစွတကား။(သွာက္ခာတော-သွာက္ခာတ)ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍ ပြည့်စုံတော်မူခြင်းကြောင့် ရှိခိုး ပူဇော်ခြင်းငှာ။ထိုက်ပါပေစွ...... တရားတော်မြတ်ဘုရား။

(သွာက္ခာတ — ဂုဏ်တော်ထူးနှင့် ပြည့်စုံတော် မူသော ဓမ္မက္ခန္ဓာတော်မြတ်အပေါင်းကို။ ရှိခိုးပါ၏ဘုရား ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

# သန္ဒိဋ္ဌိက ဓမ္မဂုဏ်တော်။

(သုံးခေါက်ဆို)

ဘဂဝတာ၊ ဣသရိယ၊ စသည့်ခြောက်ပုံ ဂုဏ်အသဒိသ၊ ပိသမကြောင့်။ တိဘဝလုံး၊ ညွတ်လာရှိုးရသော။ ရွှေဘုန်းတော်မြတ်-ဘုရားရှင်သည်။ အက္ခာတော၊ ဒေသနာဉာဏ်ဝေဘန်ပညတ်။ ဟောကြားတော် မူအပ်သော။ ဓမ္မော သပရိယတ်။ မဂ်-ဖိုလ်မြတ်နှင့်။ ဓါတ် အသခ်တာ ဆယ်ဖြာသော တရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော။ ကိလေမှောင်ကို။ မဂ်ရောင်နေဝန်း။ ထွန်းခဲ့တိုင်းလျှင်။ ကိုယ်တိုင်ပင်တည့်။ သခင်ဒိဋ္ဌာ၊ ရှင်ရိယာတို့။ သဒ္ဒါလေးမြတ်။ ရှုမြင်အပ်သောကြောင့်ဝင်း။ ပသဗ္ဗနက်၊ သံကထွက်ကလည်း။ မဂ်ယှဉ်သောအား။ ဖိုလ် ကား ဟိတ်ခံ။ မြတ် နိဗ္ဗာန် ကား။ အာရမ္မဏိက၊ ပိဇယရန်နှိပ်။ သမာဓိဋ္ဌိဖြင့်၊ ခဲကြိတ်ဖွဲ့စွာ။ ငြိပွေလာသား။ ကိလေသာယုတ်။ ရန်အဇုတ်ကို။ တမဟုတ်ချင်း။ ချတ်စင်းမြဲမြန်။ အောင်ပွဲတော် ခံအပ်သော အကြောင်းကြောင့်လည်း၊ (သန္ဒိဋ္ဌိကော-သန္ဒိဋ္ဌိက)ဟူသော ဂုဏ်တော်ထူးဖြင့်။ ချီးကျူးအံ့ဩဘွယ်ရှိပါပေစွ-တကား။ (သန္ဒိဋ္ဌိကော-သန္ဒိဋ္ဌိက) ဟူ သော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍-ပြည့်စုံတော်မူခြင်းကြောင့်။ ရှိ ခိုး ပူ ဇော် ခြင်းငှာ ထိုက်ပါပေစွ...... တရားတော်မြတ်ဘုရား။

(သန္ဒိဋ္ဌိက – ဂုဏ်တော်ထူးနှင့် ပြည့်စုံတောင်မူသော၊ ဓမ္မက္ခန္ဓာတော်မြတ်အပေါင်းကို ရှိခိုးပါ၏ဘုရား ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ ဘုရား)။ ။

# အ–ကာလိက မေဋ္ဌဂုဏ်တော်။

(သုံးခေါက်ဆို။)

ဘဂဝတာ၊ ဣသရိယ၊စသည်ခြောက်ပုံ၊ဂုဏ်အသဒိသ ဝိသမကြောင့်။ တိဘဝလုံး။ ညွတ်လာ ရုံးရသော ရွှေဘုန်တော်မြတ်–ဘုရားရှင်သည်။ အက္ခာတော၊ ဒေသနာ ညာဏ်။ ဝေဘန်ပညတ်။ ဟောကြားတော် မူအပ်သော မေဋ္ဌာ၊ သ-ပရိယတ်၊ မဂ်ဖိုလ်မြတ်နှင့်၊ ခတ်အသခ်တာ ဆယ်ဖြာသော တရားတော် မြတ်သည်။ အ–ကာလိကော လက်ပစ်တတွက်၊ လျှပ်တပျက်နှင့်။ မျက်တောင်တခတ်၊ ( တန့်ရပ်ဘဲ၊ ခဏတ္တယသမင်္ဂီ၊ညီ-မဂ်ပုဂ္ဂိုလ်။ဆိုရုံဆိုပြီး။ဖိုလ် ဖလဌာန်၊ ပစ္စယုပ္ပန်ကို၊ အနန္တရသတ္တိ၊ ပေးနိုင်စွမ်း ရှိတော် မူသော အကြောင်းကြောင့်လည်း (အ-ကာလိကော၊ အ ကာလိက) ဟူသော ဂုဏ်တော်ထူးဖြင့်။ ချီးကျူး အံ့ဩ ဘွယ် ရှိပါပေစွ တကား။(အ–ကာလိကော၊ အ-ကာလိက) ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍။ ပြည့်စုံတော် မူခြင်းကြောင့်၊ ရှိခိုးပူဇော်ခြင်းငှာ ထိုက်ပါပေစွ....... တရား တော်မြတ်ဘုရား။

(အ-ကာလိက-ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော မေဋ္ဌက္ခန္ဓာတော်မြတ်အပေါင်းကို။ ရှိခိုးပါ၏ဘုရား။ပူဇော်ပါ၏ ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

# ဧဟိပဿိက ဓမ္မဂုဏ်တော်။

(သုံးခေါက်ဆို။)

ဘဂဝတာ၊ ဣဿရိယ၊စသည်ခြောက်ပုံ၊ ဂုဏ်အသဒိသ ဝိသမကြောင့်၊ တိဘဝလုံး၊ ညွှတ်လာရှိုးရသော၊ ရွှေဘုန်းတော်မြတ်–ဘုရားရှင်သည်။ အက္ခာတော။ ဒေသနာဉာဏ်ဝေဘန်ပညတ်။ ဟောကြားတော်မူအပ်သော။ ဓမ္မာ၊ သ–ပရိယတ်။ မဂ်ဖိုလ်မြတ်နှင့်။ ဓာတ်အသင်္ခတာ၊ ဆယ်ဖြာသော တရားတော်မြတ်သည်။ ဧဟိ-ပဿိကော။ဆိုး-နှင်းမြူ–တိမ်။သူရိန်-မီးခိုး။ ရန်မျိုးနှင့် မကြိမ်ရကား၊ နိမ္မလလက္ခဏာ။စကြာလမင်း၏။တင့်တယ်ခြင်းအသရေကဲ့သို့ရင်းဝေပုလ္လတောင်ဖြစ်။မဏိစစ်-ဇောတရ။ မနောဟရ-ပတ္တမြားကဲ့သို့ရင်း။ ထင်ရှားလှစွာ။ ရှိစပါ၏။ လာလှည့်ပါကြ–ရှုလှည့်ကြဟု ပြအံ့သော အစီအရင်ကိုထိုက်ခြင်းရှိတော်မူသောအကြောင်းကြောင့်လည်း၊ (ဧဟိပဿိကော–ဧဟိပဿိက) ဟူသော ဂုဏ်တော်ထူးဖြင့်–ချီးကျူး အံ့ဩဘွယ် ရှိပါပေစွတကား။ (ဧဟိပဿိကော–ဧဟိပဿိက) ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍။ ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုးပူဇော်ခြင်းငှာ ထိုက်ပါပေစွ……တရားတော်မြတ်ဘုရား။

(ဧဟိပဿိက- ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော ဓမ္မက္ခန္ဓာတော်မြတ်အပေါင်းကို ရှိခိုးပါ၏ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

# ဩပနေယျိကာ-ဓမ္မဂုဏ်တော်။

## (သုံးခေါက်ဆို။)

ဘဂဝတော ဣဿရိယ။စသည့်ခြောက်ပုံ။ ဂုဏ်အသဒိသ ဝိသမကြောင့်။ တိဘဝလုံး။ ညွတ်လာရှုံးရသော။ ရွှေဘုန်းတော်မြတ်- ဘုရားရှင်သည်။ အက္ခာတော ဒေသနာဥာဏ်။ ဝေဘန်ပညတ်။ ဟောကြားတော် မူအပ်သော။ ဓမ္မော၊ သ—ပရိယတ်။မဂ်—ဖိုလ်မြတ်နှင့်။ ခုတ်အသခ်တာ၊ ဆယ်ဖြာသောတရားတော်မြတ်သည်။ ဩပနေယျိကော၊မဂ်လေးတန်ကား၊ နိဗ္ဗာန်သာခေါင်။ ဘေးမဲ့သောင်သို့။ ဘောင်တော်ယာဉ်တွင်။ ရိယာရှင်တို့ကို။ ဆောင်တင်ပို့ရန်။ ကူးတို့ခံ၏။ နိဗ္ဗာန်ဖိုလ်ကား၊ ထိုရှင်များကို။ ထင်ရှား လျှင်ဆော မျက်မှောက် ပြုသောအားဖြင့်၊ ဆောင်တော် မူပေသောသဘောကြောင့်လည်း (ဩပနေယျိကော-ဩပနေယျိက) ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူးအံ့ဩဘွယ် ရှိပါပေစွတကား။ (ဩပနေယျိကော ဩပနေယျိက) ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍။ ပြည့်စုံတော်မူခြင်းကြောင့်၊ ရှိခိုးပူဇော်ခြင်းငှာ ထိုက်ပါပေစွ......တရားတော်မြတ်ဘုရား။

(ဩပနေယျိက-ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော ဓမ္မက္ခန္ဓာတော်မြတ်အပေါင်းကို ရှိခိုးပါ၏ဘုရား။ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

# ပစ္စတ္တံဝေဒိတဗ္ဗ—ဓမ္မဂုဏ်တော်။
(သုံးခေါက်ဆို။)

ဘဂဝတော၊ ဣသရိယ၊ စသည် ခြောက်ပုံ။ ဂုဏ် အသဒိသ။ ဝိသမကြောင့်။တိဘဝလုံး။ ညွှတ်လာရုံးရသော ဩဝါဘုန်းတော်မြတ်-ဘုရားရှင်သည်။ အကျွာတော၊ ဒေသနာ ဉာဏ်၊ ဝေဘန်ပညတ်။ ဟောကြားတော် မူ အပ် သော။ ဓမ္မော။ သန်္ဒိရ—သဏ္ဌ၊ ဩကာသ—ဟု။ လောကတွင်ထက်။ လွန်မြတ်၍ ထွက်ပေသော၊ မဂ်—ဖိုလ်—နိဗ္ဗာန်— ကိုးတန် ဝိမုတ်။ လောကုတ္တရာ။ မည်တော်သာသား၊ အရိယာဖြစ် ငွား။ မြတ်တရားသည်။ ဝါ။မြတ်တရားကို။ဝိညူဟိ၊ ညဏ်ခွဲ တညူ။ အစမှုသော။ နတ်လူဖြပ္ပဌာ။ လေးသစ္စာကို— ထင်စွာ မြင်သိ။ ပညာရှိတို့သည်။ ပစ္စတ္တံ၊ ကိုယ်စီ ကိုယ်စီ— ပါရမီ ရင်းနှီး။ ကြီးခဲ့သည့် အလျောက်။ လက်ရောက် ထင်ရှား။ သိတရားကို။ အခြားသူ့ ထံ၊ တရံတဆစ်။ ငှါးရမ်း၍ မဖြစ် ရကား၊ စင်စစ် အသီးအသီး။ မိမိတို့ စိတ်၌။ ဝေဒိတဗ္ဗော။ ပဋ္ဌာမြားလက်တင်။ ဖြက်ဖြက်မြင်၏သို့။ ထင်ထင်ရှားရှား။ တရားဆိနှစ်။ ရောက်အပ်, သိအပ်, ခံစားအပ်သည့်, ဖြစ် သောအကြောင်းကြောင့်လည်း (ပစ္စတ္တံ ဝေဒိတဗ္ဗော- ပစ္စတ္တံ ဝေဒိတဗ္ဗ)ဟူသော ဂုဏ်တော်ထူးဖြင့်—ချီးကျူး အံ့ဩဘွယ် ရှိပါပေစွ-တကား။ (ပစ္စတ္တံ ဝေဒိတဗ္ဗော—ပစ္စတ္တံ ဝေဒိ တဗ္ဗ) ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍ ပြည့်စုံတော် မူခြင်းကြောင့်။ ရှိခိုး ပူဇော်ခြင်း၄ါ ထိုက်ပါပေစွ……တရား တော်မြတ်ဘုရား။

(ပစ္စုတ္တံဝေဒိတဗ္ဗ-ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော ဓမ္မရတနာတော်မြတ်အပေါင်းကို၊ ရှိခိုးပါ၏ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား။

---

ဣတိ၊ ဤသို့။ ဆဟိဂုဏောပေတိ၊ သွာက္ခာတစသော ခြောက်ပါးသောဂုဏ်တို့နှင့်၊ သမ္ပန္နံ- ပြည့်စုံတော်မူထသော။ ဓမ္မံ-မဂ်လေးတန်၊ ဖိုလ်လေးတန်-နိဗ္ဗာန်ပရိယတ်ဆယ်ပါးသော တရားတော်မြတ်ကို။ အဟံ- ငါ-သူတပါး၊ ယောကျ်ားမိန်းမ-စသည်ဖွဲ့မှတ်၊ ခေါ်ပညတ်သော်လည်း။ ပရမတ် သဘောဓာန်၊ ဟုတ်အမှန်ကား၊ ရုပ်-နာမ် ဖြစ်ချုပ်၊ အကျဉ်းချုပ်သည်။ ဝန္ဒာမိ၊ တရားတော်ဂုဏ်-အံ့မကုန်ကို။ ယုံကြည်မြတ်နိုး-လက်စုံမိုး၍။ရှိခိုးပူဇော်ပါ၏ တရားတော်မြတ်ဘုရား။ ။ဝန္ဒာမိ။လာဘ်ပူဇော်ကို။မမျှော်မမှန်း- သူချီးမွမ်းစိမ့်-ရှုပန်းမဆင်-မိစ္ဆာဝင်၍၊ ရှိရှင်မခိုး- ကြောက်ရွံ့စိုး၍။ မကိုးမကွယ်-မျိုးနွယ်စရိုက်- လိုက်၍မကျင့်- လွန်ကြီးမြင့်သော၊ ဆင့်ဆင့်ပွားလျှူး၊ ကျေးဇူးတော်ဂုဏ်၊ အလုံးစုံကို။ ယုံကြည်မြတ်နိုး၊လက်စုံမိုး၍၊ရှိခိုးပူဇော် ဖူးမျှော်မာန်လျော့။ ကန်တော့ပါ၏။ မဂ်-ဖိုလ်-နိဗ္ဗာန်။ ကိုးတန်ပရမတ် တရားတော်မြတ်ဘုရား။

---

## တရားဂုဏ်တော်(၆)ပါးနိဂုံးချုပ်။

(၁) သွာက္ခာတ ဓမ္မဂုဏ်တော်။
(၂) သန္ဒိဋ္ဌိက ဓမ္မဂုဏ်တော်။

(၃) အ-ကာလိက ဓမ္မဂုဏ်တော်။
(၄) ဧဟိပဿိက ဓမ္မဂုဏ်တော်။
(၅) ဩပနေယျိက ဓမ္မဂုဏ်တော်။
(၆) ပစ္စတ္တံ-ဝေဒိတဗ္ဗ ဓမ္မဂုဏ်တော်။

ဤသို့အားဖြင့်- ခြောက်ပါးသော ဂုဏ်တော် အပေါင်းနှင့် ပြည့်စုံတော်မူသော မဂ်ဖိုလ်နိဗ္ဗာန်။ ကိုးတန်သတ်မှတ်၊ တရားတော်မြတ်ကို။ ဝါ– မဂ်လေးတန်- ဖိုလ်လေးတန်- နိဗ္ဗာန်ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်ကို ရှိခိုးပါ၏ဘုရား။

**(အထူးမှတ်ချက်) တရားဂုဏ်ကိုသိမှ။ တရားဂုဏ်ကိုရမှ။ တရားအားထုတ်တတ်မည်။**

ဤအထက်ပါ ဗုဒ္ဓဘာသာအစစ် ရသောက်မြစ် တရားဒေသနာတော်ကြီးများကို။ ပါဠိ,အနက်, အဓိပ္ပါယ်, ဈာန်ကရိဏ်း,ကျနစွာ သင်အံလေ့ကျက် ဆောင်ရွက် မှတ်သား၍ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါလျှင် မိမိခေါင်းပေါ်မှာ သာသနာ တည်ရှိသည် ဟူ၍မှတ်။ ကိုယ်စိတ် နှလုံး သုံးပါးလုံး၌လည်း သာသနာတော် အုပ်ဖုံး ကိန်းဝပ်တော်မူသဖြင့်။သာသနာတွင်းလူဖြစ်ရခြင်းအကျိုးနပ်သည်ဟူ၍မှတ်။

ဒါန-သီလ-ဘာဝနာ–ကမ္မဋ္ဌာန်း–အဓိဋ္ဌာန်– ပဋ္ဌာန်းဂိုဏ်းတော်ကြီး အသီးသီးသော အလုပ်စခန်းတို့၌လည်း (ဒါသိမှ အကျိုးရှိကြမည်။) ဒါမသိက ဘာမျှ အကျိုးမရှိ။ ငွေကုန်လူပန်းပြီး။ ရှုးနှမ်းနှမ်း- အရကြောင်ကြောင် ဖြစ်တတ်သဖြင့် နည်းမှန်-လမ်းမှန်–စနစ်တကျ သိရှိနားလည်ကြရန်။ အလွန်အရေးကြီးပေသည်။

# သံဃဂုဏ်တော် ၉ ပါး။

သုပ္ပဋိပန္နော-ဘဂဝတော-သာဝက-သံဃော။ ဥဇုပ္ပဋိပန္နော ဘဂဝတော-သာဝကသံဃော။ ဉာယပ္ပဋိပန္နော-ဘဂဝတော သာဝကသံဃော။ သာမီစိ-ပ္ပဋိပန္နော။ ဘဂဝတော-သာဝက သံဃော၊ ယဒိဒံ စတ္တာရိ ပုရိသ-ယုဂါနိ-အဋ္ဌပုရိသ-ပုဂ္ဂလာ။ ဧသ-ဘဂဝတော-သာဝက-သံဃော။ အာဟုနေယျော၊ ပါဟု နေယျော။ ဒက္ခိဏေယျော-အဉ္ဇလိကရဏီယော၊ အနုတ္တရံ- ပုညက္ခေတ္တံ-လောကဿာတိ။

---

## သုပ္ပဋိပန္န-သံဃဂုဏ်တော်။

(သုံးခေါက်ဆို)

ဘဂဝတော တုန္နိုင်းမမြင်။ ဘုန်းခြောက်အင်နှင့်။ ရုံလင် ပြည့်ဝတော်မူသော။ အစိန္တေယျ။ သုံးလူ့ထွဋ်ထား။ သဗ္ဗညူ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ သာဝကသံဃော။ ဓမ္မ- ဝိနယ-သြဝါဒ-ထုတ်ပြန်၊ မိန့်တော်သံကို၊ နာခံ၍ ကျင့်တော် မူတတ်သောကြောင့်- သာဝက- အယူ သီလ။ ညီမျှစွာ တောင်း၊ ကိုယ်-နှုတ်- စိတ်မပြောင်းမူ၍ ပေါင်းဖေါ်တော်မူ တတ်သောကြောင့်။ သံဃော၊ ဤသို့သော ဂုဏ် သဏ္ဍာ ကြောင့်။ တုလျာမိကရဏ၊ သမာသ်ရသား။ ပရမတ္ထအစစ်။ ဖြစ်၍ဖြစ်သော။ ရှစ်ပါးသော သာဝက အရိယာ၊ သံဃာ တော်မြတ်အပေါင်းသည်။ သုပ္ပဋိပန္နော၊ ပရိဋ္ဌာဟ။ ဓါဝရ

# သတိ–သတိ–သတိ။

၁။ အစ–အလယ်–အဆုံး အားလုံး ဖြတ်ဖြတ် သွား
သွား–အပြန်အလှန်ဘတ်။
၂။ ဘတ်ပြီးလျှင် သိအောင် တတ်အောင်ကျက်မှတ်။
၃။ သိလျှင်–တတ်လျှင်–အောင်မြင်အောင်လုပ်။
၄။ အောင်မြင်လျှင်–ဣဿာသယ–ပြည့်ဝစုံလင်ရမည်။
၅။ ဣဿာသယ– အကုန်ရလျှင်– လောကီလောကုတ်
နိဗ္ဗာန်တိုင် နိဂုံးချုပ်မည်။

ရတနာ့ဘုံဆရာတော်။

---

## ဗုဒ္ဓဝါဒ–ကမ္ဘာ့ဆွာဘုန်းတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

### ပါရာဇိကကဏ်ပါဠိတော်။

တေန သမယေန, ဗုဒ္ဓေါ ဘဂဝါ, ဝေရဉ္ဇာယံ,ဝိဟရတိ, နဠေရုပုစိ မန္ဒမူလေ, မဟတာ ဘိက္ခု သံဃေန, သဒ္ဓိံ ပဉ္စမတ္တေဟိ,ဘိက္ခုသတေဟိ၊ အဿောသိခေါ, ဝေရဉ္ဇော, ဗြာဟ္မဏော၊သမဏော ခလု ဘော ဂေါတမော သကျပုတ္တော, သကျကုလာ ပဗ္ဗဇိတော- ဝေရဉ္ဇာယံ ဝိဟရတိ နဠေရု ပုစိ မန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခု သတေဟိ၊ တံခေါပန ဘဂဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။ ။

ပြောင်ငြီး။ လောင်သည့်မီးကို။ မိုးစင်းကြီးဖြန်းလတ်။ ငြိမ်းအောင် သတ်သို့။ ပရမတ် ပညတ်-လျှည်းစပ်ရုံးပေါင်း။ အေးငြိမ်းကြောင်းဖြင့်။ ကောင်းစွာ ဟောကြားတော်မူအပ်သောနယူပဒေသ၊ ဓမ္မ၊ ဝိနယာ၊ ဒေသနာတော်ကို။ ရိုသေစွာ နာမှတ်၍၊ ကောင်းမြတ်စွာ ကျင့်တော်မူတတ်သောအကြောင်းနိမိတ်ကြောင့်လည်း ( သုပ္ပဋိပန္နော-သုပ္ပဋိပန္န ) ဟူသောဂုဏ်တော်ထူးဖြင့်၊ ချီးကျူးအံ့ဩဘွယ် ရှိပါပေစွ တကား။ (သုပ္ပဋိပန္နော သုပ္ပဋိပန္န) ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍။ ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုးပူဇော်ခြင်းငှာ။ ထိုက်ပါပေစွ...... သံဃာတော်မြတ်ဘုရား။

(သုပ္ပဋိပန္န- ဂုဏ်တော်ထူးနှင့် ပြည့်စုံတော် မူသော သာဝက-အရိယာ-သံဃာတော်မြတ်အပေါင်းကို။ ရှိခိုးပါ၏ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

---

## ဥဇုပ္ပဋိပန္န–သံဃဂုဏ်တော်။

(သုံးခေါက်ဆို။)

ဘဂဝတော-တနှိုင်းမဖြင်၊ ဘုန်းခြောက်အင်နှင့်။ စုံလင်ပြည့်ဝတော်မူသော။အစိန္တေယျ-သုံးလူ့ထွဋ်ထား၊သဗ္ဗညူဘုရားရှင် ကိုယ်တော်မြတ်ကြီး၏၊ သာဝကသံဃော။ ဓမ္မ-ဝိနယ-ဩဝါဒ- ထုတ်ပြန်။မိန့်တော်သံကို၊နာခံ၍ ကျင့်တော်မူတတ်သောကြောင့်- သာဝကာ၊ အယူ-သီလ။ ညီမျှစွာ

တောင်း။ ကိုယ်-နှုတ်— စိတ်— မပြောင်းမှု၍။ ပေါင်းပေါ တော် မှုတတ်သောကြောင့်- သံဃာ၊ ဤသို့သော ဂုဏ် သန္တာကြောင့်။ ဒုလ္လာမိကရဏ၊ သမာသ်ရသား။ပရမတ္ထ အစစ်-ဖြစ်၍ဖြစ်သော။ရှစ်ပါးသောသာဝကအရိယာ။သံဃာ တော်မြတ် အပေါင်းသည်။ ဥဇုပ္ပဋိပ္ပန္နော၊ ကာမသုခလ္လိကာ။ အတ္တကိလမထာ၊ ယုတ်မာသော တရားနှစ်ပါးသို့ လား ကပ်ခြင်းမရှိ။ စောင်းကြိုးညှိ၏သို့။ မဇ္ဈိမ-ပဋိပဒါ၊ အရိယာ အင်ညီ၊ အဋ္ဌင်္ဂီဖြင့်။စဉ်စီမထောင့်။ ဖြောင့်မတ် ရိုးသားသည့် နှင့် ညီစွာ။ ငါလာရှေ့နောက်။ တွေ့ကောက် မှောက်ထုတ်။ သဘောယုတ်သား။ ဂေါမုတ်သဏ္ဌာယ်။ ဝ-လယ်-ဆုံးများ သုံးပါးသော ဒွါရဝင်္ကို၌၊ ကောက်ခြင်း။ စန္ဒလေခ။ လ ရေး သဏ္ဌာယ်။ အလယ်အများ။ နှစ်ပါးသော ဒွါရဝင်္ကို၌ ကောက် ခြင်း။နင်္ဂလ-ကောင်း။ လောက်အသုံး။ ထယ် ထွန်တုံးကဲ့သို့။ အဆုံး အများ။ တပါးသော ဒွါရဝင်္ကုံ ကောက်ခြင်း။ ယင်းသို့။ မာယာ-သာဌေယျ။ ကိလေသာအကျိန်၊ တွေ့ကောက်ပိမ် တို့ကို။ပယ်နှိမ်သမှု။ဖြောင့်မတ်စွာ ကျင့်ဆောင်မှုတတ်သော အကြောင်းကြောင့်လည်း။(ဥဇုပ္ပဋိပ္ပန္နော-ဥဇုမှန်ပွန်)ဟူသော ဂုဏ်တော်ထူးဖြင့်။ ချီးကျူးအံ့ဩဖွယ် ရှိပါပေစွ တကား။ (ဥဇုပ္ပဋိပ္ပန္နော-ဥဇုမှန်ပွန်) ဟူသော ဂုဏ်တော် ထူး နှင့် ပြည့်စုံတော်မူ၍။ ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုး ပူဇော် ခြင်းငှာ။ထိုက်ပါပေစွ သံဃာတော်မြတ်ဘုရား။

(ဥဇုပ္ပဋိပ္ပန္နော- ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော အရိယာ-သာဝက- သံဃာတော်မြတ်အပေါင်းကို၊ ရှိခိုးပါ၏ ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

# ဉာယပ္ပဋိပန္နော—သံဃဂုဏ်တော်၊

(၁၃ ခေါက်ဆို။)

ဘဂဝတော-တုနိုင်းမဖြင်။ ဘုန်းခြောက်အင်နှင့်၊ စုံလင်ပြည့်ဝတော်မူသော။အခါပ်နေ့ ယျ။သုံးလူ့ထွဋ်ထား။ သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ သာဝကသံဃာ၊ ဓမ္မ—ဝိနယ-ဗုဒ္ဓဝါဒ-ထုတ်ပြန်။မိန့်တော်သံကို။ နာခံ၍ ကျင့်တော်မူတတ်သောကြောင့်-**သာသနာ**။အသျှသီလ၊ညီမျှစွာတောင်းကိုယ် နှုတ်-စိတ်မပြောင်းမူ၍၊ ပေါင်းဖေါ်တော်မူတတ်သောကြောင့် သံဃာ ဟုသို့သော ဂုဏ်သဏ္ဍာန်ကြောင့်။ ထုလျှာမိကရဏာ။သမာသ်ရသား။ ပဋမတ္တအစစ်။ ဖြစ်၍ ဖြစ်သော။ ရှစ်ပါးသော သာဝကအရိယာ၊ သံဃာတော်မြတ် အပေါင်းသည်။ ဉာယပ္ပဋိပန္နော၊ အသင်္ခတတ်၊ နိဗ္ဗာန်မြတ်ကို၊ ဆပ်ဆပ်ကြကန်။ ပုထုဇဉ်ကြ၊ ဉာဏ်မြင်မျက်စိ။ မရှိ၍လျှင်။ မသိမြင်လည်း။ ကောင်းကင်တိမ်စွန်း။ ထင်နံ့ထင်နံ့ထွန်းသား၊ လဝန်းပမာ။ အရိယာတို့။ သိသာရကား။ တရား-ပရမတ်၊ မြင့်မြတ်စွာသူ။ နိဗ္ဗာန်ကို။ဉာယ-ဆို၏။ ထိုနိဗ္ဗာန်။ ထိုဉာယကို၊ တောင့်တခြော်မှန်း။ ကျင့်ကြံပမ်းတော်မူသော၊ စွမ်းသန်စွာသူ၊ သဘာဝ ကြောင့်လည်း ( ဉာယပ္ပဋိပန္နော — ဉာယပ္ပဋိပန္န) ဟူသော ဂုဏ်တော်ထူးဖြင့်။ ချီးကျူး အံ့သြဘွယ် ရှိပါပေစွ— တကား။ (ဉာယပ္ပဋိပန္နော—ဉာယပ္ပဋိပန္န) ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍၊ ပြည့်စုံတော်မူခြင်းကြောင့်-ရှိခိုးပူဇော်ခြင်းငှာ။ ထိုက်ပါပေစွ.....သံဃာတော်မြတ်ဘုရား။

(ဥာယမ္ဗုဒ္ဓိပုဗ္ဗန္နဲ — ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော သာဝက-အရိယာ-သံဃာတော်မြတ်အပေါင်းကို။ ရှိခိုးပါ၏ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

# သာမိစိပ္ပဋိပ္ပန္နော-သံဃဂုဏ်တော်။

(သုံးခေါက်ဆို။)

တဂဝတော-တုန္ဒိုင်းမပြင်။ ဘုန်းခြောက်အင်နှင့်။ စုံလင်ပြည့်ဝတော်မူသော။ အစိန္တေယျ။ သုံးလူ့ ထွန်း ထား။ သဗ္ဗညု ဘုရားရှင် ကိုယ် တော် မြတ် ကြီး ၏။ သာဝက သံဃော။ ဓမ္မ-ဝိနယ သြဝါဒ-ထုတ်ပြန်။ မိန့်တော်သံကို။ နာခံ၍ ကျင့်တော်မူတတ်သောကြောင့်။ **သာဝကာ၊** အယုသီလ။ ညီမျှစွာတောင်း၊ ကိုယ်-နှုတ် စိတ်မပြောင်းမူ၍။ ပေါင်းဖေါ်တော်မူတတ်သောကြောင့်-**သံဃာ၊** ဤသို့သော ဂုဏ်သဏ္ဌာကြောင့်။ တုလျာမိကရဏ။ သမာသ်ရသား။ ပရမတ္ထအစစ်။ ဖြစ်၍ ဖြစ်သော။ ရှစ်ပါးသော သာဝက အရိယာ၊သံဃာတော်မြတ်အပေါင်းသည်။ သာမိစိပ္ပဋိပ္ပန္နော။ ပဋိပြဒ္ဓက္ခပ်။ တရားကွပ်လျက်။ အဏ္ဏွတ် ဗဟိဒ္ဓ။ ကိုယ်-နှုတ်-စိတ်၌။ အဘိဇ္ဈာနှိ။ စသည်သမ္ဘဇဉ်။ အမြဲယှဉ်ပြီး။ အကြွင်ပဋိပါတ်။ တရားမြတ်ကို။ သူမလို၍။ ကိုယ့်အသက်ပင်။ ပျက်ပ စေကာ။ ဩဒ္ဓာတာမရှု။ လွန်ကဲစွာ ပြုကျင့်တော်မူတတ်သောသတ္တိကြောင့်လည်း။ (သာမိစိ-ပ္ပဋိပ္ပန္နော- သာ

မိစ-ပ္ပဋိမ္မန္နံ) ဟူသော ဂုဏ်တော်ထူးဖြင့်။ ချီးကျူး အံ့ဩ ဘွယ်ရှိပါပေစွတကား။ (သာမိစိ-ပ္ပဋိပ္ပန္နော-သာမိစိ-ပ္ပဋိမ္မန္နံ) ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍၊ ပြည့်စုံတော် မူခြင်းကြောင့်။ ရှိခိုးပူဇော်ခြင်းငှာ ထိုက်ပါပေစွ ....သံဃာ တော်မြတ်ဘုရား။

(သာမိစိ-ပ္ပဋိပ္ပန္န-ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော သာဝက-အရိယာ-သံဃာတော်မြတ် အပေါင်းကို၊ ရှိခိုးပါ၏ ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

ယဒိဒံ၊ ယာနိ၊ ဌာမာနိ၊ ပုဂ္ဂလာနိ။ ဤပုဂ္ဂိုလ်တို့သည်။ စတ္တာရိ။ သောတာပန်စသောအားဖြင့်။ လေးပါးကုန်သော။ ပုရိသ-ယုဂါနိ။သူ့မင်္ဂ-သူ့ဖိုလ်။ ကိုယ်စီ မြောက်ပွားအပ် သော ယောကျာ်းမြတ်အစုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဋ္ဌ၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးပါး။ ဖလဋ္ဌာန် ပုဂ္ဂိုလ် လေးပါး အားဖြင့်။ ရှစ်ပါးကုန်သော။ ပုရိသ,ပုဂ္ဂလာ။ လောမဟံသ ဘယဆန္တို။ သောပဟိ ဖြစ်တော်မူသော။ အာဇာနည် ယောကျာ်းမြတ် ပုဂ္ဂိုလ်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

---

## အာဟုနေယျ-သံဃာဂုဏ်တော်။

(သုံးခေါက်ဆို။)

ဘဂဝတော-တုန္နိုင်းမပြင်။ ဘုန်းခြောက်အင်နှင့်။ စုံလင် ပြည့်ဝတော်မူသော။ အာ ဗိ နေ ယျ။ သုံးလူ့ ထွန်ရှားအ

သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ သေ- သေသော၊ သာဝက သံဃော၊ ထိုအစုံအားဖြင့်လေးပါး။ ပုဂ္ဂိုလ်အား ဖြင့် ရှစ်ပါး။ အတိုင်းအရှည်ရှိကုန်သော။ သာဝကအရိယာ။ သံဃာတော်မြတ် အပေါင်းသည်။ အာဟုနေယျော။ ဂဗ္ဗုန် နဂါး။ သိကြား-ဗြဟ္မာ။ စကြာမန္ဓာတ်။ လောကတ္တယာ၊ နတ်နှင့် တကွလူ။ ခပ်သိမ်းသူကို့သည်။ ပူဇော်ဘွယ် အမျိုးမျိုးတို့ ဖြင့်။ ကောင်းကျိုး အာနိသင်။ ကြီးမြတ်အင်ကို။ မြော်မြင် တွေးဆ။ အကြွေးချ၏သို့။ အဝေးမှဆောင်ယူခါ။ လှူဒါန်း လာသည့်ကိုသော်လည်း။ ကရုဏာရှေ့ရှု။ ခံယူသုံးဆောင် တော်မူခြင်းကို ပြုတော်မူထိုက်သော အကြောင်းကြောင့် လည်း (အာဟုနေသျော အာဟုနေယျ) ဟူသောဂုဏ်တော် ရေးဖြင့်။ချီးကျူး အံ့ဩဘွယ် ရှိပါပေစွ……တကား။(အာဟု နေယျော-အာဟုနေယျ)ဟူသော ဂုဏ်တော်ထူးနှင့် ပြည့် စုံတော်မူ၍။ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုးပူဇော်ခြင်းငှာ- ထိုက်ပါပေစွ---- သံဃာတော်မြတ်ဘုရား။

(အာဟုနေယျ- ဂုဏ်တော်ထူးနှင့် ပြည့်စုံတော် မူသော သာဝက—အရိယာ သံဃာပေါင်းမြတ်အပေါင်းတို့၊ ရှိခိုးပါ၏ ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

---

# ၎ါဟုနေယျ-သံဃဂုဏ်တော်။

(သုံးခေါက်ဆို။)

ဘဂဝတော၊ တုန္နိုင်းမမြင်။ ဘုန်းခြောက်အင်နှင့်၊ ရုံလင် ပြည့်ဝတော် မူသော အဓိပ္ပါယ်မျ။ သုံး လူ့ ထွင်ရ ထား။

သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ ဝေသ—ဝေသော။ သာဝက သံဃော။ ထိုအဝုံအားဖြင့်၊ လေးပါး၊ ပုဂ္ဂိုလ်အား ဖြင့်၊ရှစ်ပါး။အဘိုင်းအရှည်ရှိကုန်သော။ သာဝက အရိယာ၊ သံဃာတော်မြတ် အပေါင်းသည်။ ပါဟုနေယျော၊ ဉာတိ သဟာယ။ မနာပဗန္ဓူ၊ အာဂန္တု ခရီးသွား။ သူတပါးတို့ အား။မှန်းထားဆက်ဆက်။ ညွတ်ပြီးသော ပစ္စည်းဖြစ်လျက် လည်း၊ ဖျက်၍ အားသန်။ လှူဒါန်း ပူဇော်ခြင်းငှာ။ ကျော် ကန်ခြင်း။ ခံယူသုံးဆောင်ခြင်းငှာလည်း ထိုက်ခြင်း၊ ပရမိတ် မှုနေ့။ ရသော ပုဏ္ဏားစသော အားဖြင့်၊ များစွာသော အလှူ ခံတို့၏။ လှူရန်များလည်း။ ပစ္စည်းကို ယူဆောင်၍၊ ယခေါင် လက်မှန်၊ တမလွန်ရည်မှတ်၊ ပေးလှူအပ်ခြင်း စသော၊ ခပ် သော အပြား အားဖြင့်၊ ပွား များ ဆောင် ယူ၊ ပေးစွန့် လှူသည်ကို၊ ခံယူသုံးဆောင်ခြင်းငှာ ထိုက်ခြင်း၊ ယင်းသို့ လှူတတ်၊ လှူအပ်၊ သူမြတ်တို့ဝတ်၊ မချွတ်စေမူ၊ ပေးလှူခံ ယူခြင်းကို ပြုတော်မူတတ်သော အကြောင်းကြောင့်လည်း။ (ပါဟုနေယျော-ပါဟုနေယျ) ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူး အံ့ဩဘွယ် ရှိပါပေစွ-တကား။ (ပါဟုဏေယျော— ပါဟုဏေယျ)ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍။ ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုး ပူဇော်ခြင်းငှာ။ ထိုက်ပါ ပေစွ—သံဃာတော်မြတ်ဘုရား။

ပါဟုနေယျ- ဂုဏ်တော်ထူးနှင့် ပြည့်စုံ တော် မူ သော သာဝက--အရိယာ-သံဃာတော်မြတ်အပေါင်းကို။ ရှိခိုးပါ၏ ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။ ။

# ဒက္ခိဏေယျ- သံဃရတ်တော်၊

## (သုံးခေါက်ဆို။)

ဘဂဝတော-တုန္နိုင်းမမြင်၊ ဘုန်းခြောက်အင်နှင့်။ ရုံလင်ပြည့်ဝတော်မူသော၊ အစိမ္မေယျ၊ သုံးလူ့ ထွဋ်ထား။ သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ သေ- ဌသော၊ သာဝက-သံဃော၊ ထိုအရုံအားဖြင့် လေးပါး။ ပုဂ္ဂိုလ်အားဖြင့်ရှစ်ပါး၊ အတိုင်းအရှည်ရှိကုန်သော၊ သာဝကအရိယာ သံ ဃာ တော် မြတ် အပေါင်းသည်။ ဒ က္ခိ ဏေ ယျော၊ သီလဝန္တ၊ ဥက္ကဋ္ဌဖြစ်သော၊ ပုဂ္ဂလဝိသိဋ္ဌ၊ ရတ်နိမိတ်ကြောင့်၊ နိဗ္ဗာန် ဆောက်ဦ၊ ဖြစ်စိမ့်ပဲ့ဟူ၍ အလှူ ပရမတ်၊ ပေးလှူအပ်ခြင်း၊ဆက်ကပ်ကြည်လင်၊ ဒါနရှင်တို့အားလည်း၊ နိသင်စီးပွါး။ ကြီးမားမြင့်မြတ်သည်ကို ပြုတော်မူတတ်ခြင်း၊ ယင်းသို့ ဒက္ခိဏာ အရဟာ၊ ဒက္ခိဏာပဋိဂ္ဂဟ၊ ပြုဆိုတော်မူအပ်သော၊ ပုဒ်အနက် သဘောကြောင့်လည်း၊ (ဒက္ခိဏေယျော၊ ဒက္ခိဏေယျ)ဟူသော ဂုဏ်တော်ထူးဖြင့်၊ ချီးကျူးအံ့သြဘွယ် ရှိပါပေစွ-တကား။ (ဒက္ခိဏေယျော— ဒက္ခိဏေယျ) ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်ပုံတော်မူ၍၊ ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုး ပူဇော် ခြင်း၌ ထိုက်ပါပေစွ...... သံဃာတော်မြတ်ဘုရား။

(ဒက္ခိဏေယျ- ဂုဏ်တော်ထူးနှင့် ပြည့်စုံတော် မူသော သာဝက အရိယာ သံဃာတော်မြတ်အပေါင်းကို။ ရှိခိုးပါ၏ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ဘုရား)။

# အဉ္ဇလိကရဏီယျ-သံဃဂုဏ်တော်။

## (သုံးခေါက်ဆို။)

ဘဂဝတော၊ တုနှိုင်းမမြင်-ဘုန်းခြောက်အင်နှင့်။စုံလင်ပြည့်ဝတော်မူသော၊အာဝိဇ္ဇေယျ။သုံးလူ့ထွဋ်ထား။ သဗ္ဗညူဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ဧသေ—ဧသော၊ သာဝကသံဃော၊ထိုအရုံအားဖြင့် လေးပါး။ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး၊ အဘိုင်း အရှည်ရှိကုန်သော။ သာဝက အရိယာ။ သံဃာတော်မြတ် အပေါင်းသည်။ အဉ္ဇလိ,ကရဏီယျော၊မြေပြင်-ရေပြင်-ဝေဟင်ပတ်ကုန်း။သုံး လောကဓာတ်။ နတ်နှင့်တကွသော လူအပေါင်းတို့သည်။ ရွှေဖယောင်း- ရွှေဆီမီးတို့ကို၊ ညီးညီးပြောင်ရွှန်း၊ တပြိုင်တည်း ထွန်းသကဲ့သို့၊ သွန်းသွန်းပြောင့်မတ် ကြား, ညွှပ်, ကြဲ, ဖဲ၊ ကွဲ့,လွဲ့,ရှောနောက်၊ ထက်အောက် ကွာဝေး, မရွေး မကုတ်၊ မဆုတ် မတက်။ အစုံသော လက်နှစ်ဘက်တို့ကို၊ ဦးခေါင်းထက် အရောက်ညီစေ၍၊မြှောက်ချီပြီးလျှင်။ရှိပန်ဆင်သည်ကိုရင်း။ ပဥ္စပတိဋ္ဌိတ၊ ငါးဝသော ထိမျိုးဖြင့်၊ ရှိခိုးခြင်း ဝန္ဒနာကံကို၊ ခံထိုက်သော၊ ဝေ ဏော ယျ ခေတ္တဂီ၊ အစဉ် ညီ သော ကြောင့် လည်း။ (အဉ္ဇလိကရဏီယော- အဉ္ဇလိ ကရဏီယျ) ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူးအံ့ဩဘွယ်ရှိပါပေစွ-တကား။(အဉ္ဇလိကရဏီယော-အဉ္ဇလိ ကရဏီယျ)ဟူသော ဂုဏ်တော်နှင့်ပြည့်စုံတော်မူ၍၊ ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုး ပူဇော်ခြင်းငှာ ထိုက်ပါပေစွ......သံဃာတော်မြတ်ဘုရား)

(အဋ္ဌလိ ကရဏီယျ– ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူသော သာဝက အရိယာ- သံဃာတော်မြတ် အပေါင်းကို။ ရှိခိုးပါ၏ ဘုရား။ ပူဇော်ပ ါ၏ ဘုရား။ ဆည်းကပ်ပါ၏ ဘုရား)။ ။

---

# ပုညခေတ္တ လောကဿ သံဃာဂုဏ်တော်။

(သုံးခေါက်ဆို။)

ဘဂဝတော။ တုနှိုင်းမမြင်၊ ဘုန်းခြောက်အင်နှင့်။ ဝုလင်ပြည့်ဝတော်မူသော။အစိန္တေယျ သုံးလူ့ထွဋ်ထား။ သဗ္ဗညု ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။သေ–ဇသော။ သာဝက- သံဃော။ ထိုအစုံအားဖြင့်လေးပါး၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး။ အတိုင်းအရှည်ရှိကုန်သော သာဝက အရိယာ သံဃာတော် မြတ် အပေါင်းသည်၊ အနုတ္တရံ၊ သီလအစရှိသော ဂုဏ်တို့ ကြောင့်၊ တစုံ တယောက်သော သူနှင့်မျှ။ အတူအဖက် မဟုတ်သော။ လောကဿ ပုညခေတ္တံ၊ ဘူမေဒနီ၊ မြေသိ ဩဇာ၊ ပြန့်ပြောစွာသော၊ လယ်တာ မြေကောင်းသည်။ အပေါင်း ပရိသတ်၊ မင်းမှူးမတ် စသည်တို့၏၊ သဗ္ဗိုဿာဿယ အလျောက်။ကောက်ပဲစသော မျိုးစေ့တို့ ကျဲချောက်သဖြင့်။ အညှောင့်အညွန့်၊ ဖြိုးဖွံ့ပင်စည်၊ ရွှင်ကြည်ခက်လက်၊ မြေ ဩဇာ တက်ရကား၊ ပြည့်နက်တုတ်ခွန်၊ အလွန် မြိန်မြတ်

သော၊ သီးနှံအရသာဖြစ်၍။ နှစ်သက်ပျော်နေ။ ချမ်းသာစေ သကဲ့သို့။ ဝိသေသပုဒ်။ အသီးထုတ်အပ်သော၊ သု-ပ္ပဋိပ္ပန္န တာဒိ၊ အရိယာဂုဏ်ဆိ၊ ရုံညီလှစွာ။ သံဃာတော် တည်းဟူ သော မြေကောင်းသည်၊ အပေါင်းသတ္တဝါ၊ ဗြဟ္မာနတ်လူ။ သုံးဘုံသူတို့၏ ပေးလှူခြင်း ဒါန၊ သီလ၊ သရဏဂုံ၊ အလုံးစုံ သော ကောင်းမှုမျိုးတို့ကို။ အားကြီးသွန်ထုတ်၊ စိုက်ကြဲ မြုပ်တိုင်းပင်။ သုပ္ပဋိပန္န၊ စသည် ထက်မျက်။ ဂုဏ်ဆိတက် ၍။ခက်လက်သီးပွင့်။ကြီးရင့်သည်။တန္တု၊ လူ့စည်းစိမ်-နတ် စည်းစိမ်တို့ကို။ အရှိန်ငြီးငြီး။ ခံစံပြီးစေ၍။ အသီးတည်းဟူ သော မဂ်ဖိုလ်မှ။ ချိုမြိန်လှစွာ။ ဝိမုတ္တိရသာတည်းဟူသော၊ အ-နာ-သေ- ပျောက်ခြင်း မရှိ။ အတိသုခ။ အတုလသိဝံ၊ ပြည်မွန်အောင်ခန်း။ နိဗ္ဗာန်နန်း၌၊ စံမြန်းပျော်နေ။ ချမ်းသာစေ နိုင်သော။ မြေကောင်း သဒိသ။ အရိယတန်ခိုး၊ကောင်းမှုမျိုး တို့ကို၊ စိုက် ပျိုး ကြဲ မြုပ် ရာ ဂုဏ်။ လွန် ပြည့် စုံ သော ကြောင့်လည်း။ (ပုညခေတ္တ- လောကဿ။ပုညခေတ္တ-လော ကဿ) ဟူသော ဂုဏ်တော်ထူးဖြင့်။ ချီးကျူး အံ့သြဘွယ် ရှိပါပေစွ-ဘကား။ (ပုညခေတ္တ-လောကဿ-ပုညခေတ္တ လောကဿ) ဟူသော ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ၍။ ပြည့်စုံတော်မူခြင်းကြောင့်။ ရှိခိုး ပူဇော်ခြင်းငှာ ထိုက်ပါ ပေစွ...... သံဃာတော်မြတ်ဘုရား။

(ပုညခေတ္တ- လောကဿ- ဂုဏ်တော်ထူးနှင့် ပြည့်စုံ တော်မူသော သာဝက-အရိယာ-သံဃာတော်မြတ်အပေါင်း ကို။ ရှိခိုးပါ၏ဘုရား။ ပူဇော်ပါ၏ဘုရား။ ဆည်းကပ်ပါ၏ ဘုရား)၊

ဣတိ-ဤသို့-နဝဂုဏောပေတံ။ သုမ္ဗန္ဓိပဗ္ဗန္ဓ။ စသည် အပြား။
ဂုဏ်ကိုးပါးတို့ဖြင့်။ ဝိသုတံ၊ ဘဝဂ်, နရက်။အောက်, ထက်
ဗိလာ။ စကြာဝဠာမဆန့်။ ပျံ့နှံ့ကျော်စောခြင်း ရှိတော်မူ
သော။ အနေက ဂုဏ သမ္ဗန္ဓံ၊ စတုပဋိ သမ္ဘိဒါ၊ ဆဠာ ဘိညာ-
အဋ္ဌ သမာပတ္တိ၊အစရှိသောအားဖြင့်။ များမြတ်သော ကျေး
ဇူးတော်၊ ဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော။
အဋ္ဌအရိယ—သာဝကသံဃံ။ ဘဝသံသရာ၊ ဆက်တိုင်းပါ
သား။ ကိလေသာယုတ်။ အနာဂုတ်ကို။ နှုတ်နိုင်လိုသော။
ထိုသဘောဖြင့်။ မေမ္ဗာသဓ။ ဩဇာနက်လေး။ အမြိုက်ဆေး
ကို၊ တိုက်ကျွေးတိုင်းပင်။ ကြည်လင် ဝမ်းမြောက်၊ သုံး
သောက်မြဲမြန်။ကျင့်ကြံတော်မူတတ်သောကြောင့်။သာဝက
ကိလေသာမာရ်။ ကိုယ်တွင်းရန်ကို။ ဉာဏ် ဝရဇိန်မဂ်။
မိုးကြိုးစက်ဖြင့်။ ပယ်ဖျက် ခုတ်ထွင်။ သုတ်သင် ရှင်းလင်း
တော်မူတတ်သောကြောင့်။ သံဃာတော် သို့ ခေါ်ဝေါ်အပ်
သော။ ရွှေရင်တော်နှစ်။ သားတော်စစ်- ရှစ် ပါး သော
သာဝကအရိယာ၊သံဃာတော်မြတ်အပေါင်းကို။ အဟံ၊ ငါ
သူတပါး ယောကျ်ား-မိန်းမ။ စသည်ခွဲမှတ်၊ ခေါ် ပညတ်
သော်လည်း၊ ပရမတ် သမုဒ္ဒါန်၊ ဟုတ်အမှန်ကား။ ရုပ်နာမ်
ဖြစ်ချုပ်-အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ သုံးဃာတော်ဂုဏ်။ အုံ့
မကုန်ကို၊ ယုံကြည်မြတ်နိုး၊ လက်စုံမိုး၍။ ရှိခိုး ပူဇော်ပါ၏
သံဃာတော်မြတ်ဘုရား။ ဝန္ဒာမိ၊ လာဘ်ပူဇော်ကို၊ မမြော်
မမှန်း—သူချီးမွမ်းစိမ့်- ရှိပန်းမဆင်-မိစ္ဆာဝင်၍။ ရှိရှင် မခိုး၊
ကြောက်ရွံ့ရိုး၍။ မကိုးမကွယ်။ မျိုးနွယ်စရိုက်။ လိုက်၍
မကျင့်။ လွန်ကြီးမြင့်သော။ ဆင့်ဆင့် ပွားလျှး။ ကျေးဇူး

တော်ဂုဏ်။ အလုံးစုံကို။ ယုံကြည်မြတ်နိုး၊ လက်စုံမိုး၍။ ရှိခိုးပူဇော်။ ဖူးမျှော်မာန်လျှော့။ ကန်တော့ပါ၏။ ရိယာသွယ်ဝင်-သံဃာတော် အရှင်မြတ်ဘုရား။

---

## သံဃာဂုဏ်တော်(၉)ပါးနိဂုံးချုပ်။

(၁) သုပ္ပဋိပန္န- သံဃာဂုဏ်တော်။
(၂) ဥဇုပ္ပဋိပန္န- သံဃာဂုဏ်တော်။
(၃) ဉာယပ္ပဋိပန္န- သံဃာဂုဏ်တော်၊
(၄) သာမီစိပ္ပဋိပန္န- သံဃာဂုဏ်တော်။
(၅) အာဟုနေယျ-သံဃာဂုဏ်တော်။
(၆) ပါဟုနေယျ-သံဃာဂုဏ်တော်။
(၇) ဒက္ခိဏေယျ သံဃာဂုဏ်တော်။
(၈) အဉ္ဇလိ ကရဏီယျ သံဃာဂုဏ်တော်။
(၉) ပုညက္ခေတ္တလောကဿ-သံဃာဂုဏ်တော်။

ဤသို့ အားဖြင့် ၉-ပါးသော ဂုဏ်တော် အပေါင်းနှင့် ပြည့်စုံတော်မူသော မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် လေးပါး။ ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးပါး ရှစ်ပါးသော သာဝက အရိယာ သံဃာတော်မြတ်အပေါင်းကို ရှိခိုးပါ၏ဘုရား။

(အရေးမှတ်ချက်) သံဃာဂုဏ်ကို သိမှ။ သံဃာဂုဏ်ကို ရမှ။ သံဃာကို ကြည်ညို ပူဇော်တတ်မည်။

ထိုနောက်နဲ ခက်ခဲသော ဗုဒ္ဓဘာသာ အခြစ် ရှေသောက် မြစ် တရား ဒေသနာ ဂုဏ်တော်ထူးကြီးများကို အကျွရ

တလုံး ဘုရားတဆူ ကြည်ဖြူစွာ ကိုးကွယ်ရစ် ကြဟု ဗုဒ္ဓဘုရား မိန့်ကြားခြင်း ပြုသောကြောင့် ရိုသေစွာ ကျက်မှတ်သား၍၊ ရိုသေစွာ သိမ်းထားကြရမည့်အပြင်၊ နောင်လာ အစဉ်၌လည်း၊ ပရိယတ္တိ သာသနာ၊ ကြီးပွားရာ ကြီးပွား ကြောင်း အတွက် သီတင်းနေ့တိုင်း ဤဂါထာတော်ကြီးများ ကို ပုံနှိပ်ဝေငှနိုင်ရန် အလွန်အရေးကြီးပါသဖြင့် တဦးတည်း ဖြစ်စေ၊ ရပေါင်း၍ဖြစ်စေ။ ဓမ္မဒါန ကုသိုလ် ပါဝင်ကြရန် တပည့်တိုင်း တာဝန်ယူကြရမည်။ ၎င်းပါဠိအနက်အဓိပ္ပါယ် သံသယမရှင်းမလင်းသောသူများနှင့် ရွတ်ပုံ ရွတ်နည်း, သံ နေ သံထား၊ ဈာန်,ကရိုဏ်း, ကျနစွာ သင်ယူလိုသောသူများ သည် ဆရာတော်ထံတွင် ဝင်ရောက် လျှောက်ထားလျှင် ဘွင်းဘွင်းနှင့် ရှင်းရှင်းကြီး ဟောကြားပြသမည်။

ရတနာပုံ ဦးတိလောက
မြန်မာပြည် သာသနာပြု ဓမ္မကထိက အဖွဲ့ကြီး၊
ရတနာပုံ ပိဋကတ်တိုက်သစ်
ဟံသာဝတီကွက်သစ်- ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

## အရဟံဂုဏ်တော်ထူးကြောင့်

တပြည်နှင့် တပြည် ချစ်မေတ္တာကူးသန်း၍ ရွှေလမ်းငွေလမ်း ဖွင့်ပြီးလျှင် မဟာမိတ် ဆက်သွယ်ကြသော—ဓာတ်နိပါတ်တော်။

---

မဇ္ဈိမတိုင်း—ရာဇဂြိုဟ်ပြည်မှာ၊ ဗိမ္ဗိသာရမင်းကြီး ထီး နန်းအုပ်ချုပ် မင်းလုပ်တော် မူသည့်အခါ။ ပစ္စန္တရစ်တိုင်း

တက္ကသိုလ်ပြည်မှာလည်း၊ ပဏ္ဍုသာတိမင်းကြီးတို့ ထီးဖြိုင် နန်းဖြိုင်-ကြွှန်းဆင်လျက်-မင်းပြုတော်မူကြရာ၊ အစဉ် အလာ-တက္ကသိုလ်ပြည်မှ ကုန်သည် များစွာတို့သည်။ ရာဇဂြိုဟ်ပြည်သို့သွားပြီး။ အရောင်းအဝယ် ပြုလုပ်ကြလေသည်။ သို့ကလို ရောင်းဝယ်ပေါက်ကားရင်း။ ဘုရင်မင်းမြတ်ထံသို့ အခစားဝင်ကြရာ၊ တိုင်းကြီးပြည်ကြီးရှင်- ဘုရင်ဗိမ္ဗိသာရ မင်းကြီးက၊ အမောင်ကုန်သည်များတို့ ....ဘယ်တိုင်း ဘယ် ပြည်ကလာ၍ ဘာကုန်များရောင်းကြသနည်း။ ဘာကုန်များ ဝယ်ကြသနည်း။ သင်တို့တိုင်းပြည်မှာ- ငြိမ်းချမ်း သာယာ ဝပြောပါ၏လော-မေးတော်မူသောအခါ။ ကုန်သည်များစွာ တို့သည်၊ ရှိခိုးဦးတင်၍-မှန်လှပါ ဘုန်းတော်ကြောင့်-တက္က သိုလ်ပြည်မှ လာကြောင်းပါဘုရား။ နိုင်ငံမြို့ရွာ သာယာဝ ပြောကြောင်းပါဘုရားနှင့် လျှောက်ထားသံတော်ဦး တင်ကြ ရာ။ ဘုရင်မင်းမြတ်ကလည်း၊ ဝမ်းမြောက်တော်မူလှသဖြင့်။ သင်တို့၏ တက္ကသိုလ် ပြည်ကြီးရှင် ဘုရင် မင်းမြတ်မှာ၊ အဘယ် အမည် ရှိပါသလဲ၊ တရားသဖြင့် မင်းပြုပါ၏လော။ အသက်အရွယ်တော်မှာ-ဘယ်လောက်ရှိပါပြီလဲ-ဆက်လက် ၍ မေးတော်မူပြန်ရာ။ ကုန်သည်များစွာတို့သည် မှန်လှပါ- ဘုန်းတော်ကြောင့် အကျွန်ုပ်တို့ အရှင်သခင် ဘုရင်မင်းမြတ် သည်၊ ပဏ္ဍုသာတိမင်းကြီးဟူ၍ အနိုးအဝေး ကျော်စောပါ သည်ဘုရား။ သင်္ဂဟဝတ္ထုများကိုရင်ဝယ်သားကဲ့သို့သနားချစ်ခင် ပြီး၊ မင်းကျင့်တရားဆယ်ပါး တရားနှင့်အညီ-မင်းပြုပါသည် ဘုရား။ အသက်အရွယ်တော်မှာကား၊ အရှင်မင်းမြတ်၏ အ ရွယ်တော်လောက်ပင်ရှိပါသေးကြောင်းနှင့် ဉာကျွှောင်း ညွှတ်

သွား၍ သံတော်ဦး တင်ကြလေသည်။ ဗိမ္ဗိသာရ မင်းကြီး မှာလည်း။ အဆွေတော် ပက္ကုသာတိမင်း၊ မင်းကျင့်တရား ဆယ်ပါး လက်မလွှတ်ဘူးဆိုတဲ့ သတင်းကောင်းကို ကြား ရသည့်အခါ။ များစွာနှစ်သက်တော်မူလှသဖြင့်။ မဟာမိတ် ဖွဲ့တော်မူလိုသောစိတ်များသည်။ တဖွားဖွားဖြစ်ပေါ်၍လာ တော်မူသည်။ကုန်သည်အများတို့- သင်တို့ လျှောက်ထား ချက်ကို၊ ငါဘုရင်မင်းမြတ် ကြားတော်မူရတာ။ လွန်စွာပင် ဝမ်းမြောက်လှကြောင်း။'အသက်အရွယ်တော်အားဖြင့်လည်း ငါကိုယ်တော်မြတ်နှင့် တူမျှသည် ဆိုသောကြောင့်။ ငါ ကိုယ်တော်မြတ်သည် သင်တို့ ဘုရင်နှင့် ရာဇမဟာမိတ် ဖွဲ့ တော်မူလိုတယ်။ ဤကိစ္စကို သင်တို့ စွမ်းနိုင် ကြပါမည် လော..... မေးတော်မူသည့်အခါ။ ကုန်သည် များစွာတို့သည် ဝမ်းမြောက် ဝမ်းသာနှင့် မှန်လှပါ။ ဘုန်းတော်ကြောင့် မင်း နှစ်ပါးအကြား-မဟာမိတ်ဖွဲ့ရန် စာချွန်တော်များကို ဆက် သ-တင်သွင်းရန် ဝန်မလေးပါကြောင်း။ စွမ်းဆောင်နိုင်သော ကုန်သည်များဖြစ်၍။အရှင်သခင်ဘုရင်မင်းမြတ်ကြီး၏ အလို တော်ကြ စိတ်တော် ဆန္ဒပြည့်ဝအောင်- ဆောင်ရွက်တော် မူပါမည် ဘုရား။

ကုန်သည်များ တင်လျှောက်သောစကားကို။ ဗိမ္ဗိသာရ မင်းကြီးကြားလေသော်။ ဝမ်းသာတော်မူသဖြင့် မောင်မင်း တို့ ငါ၏ နိုင်ငံတော်အတွင်းသို့ သွင်းယူလာသော အသင် တို့၏ကုန်များကို အခွန်တော်အကောက်တော်မှ ကင်းလွတ် စေ.......နေထိုင်တည်းခိုဘို့ရန် အိမ်များ ကိုလည်း။ ဆိုင်ရာ ဝန်များက စီမံခန့်ခွဲ၍ပေးစေ၊ သင်တို့ နိုင်ငံသို့ ပြန်ခါနီးကျ

လျှင်၊ ငါကိုယ်တော်မြတ်ထံ ဝင်ရောက် ခစားလှည့်ကြဦးလို့ မိန့်မှာတော်မူပြီးလျှင်။ ကုန်သည်များကို မိန့်ကြား၍ လွှတ်တော်မူလိုက်လေသည်။

တက္ကသိုလ်ကုန်သည်များလည်း မိမိတို့အရောင်းအဝယ်ကိစ္စပြီးစီး၍၊ပြန်ခါနီးအခါတွင် ဘုရင်မင်းမြတ်ထံ ဝင်ရောက်ခစားပြီး ပြန်ကြမည့် အကြောင်း စကားကို လျှောက်ထားကြရာ၊ဘုရင်မင်းမြတ်ကလည်း၊ ငါ၏စကားဖြင့် ကျန်းခန့်-သာယာတော်မူကြောင်းကို သင်တို့ ဘုရင်မင်းမြတ်အားလျှောက်ထားကြလေ။ နှစ်ပြည့်တပြည်– ရွှေလမ်း ငွေလမ်းပေါက်၍၊ရာဇမဟာမိတ် ဖွဲ့လိုကြောင်းကိုလည်း သံတော်ဦးတင်ကြလေဟု- မိန့်ဆိုခြင်းပြုတော်မူသည့်အခါ၊ ကုန်သည်များစွာတို့သည် အလွန်ဝမ်းသာကြပြီးလျှင်။ မှန်လှပါ့ဘုရား။ ဘုန်းတော်ကြောင့်- ဘုရင်ထီးဘုရား၏ မိန့်ဟပြောကြား အမိန့်တော်စကားကို ဦးထိပ်ရွက်ပန်ဆင်၍၊ တက္ကသိုလ်ပြည်သို့ ရောက်လျှင် ရောက်ခြင်း၊ ပက္ကုသာတိမင်းကြီးအား ပြန်ကြား လျှောက်ထားပါမည့်အကြောင်း။ ရွှေဘဝါး တော်အောက် ရှိခိုးသံတော်ဦးတင်–လျှောက်ထား အသနားတော်မြတ်ခံပါကြောင်းပါဘုရား။ ။ထိုကဲ့သို့ ဘုရင်မင်းမြတ်နှင့်ကုန်သည် အလီလီ အဝဝ ပြောဆိုကြပြီးလျှင်။ ကုန်သည်များသည်။ မိမိတို့ဌာနီ တက္ကသိုလ်ပြည်သို့ ပြန်လည်ဆိုက်ရောက်၍ လာကြလေသည်။

ထိုအခါ– ရာဇဂြိုဟ်ပြည် ကုန် သည် များ မှာ လည်း။ တက္ကသိုလ်ပြည်သို့သွားပြီး။ အရောင်းအဝယ်များ ပြုလုပ်ကြပြီးလျှင်။ ပြည့်ရှင် ဘုရင်မင်းမြတ်ထံ အခစားဝင်ရောက်ကြ

ရာ။ ရှေးနည်းအတိုင်းပင် လက်ဆောင် စကားတော်များ ကို မှတ်သား၍။ ကိုယ့်တိုင်း ကိုယ့်ပြည်သို့ အသီးသီး ပြန် လည် ရောက်ရှိကြလေသည်။

ရှေးရှေးသော မင်းကောင်း မင်းမြတ်တို့သည် တပြည်နှင့် တပြည်- ကူးသန်းရောင်းဝယ်ခြင်း။ ထွက်ကုန်ဝင်ကုန် အ ကောက်ယူခြင်းတို့ကိုပြုကြ၏။မင်းနှစ်ပါးတို့သည်။ တပြည့် တပြည်မှ ကုန်သည်များကို အကြောင်းပြုပြီး။ တဦးနှင့်တဦး မတွေ့ မမြင်ဘူးဘဲနှင့် အထူး ခင်မင်တဲ့- ဒဋ္ဌမိတ္တ အဗ္ဗှ သဟာယ—ရာဇမဟာမိတ်ကြီး ဖြစ်နေကြလေသည်။

ဗိမ္ဗိသာရမင်းကြီးကလည်း။ အကြည်တော် ပက္ကုသာ တိမင်းကြီးထံ-စာတမန် အပြန်အလှန်ပေးကြရာ။ အကြည် တော်- အကြည်တော်တို့၏ ပဏ္ဏာရစ် အရပ်မှာ။ ထူးမြတ် သော ရတနာများကို တွေ့ရှိပါလျှင်။ အကျွန်ုပ်အား မမေ့ပါ နှင့်လို့ သံတမန် စေလွှတ်တော်မူလိုက်သည်။ ပက္ကုသာတိ မင်းကြီးကလည်း။ ထို့အတူ-အဆွေတော်- အဆွေတော်တို့ ၏ မဇ္ဈိမဒေသအရပ်ဆိုသည်မှာ။ တိုင်းကြီး ပြည်ကြီးများ ပင်ဖြစ်ပါ၍၊ထူးမြတ်သော ရတနာ-အစစ်အမှန်ကြီးများကို တွေ့ရှိပါလျှင်။ အကျွန်ုပ်အား မမေ့ပါနှင့်လို့ ဗိမ္ဗိသာရ မင်းကြီးထံ သံကြီး-တမန်ကြီးများစေလွှတ်၍။အဆင်းရှစ်ပါး ငါးပါး- များစွာ အတိုးထိုက်လှတဲ့- အနဂ္ဃ ကမ္ဗလာတို့ကို။ အထက်က သစ္စာတော်- ကတိတည်ရှိသည်အတိုင်း။ ဤထူး မြတ်သော ရတနာကမ္ဗလာအထည် မဟာ အကြည်တော် ဗိမ္ဗိသာရ မင်းကြီးထံသို့ ပဏ္ဏာ လက်ဆောင်တော် အဖြစ် ဆက်သပြီးလျှင်။ ထူးမြတ်သော မိတ်ဆွေကောင်းကို မမေ့

ကောင်းပေလို့ ပြန်ပြီး လက်ဆောင်တော်စေရန် သို့ကလို စီမံတော်မူလေသည်။

ချိတ်လုံး ချိတ်တောင့်မျှလောက်ရှိတဲ့ ရှစ် မျှောင့် သော ကြုတ်တို့ကိုပြုလုပ်ပြီး။ထိုအထဲမှာ-ကမ္ဗလာထည့်။ ပြီးတော့ မှ ချိတ်ဖြင့် လုံးစေ၍။ အဝတ်ဖြူနှင့် ပတ်ပြီးလျှင်၊ ကလာပ် ထဲမှာထည့်။ ဘုရင့်တံဆိပ်တော် ခပ်ပြီးလျှင်။ ဗိမ္ဗိသာရမင်း ကြီးထံသို့ ဆက်သရန်။သံကြီး တမန်ကြီးများကို စေလွှတ် တော်မူလိုက်ရာ။ ဗိမ္ဗိသာရ ဘုရင်မင်းကြီးမှာလည်း ဝမ်း မြောက်တော်မူလှသဖြင့်။ရတနာကြုတ်တော်ကို ကိုင်ဆောင် ၍ မြှီးမြှီးကြီးရှုစားတော်မူနေရာ။ သံကြီးတမန်ကြီးတို့သည် ဘုန်းတော်ကြောင့် ဤရွှေကြုတ်တော် ရတနာကို လေးဖြင် လေးရပ် မောင်းကြေးနင်းခတ်၍ မင်း မှူးမတ် ဗိုလ်ပုံအလယ် တွင်ဖွင့်လှစ်တော်မူပါမည့်အကြောင်း။ ရှိခိုး သံတော်ဦးကင် ကြရာ။ ဗိမ္ဗိသာရ မင်းကြီးသည်လည်း။ အကြည်တော်— ပက္ကုသာတိမင်းပြောကြားခြင်းကို မှတ်သားနာယူ၍ မှူးကြီး မတ်ရာ-သေနာပတိတို့အား။ လေးဖြင်လေးရပ် မောင်းကြေး နင်းခတ်၍ မင်းမှူးမတ် ဗိုလ်ပုံအလယ်-ကြက်သရေမင်္ဂလာ နှင့်ပြည့်စုံသည့်ရွှေကြုတ်တော်ရတနာဖြစ်သော တက္ကသိုလ် ပြည် ပက္ကုသာတိမင်းကြီး၏ ပဏ္ဏာလက်ဆောင်တော်များ ကို ဖွင့်လှစ်တော်မူမည်ဖြစ်၍။ မည်သူမဆို ကြည့်ရှု နိုင် ကြောင်း-မောင်းကြေးနင်းခတ်တော်မူလေသည်။

တက္ကသိုလ်ပြည့်ရှင်- ဘုရင် ပက္ကုသာတိ မင်းကြီးထံမှ လက်ဆောင် ပဏ္ဏာတော် အထူးအဆန်း ရောက်လာသည် ဟု မောင်းကြေးနင်း ခတ်ခြင်းအသံကိုကြားရသဖြင့်၊ အိုးအိုး

ကြွက်ကြွက်- သူ့ထက်ငါ သွား၍ များပြားသော ပရိသတ် ထုကြီး စည့်ဝေးနေကြရာ၊ ဘုရင် ဗိမ္ဗိသာရမင်းကြီးသည် အကြည်တော်-မှာသော သဝဏ်လွှာအတိုင်း- ဤထူးဆန်း သော လက်ဆောင် ပဏ္ဏာတော်များကို၊ ငါမင်းတရားကြီး တဦးတည်း ကြည့်ရှုတော်မမူဘဲ၊ အများမျက်မြင် အထင်အရှား ဖွင့်လှစ်ရှုစားတော်မူမည်ဟု-မင်းမှုးမတ် ဗိုလ်ပုံအလယ်မှာ ထီးဖြူတော်ဆောင်းလျက် ပလ္လင်ထက်၌ စံစားနေတော်မူပြီးလျှင်၊ ကိုယ်တော်တိုင် ဖွင့်လှစ်တော်မူလိုက်ရာ၊ ရှေးဦးစွာ မင်းအမှတ်တံဆိပ်ကို ထုခွဲပြီး၊ ရစ်ပတ်ထားသော အဝတ်ဖြူကို ခွါလှန်၍၊ ကလာပ်ကို ဖွင့်လိုက်သည့်အခါ၊ အထဲက ချိတ်လုံးတွေကိုမြင်တော်မူသည်။ မျက်နှာတော် အတန်ငယ် ပျက်သွားပြီး၊ အကြည်တော် ပက္ကုသာတိမင်းသည်၊ ငါ့အား ကစား ခုန်စား ဝါသနာပါတယ်ထင်လို့ များ-ဤချိတ်လုံး ကလေးတွေကိုပေးလိုက်ရော့သလားဟု အလုံးတလုံးကို လက်နှင့်ယူ၍-ချိန်ဆကိုင်ကြည့်ပြီးလျှင်၊ စဉ်းစားခဏ်း ဝင်တော်မူသည်။ တမင်းနှင့်တမင်း-မခင်မင် မရင်းနှီးသေးလျှင်၊ ပျက်ရယ်ပြုဘို့ရန် အလွန်ပင် ခဲယဉ်းလှ၏။ ဧကန်မုချ ချိတ်လုံးထည်း၌ တခုခုအရာဝတ္ထု ရှိရမည်ဟု အာရုံတော်ပြုပြီးလျှင် တလုံးသောချိတ်လုံးကို ပလ္လင်တော်ခြေသို့ ရိုက်ခွဲလိုက်သည့်အခါ၊ ချိတ်တွေအကုန်ကွာ၍၊ လက်သဲနှင့် ကုတ်ခါ ခြစ်ပြီး၊ ကြုတ်ကိုဖွင့်လိုက်သောအခါ၊ အတွင်းမှာ ဝင်းဝင်းတောက်နေသော ကမ္ဗလာတော်များ တွေ့တော်မူလေသည်။ အခြားအလုံးများကိုလည်း၊ ထိုနည်းအတူပင် ဖွင့်လှစ်လိုက်ရာ။ တလုံးတလုံးသော ချိတ်လုံးမှာ- ကမ္ဗလာ တထည်စီ တွေ့သဖြင့်၊

ထိုကမ္ဗလာကိုဖြန့်၍ကြည့်ရာ၊ အလွန်တရာ အဆင်းလှပြီး၊ အလွန်တရာချောမွတ်နူးညံ့၍၊အလျား ၁၆-တောင်စီ။ အနံ ၈ တောင်စီ ရှိတော်မူသော ထူးခြားတ်လှစွာ- ဤကမ္ဗလာကို ကြည့်လာသော ပရိသာတ်တို့သည်၊ လက်ဖျားတခါခါ အံ့ဩ၍ တသောသော-ပြောလို့ မဆုံးနိုင်အောင်။ အုတ်အော် သောင်းတင်းဖြစ်ပြီး။ငါတို့ အရှင်မင်းကြီးသည်- မတွေ့မမြင် ဘူးဘဲ။ အထူးခင်မင်တဲ့-အဒိဋ္ဌသဟာယ- ရာဇ မဟာမိတ် မင်းတပါးက- များစွာထူးဆန်း အံ့ဩဘွယ် ကောင်းလှစွာ သော လက်ဆောင်တော်ကြီးကို ပေးတော် မူလိုက်သည်။ ဒီလို မဟာမိတ်မျိုးကိုတော့- အကျိုးတော် ဆောင်တို့ ခြ အောင် ဖွဲ့သင့်ပါသည်ဟု ချီးမွမ်းပြောဆိုကြပြီးလျှင်။ တ သောသော တညံ့ညံ့နှင့် ကိုယ့်အိမ်ကိုယ် ပြန်ကြလေသည်။ ဗိမ္ဗိသာရ မင်းတရားကြီး မှာလည်း။ အကြည်တော် ပေး တော်မူလိုက်သော လက်ဆောင်တော်တွေ ဆက်သရာ၌ ပြုလုပ် စီမံပုံတွေ ထူးဆန်း အံ့ဩဘွယ် ကြည့်၍၊ အဘိုး မပြတ်နိုင်။အနဂ္ဃ ထိုက်တန်သော ဤကမ္ဗလာကို ဘယ်သူ အဘိုးဖြတ်နိုင်ပါမည်လဲဟု အမိန့်ပြုတော်မူရာ။ မည်သူမည် ဝါမှ အဘိုးမဖြတ်ရဲဘဲ၊တအံအံဖြစ်နေကြကြောင်း။

ရာဇဂြိုဟ်ပြည်ကြီးရှင်— ဘုရင်ဗိမ္ဗိသာရ မင်းကြီးမှာ လည်း၊ အကြည်တော် ပက္ကုသာတိမင်း၏ဆက်သတော်မူ လိုက်သော ကမ္ဗလာကိုကြည့်၍ စဉ်းစားမိပြန်ရာ။ အပေးရှိ လျှင် အယူရှိ၊ အယူရှိလျှင် အပေး ရှိရမည်။ သူလာလျှင် ကိုယ်သွားရမည် ဟူသော ရှေးထုံးတမ်း အစဉ်အလာကို သေချာစွာ သတိပြုပြီးလျှင်၊ အကြည်တော် ပက္ကုသာတိ

မင်းကဖြင့်– ငါ့အား ထူးခြားသော လက်ဆောင်တော်ကို ဆက်သ လိုက်ပေပြီ။ ငါကလဲ ဝတ္တုရား ကျေပြွန်အောင် လက်ဆောင် တုန့်ပြန်ရလိမ့်မည်။ ရှေးဦးစွာ ပေးတဲ့သူနှင့် နောက်မှ အတုန့်ပြန်တဲ့သူနှစ်ဦးသည်၊ နောက်မှ တုန့်ပြန်တဲ့ သူက သာလွန်မိုမိုပြီး ပြန်ရစမြဲဘဲတဲ့။ အကြည်တော်မင်း ထက် သာလွန်အောင် လက်ဆောင် ပြန်ရမယ် ဆိုလျှင်– ဘယ်လို ရတနာမျိုးကို ပြန်ရမလဲ ကြံကြပါအုံး–မှူးကြီးမတ် ရာ၊သေနာပတိတို့······တောင်ငါးလုံးကာခို– ရာဇဗြိုဟ်ဘုရင် မင်း တလောကလုံး ထွင်းဖေါက်၍၊ ဘုန်းသမ္ဘာ အမည် တောက်ခဲ့သော၊ ဂုဏ်မောက်တဲ့–ဘုရင်မင်းဖြစ်နေတော့– ဂုဏ်နှင့်တန်တဲ့ ရတနာ–ဂုဏ်ထက်မြင့်တဲ့ရတနာ– ထိုနှစ် ဖြာရပါမှ– အကြည်တော် ပဏ္ဏာသာတိမင်း လက်ဆောင် တော်ထက် သာတော့မည်။

## လက်ဆောင်တော် ရတနာ အမျိုးမျိုး ကြံစည်တော်မူပုံ၊

ရခဲသည်ထက် ရခဲ၊ စွဲသည်ထက်စွဲ၊ အံ့ကဲမော်မော်–မစဲ ကျော်တဲ့၊ အပျော်တကာ့ဘုရင်၊ အရွှင်တကာ့အမှူး၊ အမြူး တကာ့ခေါင်ချုပ်၊ ဥက္ကဋ္ဌချယ်ယာမင်၊ရတနာတွင်၊ အတုမရှိ မုန်ထွင့်ရ်များ၊ ခရိုင်ပျံ့ ပြိုင်စံရှားသမို့၊ ဝပ်တွားဦးတင်၊ ထက် နယ်ဘုံ နတ်ရွာပို့မှာကြောင့်၊ လက်ဆယ်ရုံ ဟာဏ္ဏာ ကြို့ပြီး၊ ရို့ရို့ ကလေးဖူးမြင်၊အထူးပင်ပဏာသ,ကြရ၊ရတနာပဝရမှန် ကူး၊ ဘဂဝါဆရာ့-အရဟံတဆူ- မဟာသမတ သယမ္ဘူမို့၊ အချုံတလူလူ-လူ့ထက်သနင်းမှာ၊ တုဘက်ကင်းတဲ့- ဘုရား

အသရေနှင့်၊ သိကြားပြေ-ဗြဟ္မာမလပ်အောင်၊ သဏ္ဍာဝါ အာ ရပ်ရပ် နတ်လူအဝဝနှင့်၊ အမြတ်ဟူသမျှ နှုန်းဖွဲ့ ခြိုရလျှင်၊ သုံးဆဲ့တဘုံ- သောင်းသောင်းခရီးတွင်၊ အဆုံးဘုံ့တုန်အောင် မောင်းတီးသလို၊ ကောင်းကောင်းကြီး ကျော်စောခြင်း ဖြစ်ပေတယ်။ သို့ဖြစ်သောကြောင့်–လောကမှာ အစွဲဆုံး-အချစ်ဆုံး–မပစ်မှုန်းနိုင်ကြတဲ့။ အပွါးအစီး အပြစ် ဖိုးဖိုးပြီး၊ တအားမြိုးတဲ့-သားသမီးရတနာ၊ ကြင်ကြင်နာနာ– ခင်မင်ပါတဲ့ လင်ရတနာ။ သနားစရာ- အပါးကမခွါတဲ့ မယားရတနာ။ အရှေအကြာ အသရေဖြာတဲ့ ရွှေရတနာ၊ ကုဋေကုဋာ အခြေရှာကြတဲ့-ငွေရတနာ၊မှိုန်သဏ္ဍာ-အရှိန်ဖြာတဲ့- စိန်ရတနာ၊ အလှမဟာ-အစစသာတဲ့- မြရတနာ။ ခင်စရာ– ကြင်စရာ– မင်္ဂလာဆိုတဲ့ ဆင်ရတနာ၊ မကင်းစရာ- အဆင်းသာတဲ့– မြင်းရတနာ၊အသွားအလာ-အများသာတဲ့–နွားရတနာ၊ မခွဲမခွါ–အကဲသာတဲ့– ကျွဲရတနာ၊ အထက် ဗြဟ္မာမယှဉ်း– တလက်လက် သဏ္ဍာလင်းပါတဲ့- စကြာမင်းကြီး၏ ရတနာ အဂ္ဂဒေဝီ- အသရေညီတဲ့–မဟေသီ မိဖုရားကြီး ရတနာ အပွါးအစီး စကြာမင်း၊ တအားမြိုးတဲ-သားကြီးရတနာ၊ အဝေးအနီး အမွှေးကြီး မွှေးတဲ့ သူဌေးကြီး ရတနာ၊ အရောင်တကြွားကြွား၊အမှောင်ကိုရှားပါတဲ့ ပတ္တမြားရတနာ၊ အစစမမှိန် လှပတဲ့အရှိန်နှင့် သဝိညာဏက ရတနာ၊ အလှတထိန်ထိန်-တဝမှာမတိမ်တဲ့-အဝိညာဏကရတနာ။ ရှိဖြစ်အမှန် သိရစ်ရန်ဟာ တိရစ္ဆာန် ရတနာ၊ ဝါ-အဟိတ်အမှန် စိတ်မဟာန်တဲ့-တိရစ္ဆာန် ရတနာ၊ အမှုအရာ မတူပါတဲ့- လူရတနာ၊ တဖိန်းဖိန်း တသသ– တကိန်းမြွှချင်တဲ့- မိန်းမ

ရတနာ၊ လောက်လောက်လားလား- အမောက်စားဖြစ်တဲ့- ယောက်ျား-ရတနာ၊ လင်တွေ သားတွေ မယားတွေနှင့် အလကားအခြေ—ပါဝါရှိပါတဲ့ အာဂါရိက ရတနာ၊ အိမ်ရာမထောင်-ရှိန်သင်္ကာပြောင်လို့မို့— ထိန်ဝါချောင် အဖြာဖြာရှိပါတဲ့-အနာဂါရိက ရတနာ။အောက်အရိယာဖြစ်ရ— မဖြစ်ဇာတဲ့- သေက္ခ ရတနာ၊ ရဟန္တာဖြစ်ရ၊ အဖြစ် ပတဲ့- အသေက္ခရတနာ၊ ဘဂဝါဘုရား-ဆရာနှင့်ဖြရတဲ့ သာဝကရတနာ၊ ဖြစ်လေသမျှ- ဇာစ်ချော်၍ မပြတာတ်တဲ့- ပစ္စေကဗုဒ္ဓရတနာ၊အဲသို့ကလို သရုပ်သကောင်- အဟုတ်ပြောင်လောက်အောင်- ထုတ်ဆောင်ကာ အစိပြခဲ့သော ရှိသမျှ ရတနာအမျိုးမျိုးတို့ကို၊ သင်္ကာတိုးအောင် မကျသည့် တရားနှင့်လက်ရှိ ထားကာ- ယဉ်ယဉ် ဆန်းအောင်လို့- ဆင်မြန်းကာ အသရေရှိသူတို့ထက်-ပြေသိအောင် အချုပ်ပြကြစို့။နေ့ရဝိ-တဆောင် ဥက္ကဋ္ဌပေပေါ့၊ ဗုဒ္ဓရတနာခေါ်တဲ့-သဗ္ဗညာတော် အဆတရာကြီးသော်ကြောင့်- ကမ္ဘာပေါ်မှာ သမတအရာနှင့် ချီးရပါတဲ့-ဘဂဝါအမော် ရတနာ့ ရတနာကြီးရယ်နှင့်-ဓမ္မတဖြာ တသီး-မှန်စွာကျော်တဲ့- သံဃာတော် ရတနာသုံးတို့ကို၊ မကွာနှလုံး ကပ်စွဲ၍၊ မပြတ်အမြဲ အစဉ် မှန်းလို့မို့—ထပ်တလဲလဲ ဘာဝင်လန်းပြီး။ဒြိပ်ကဲကဲ ယဉ်ယဉ်ဆန်းအောင်-ဆင်မြန်းကာ သဒ္ဓါမွေးသူတို့မတော့-အစဉ်ချမ်းသာကာ-ဘယာအေးပြီး။ရတနာသူဌေး-ရတနာအရှင်ဟု-ကမ္ဘာတွင် ထာဝစဉ် မညည်းစေတို့-ရာဇဝင် စာတင်တဲ့ ကမ္ပည်းရယ်နှင့်။ မဟာဝင် ကဗျာယဉ်ယဉ်နှင့် ချီးလောက်အောင်၊ ရတနာသခင်ကြီး-ဖြစ်ကြောင်း။

ရာဇဂြိုဟ် ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရ မင်းကြီးသည်၊ တကမ္ဘာလုံး အမြတ်ဆုံးဖြစ်သော ဗုဒ္ဓ ရတနာ ကြီး ကို မေတ္တာ လက်ဆောင် အဖြစ် ပေးလို၍ ရေး သား တော်မူ သည်မှာ။

## ဘုရား—ရတနာ—သဝဏ်လွှာ။

ဣဓ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ, သမ္မာ သမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ—ဓမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါ။ ။ဤသို့လျှင် အတုမရှိ မှုန်ထွန်း ထား ရှင်တော် မြတ်ဘုရားသည်။ဆယ်ပါးသော ပါရမီ ရုံညီပြည့်ဝသဖြင့်။ သုသိတာနတ်ပြည်မှ ဆင်းသက်ပြီးလျှင်၊မယ်တော်ဝမ်း၌ စွဲ လမ်းသန္ဓေ တည်နေတော်မူပါသည်။ဤသို့လောကအတွင်း၊ မိုက်မှောင်ကင်းလျက်၊ ပွင့်လင်းကျယ်ပြန့်ခြင်း ဖြစ်ပါသည်။ မယ်တော်ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူစဉ်အခါ၊ အ ဖြာဖြာသော အံ့ဘွယ်တို့သည်၊အကြီးအကျယ် ဤသို့ ဖြစ်ပါ သည်။ ရမ္မ,သုဘ, သုရမ္မတည်းဟူသော နန်းမသုံးဆောင်၌ စံနေတော်မူစဉ်အခါ၊ အံ့ဩဘွယ်ရာ- ဤသို့ ဖြစ်ပါသည်။ မဟာဘိနိက္ခမန- အလောဘစ္ဆာသယသတော၊ တောထွက် တော်မူကြီး တောထွက်တော်မူလျက်။ မဟာပဓါန အလုပ် ကို ဤသို့ အားထုတ်ပါသည်။ ဒုက္ကရစရိယာ၊ ခြောက်နှစ် ကြာအောင် ကျင့်တော်မူပြီးလျှင်။ မဟာဗောဓိမဏ္ဍိုင် —လျှံ ဆိုင်ရောင်သန်း-ညောင်ကြဌာန်းသို့ လက်ဖမ်းလွယ်ကူ တက် တော်မူ၍၊နတ်လူဆရာ အပရာဇိတ- မည်ရဖွဲ့ခင်- ရွှေပလ္လင်

၌– တင်ပြင်ခွဲနွေ– ထိုင်နေတော်မူပြီးလျှင်။ သဗ္ဗညုတ- နာမ ရောင်လျှံ-မြတ်ရွှေညာဏ်ကို – အမှန်တိတိ- ထိုးထွင်း၍ သိပါ သည်။ဤသို့သိက – သုံးလူ့ဘုမ္မ၊ လောကအတွင်း၊ မိုက်မှောင် ကင်း၍၊ ပွင့်လင်းကျယ်ပြန့်ခြင်းဖြစ်ပါသည်။ နတ်နှင့်တကွ- သုံးလောက၌။ ဗုဒ္ဓရတနာ-စောမြတ်စွာနှင့်· ပမာယူဆ—နှမူ ပြလောက်အောင်- တူမျှသော ရတနာသည်၊ ဘယ်မှာမှ မရှိပါချေ။

ထိုဘုရားရတနာ, တရားရတနာ, သံဃာရတနာ, သုံးပါး သော ရတနာတော်မြတ်ကြီးများကို ရေးသားပြီးလျှင်။ နေခံ နားက အကွပ်စကား၊ ဤသို့ မှာကြားတော်မူသည်။ အဆွေ တော် ပဏ္ဍုသာတိမင်း-ဘုရားသာသနာတော်သည်၊ သံသ ရာမှ ထွက်မြောက်ကြောင်း ဖြစ်ပါသည်။ အကယ်၍ စွမ်း ဆောင်နိုင်ပါမူ၊တောထွက်၍ ရဟန်းပြုပါလေ။

ထိုရတနာ ရွှေပြားသုံးပြားကို ကောင်းမွန်စွာခေါက်လိပ် ပြီးလျှင် နူးညံ့လှသော ကမ္ဗလာနှင့် ရစ်၍။ ကလာပ်ထဲမှာ ထည့်ပြီး၊ ထိုကလာပ်ကို ရွှေကလာပ်ထဲ၌၊ ရွှေကလာပ်ကို ငွေကလာပ်ထဲ၌၊ ငွေကလာပ်ကို ပတ္တမြား ကလာပ်ထဲ၌၊ ပတ္တမြားကလာပ်ကို သန္တာကလာပ်ထဲ၌၊ သန္တာကလာပ်ကို ပတ္တမြားနီကလာပ်ထဲ၌၊ပတ္တမြားနီကလာပ်ကို ပတ္တမြားပြောင် ကလာပ်ထဲ၌။ ပတ္တမြားပြောက် ကလာပ်ကို၊ ဖလ်ကလာပ် ထဲ၌၊ ဖလ်ကလာပ်ကို ဆင်စွယ်ကလာပ်ထဲ၌။ ဆင်စွယ်က လာပ်ကို ရတနာခုနစ်ပါးကလာပ်ထဲ၌၊ ရတနာခုနစ်ပါး က ကလာပ်ကို နှီးကလာပ်ထဲ၌၊ နှီးကလာပ်ကို- ကြုပ်ထဲမှာ ထည့်ပြီးတော့မှ ထိုကြုတ်ကို အစဉ်အတိုင်း– ရွှေကြုတ်-

ငွေကြုတ် ပတ္တမြားကြုတ်-သန္တာကြုတ်- ပတ္တမြားနီကြုတ် ပတ္တမြားပြောက်ကြုတ်- ဖလ်ကြုတ်- ဆင်စွယ်ကြုတ်- ရတနာခုနှစ်ပါးကြုတ်- နှီးကြုတ်အားဖြင့် တခုထဲကို တခု အထပ်ထပ် ထည့်ပြန်တယ်။ ပြီးတော့မှ- ထိုနှီးကြုတ်ကို ပချုပ်ထဲမှာထည့်-ထိုပချုပ်ကို အစဉ်အတိုင်း- ရွှေပချုပ် ငွေပချုပ်-ပတ္တမြားပချုပ်-သန္တာပချုပ်- ပတ္တမြားနီပချုပ်- ပတ္တမြားပြောက်ပချုပ်-ဖလ်ပချုပ်- ဆင်စွယ်ပချုပ်- ရတနာခုနှစ်ပါးပချုပ်အားဖြင့် တခုထဲကိုတခု အထပ်ထပ်ထည့် ပြီးတော့မှ ထိုနှီးပချုပ်ကို အဝတ်နှင့် အထပ်ထပ် ရစ်ပတ် ပြီး၊ အပေါ်က မင်းတံဆိပ်-ခတ်နှိပ်၍ ပေးလိုက်လေသည်။

ထိုလက်ဆောင်တော်ကို ဆောင်ယူရန် မင်းကြီးပိုင်စိုးတဲ့ နိုင်ငံတော်အတွင်းမှာ ပြလမ်းတွေကို တန်ဆာဆင်စေပြီး လမ်းမကြီးကို ၈စ်ဥဿဘ, ကျယ်အောင် သုတ်သင် ရှင်းစေပြီးသကာလ။ ထိုလမ်းပေါ်မှာ၊မင်္ဂလာဆင်တော်ကို တန်ဆာဆင်စေပြီး၊ ဆင်တော်အသက်မှာ ပလ္လင်ခင်း၍ ထီးဖြူဆိုက်ထူပြီးလျှင်၊ ဆင်တော်နှင့် တင်ဆောင် သွားလေသည်။ လမ်းဆုံလမ်းမ-လမ်းလေးခွ-နံဘေး တချက်တွေမှာ၊ သဲဖြူရာဇမတ်ခင်း၊ ငှက်ပျောပင်စိုက်၊ တံခွန်ကုက္ကား မလေးပွါးတွေနှင့် ဝင်းဝင်းတောက် ဖွေးဖွေးလှုပ်သွားတာဘဲ။ မင်းကြီးကတော့- လက်ဆောင်တော်တင်တဲ့ မင်္ဂလာဆင်တော်၏ နောက်က စစ်အင်္ဂါလေးပါး ခင်းကျင်းကား၊မင်း၏အသရေဖြင့် လိုက်ပါလာကြသည်။ နိုင်ငံတော် နယ်နမိတ် အပိုင်းအခြားသို့ ရောက်အောင် ပို့ဆောင်တော်မူပြီးလျှင်၊ ဤလက်ဆောင် ပဏ္ဏာတော်ကို မောင်းမမိဿံ-ဗိုလ်ခြေအလယ်မှာ

ဖွင့်၍မကြည့်ပါနှင့်။ ပြဿဒ်ပေါ် သို့တက်၍ တကိုယ်တည်းသာ ဖွင့်လှစ်ကြည့်ရှုပါလို့ မှာတော်မူလိုက်ပြီး၊သံကြီး တမန်ကြီးများကို စေလွှတ်ပြောကြားလိုက်လေသည်။ ပစ္စန္တရာဇ်အရပ်သို့ ရှင်တော်ဘုရား ကြွသွားတော်မူပြီဟု လက်အုပ်ချီရိုး–ရှိခိုးပြီးမှ မင်းကြီးပြန်တော်မူလေသည်။ပက္ကုသာတိမင်းကြီးကလဲ သတင်းကြားသည်နှင့် တပြိုင်နက်၊ မိမိနိုင်ငံတော်နယ်နိမိတ်ကစ၍၊ ခမ်းနားကြီးကျယ်စွာ၊ ခရီးဦး– ကြိုဆိုကြလေသည်။ ပဏ္ဏာ လက်ဆောင်တော်သည်။ ဥပုသ်နေ့မှ တက္ကသိုလ်ပြည်သို့ ရောက်ရှိသွားလေသည်။

ပက္ကုသာတိမင်းကြီးသည်၊ အဆွေတော် ဗိမ္ဗိသာရမင်းမှာလိုက်သည့်အတိုင်း။ တံခါးတွေကို အကုန်ပိတ်၍။ ဘုံ–ခုနစ်ဆင့်ရှိသော လေသာနန်းမြင့်သို့ တက်ပြီးလျှင် လေသာနန်းတံခါးကိုဖွင့်လျက်။ တကိုယ်တည်း ပဏ္ဏာလက်ဆောင်တော်ကို မြင့်သောနေရာကထား၍ မိမိက နိမ့်သောနေရာကနေ၍ ဖွင့်လှစ်တော်မူလိုက်သော်၊အလွန် သေချာစေ့စပ်စွာပြုလုပ်ထားသော လက်ဆောင် ပဏ္ဏာတော်ကို အထပ်ထပ်ခွါ၍၊ကြည့်ရှုတော်မူတဲ့အခါ။ရွှေပြားမှာ ရေးထားတဲ့ အက္ခရာစာကို မြင်တော်မူလိုက်ရာ၊ ရှေးဦးစွာ ဘုရားနှင့် စပ်၍ ဣဓ တထာဂတော-လောကေဥပ္ပန္နော၊ဤလောက၌ဖြစ်စွာဘုရားထင်ရှားစွာ ပွင့်တော်မူပြီဆိုသောစာခွေကို ဘတ်မိသည်နှင့်တပြိုင်နက်၊ ပီတိသောမနဿတွေ လှိုင်းပွက်ထပြီး ကိုးသိန်းသောမွေးညှင်းများလည်း ဖြိုးဖြိုးဖြင်းဖြင်း–ဓါပီတိ တဖွားဖွား ထွမ်းနေသောကြောင့်။ မိမိထိုင်ရမှန်း–ရပ်ရမှန်းကိုပင် မသိတော့ဘဲ၊လွန်လေပြီးသော ကမ္ဘာတသိန်းထက်က ဖူးတွေ့ခဲ့

ရတဲ့-ဒုလ္လဘ ရတနာကြီးသည် မဟာသိတ်အကြည်တော်ကို အကြောင်းပြုပြီး။ ယခုမှ ဖူးတွေ့ရပါဘကားဟု များစွာ ရွှင်လန်း ပီတိယွမ်းလျက် ရှေ့ကိုပင် ဆက်လက်၍၊ ရတ်တရက် မဘတ်နိုင်-မကြည့်နိုင်တော့ဘဲ၊ပီတိဝဲထဲမှာပင် နစ်မြုတ်ပြီး အနိုင်နိုင်ကြိုးစား၍ တစထစ-ရှေ့ကိုတိုးပြီး။ ဘတ်လိုက်ပြန်ရာ၊ ဘုရား ရတနာ-တရားရတနာကြီးများကို ဘတ်မိပြန်သဖြင့်။ ရှေးနည်းတူစွာ။ ပီတိသောမနဿ လှိုင်းပွက်ထပြီး၊ သတိမရအောင်ပင် ဖြစ်တော်မူလေသည်။ ။

တိုင်းသူပြည်သားလူအများလည်း၊ မင်းရင်ဖြင်မှာ ရရှိ၍ ငါတို့မင်းကြီးဟာ ပဏ္ဏာတော်ရောက်ကတည်းက။ ခါတိုင်းနှင့်မတူ-အမူထူးခြား၍၊မင်းရေး-မင်းရာကိုလဲမစီရင်။ တရားကိုလဲ မဆုံးဖြတ်။ "မင်းတို့ပရိယာယ်-ရွှေဥာဏ်ချယ်" ဆိုသကဲ့သို့၊မင်းစိုးရာဇာများသည်။ အင်မတန်-ပရိယာယ် မာယာ—များသဖြင့်၊လက်ဆောင်ပဏ္ဏာတော်နှင့်ကြံဖန်၍ ကိုယ့်နိုင်ငံဖြစ်အောင် လုပ်တတ်ကြသည်။ဘယ်လိုလက်ဆောင်ပါလဲ၊ အကျိုးအကြောင်းသိလိုပါသည်ဟု- ကြွေးကြော် ဟစ်အော်ကြသည့်အခါ။မင်းကြီးသည် ကြွေးကြော် ဟစ်အော်သံကိုကြားတော့မှ သတိတော်ပြန်ရ၍၊ ပြည်သူ—ပြည်သားများ ဟစ်အော်ကြွေးကြော်သော အသံကို ကြားလိုက်ရလျှင်၊ မိမိကိုယ်ကိုမိမိပြန်၍ နိုင်ငံဘက်လိုက်မလား။ ဘုရားဘက်လိုက်မလား။ စဉ်းစားတော်မူသည့်အခါ၊ မင်းအဖြစ်ဆိုဒါ၊မှန်မြတ်ထဲမဟုတ်၊ အချုပ်ဒုဂ္ဂဏ်-ဒုလ္လဘရတနာ-ဘုရားသာသနာကိုသာ ထမ်းရွက်တော် မူတော့မည့်-ဟု။ သံလျက်တော်ဖြင့် ဆံပင်ကိုရိတ်ဖြတ်၍ ဤဥသျှောင်တော်မြတ်ကို မင်းပြု

ကြစေကုန်လော-။ လေသာနန်းမြင့် တံခါးကိုဖွင့်၍။ မကိုန့်တော်နှင့်တကွ ဆံတော်အစုကို ပရိသတ်အလယ်သို့ ပစ်ချတော်မူလိုက်ရာ။ တိုင်းသူ ပြည်သားများသည်။ အရှင်မင်းကြီး-အရှင်မင်းကြီး၏အကြည်တော်မင်းမြတ်က ဆက်သွင်းတဲ့-လက်ဆောင်ဆိုသည်မှာ ဒါတဲလားဘုရားဟု တပြိုင်နက် အော်၍ ငိုကြွေးကြလေသည်။ မင်းကြီး၏ ဆံ မုတ် ဆိတ်တော်သည် လက်နှစ်သစ်သာ ကျန်တော့သဖြင့်။သိဒ္ဓတ်မင်းသား ရိတ်ဖြတ်တဲ့ ဆံတော်လောက် ပမာဏရှိတော်မူသည်။ ထို့နောက် မင်းကြီးသည်၊သက်နီး-ပရိက္ခရာများကို ရသည့်နည်းနှင့် ကြံဆောင်ပြီးလျှင်။ဘုရားရှင်ကိုရည်ညွှန်း၍ လူဝတ်ကြောင်ကိုပယ်ပြီး သက်နီးကိုဆင်မြန်း ဝတ်ရုံတော်မူသည့်အခါ။သက်နီးတထည်ကိုဝတ်-တထည်ကိုရုံပြီးလျှင် သပိတ်ကိုလက်ဝဲပခုံးမှာချိတ်၊ တောင်ဝှေးကိုကိုင်၊ မြိုင်မြိုင်ကြီး ဆင်သ, သမဏ ကြက်သရေ တင့်တယ်လေလော- မတင့်တယ်လေလောဟု၊ပြသာဒ်ပြင်မှာ။နှစ်ခေါက်-သုံးခေါက်- စင်္ကြံတော်လျှောက်-အခေါက်ခေါက်ကြည့်ရှုရာ။ မင်းမြောက် တန်ဆာငါးပါးကို ဝတ်ဆင်ပြီး။ အင်မတန် ထိန်လင်းသော မင်း၏ကြက်သရေထက် ဝါရွှေထိန်လျှမ်း၊ဝတ်သက်နီးနှင့် ရဟန်း၏ ကြက်သရေက လက်ဝေထွန်းပ - ဆထက်ထောင်ရာ-မကသာအောင် လှပတင့်တယ်သော ကြက်သရေတော်ကြီးကို နှစ်သက်ဝမ်းမြောက်စွာတွေ့မြင်တော်မူပြီးလျှင်၊ ပြသာဒ်တော်မှ၊ဆင်းသက်တော်မူခဲ့ရာ၊မြင်သမျှ- လူဗိုလ်ပါတို့သည် ပဉ္စကဇုဒ္ဒါ အရှင်တပါး။ မင်းကြီးအား-တရားဟောပြီး ထွ သွားသည်ဟုထင်မှတ်ကြပြီးလျှင်၊ မောင်းမမိဿံ ခြွေရံသင်း

ပင်းတို့သည် ပြသာဒ်ပေါ်တက်၍၊ အိပ်ရာနေရာ အခြင်းအရာကို သေချာစေ့ငှ-ကြည့်ရှုကြသည့်အခါ။ အရှင်မင်းကြီး- မရှိသဖြင့်၊ ပင်လယ်တွင် သင်္ဘောပျက်သကဲ့သို့ တပြိုင်နက် ငိုကြွေးကြသော အသံသည်၊ တမြို့လုံး ဆူညံသွားလေသည်။ တိုင်းသူ ပြည်သားတို့သည် ဆူညံစွာ ဟစ်အော်- ငိုကြွေးလျက်၊ အရှင်မင်းကြီးနောက်သို့ တပြည်လုံး လိုက်ကြပြီးလျှင်၊ အရှင်မင်းကြီး- စဉ်းစားတော်မူပါအုံးဘုရား။ တိုင်းသူပြည်သားလူအများတို့အား သနားတော်မူပါအုံးဘုရား။ ။ဘုရားပွင့်တယ်ဆိုဒါ-ဟုတ်မှ ဟုတ်ပါ့မလား။ မင်းတို့ ပရိယာယ်စကားကို မယုံလွယ်သင့်ပါ။ပြန်လည်တော်မူပါအုံး-ဘုရားလို့ ငိုကြွေးတားမြစ်၍ လိုက်ကြရာ။ ပဏ္ဍုသာတိမင်းကြီးသည်။ ငါ့အကြည်တော်ဟာ-မမှန်ဒါကို ပြောမည် မဟုတ်။ အသင်တို့သည်၊ ဤအရေးအတားကို ကျော်လွန်၍ လိုက်လာသောသူသည်။ မင်းပြစ် မင်းဒါဏ် ခတ်မည်ဟု- အမိန့်တော် ပြုတော်မူပြီးလျှင်။ တောင်ဝှေးတော်နှင့် အရေး အကြောင်း ခြစ်၍ ထားတော်မူပြီး။ တကိုယ်တည်း တောထဲသို့ ဝင်ကြွတော်မူလေသတည်း။

တိုင်းသူ ပြည်သား လူအများတို့မှာလည်း။ အရေး အကြောင်း ခြစ်ထားသော နေရာမှ ကျော်လွန်၍ မလိုက်ဝန့်ကြတော့ဘဲ။ တဖြုံတသိုက်ကြီး ငိုကြွေးလျက် ကျန်ရစ်ကြလေ၏။ ။မင်းကြီးမှာလည်း အဖေါ်လည်း မပါ၊ဘိနပ်လည်း မစီး၊ ထီးလည်း မဆောင်း၊ တကိုယ်ထီးတည်း ကြွလျက်၊ အကြည်တော်မင်းမြတ်က ပေးလိုက်သော သဝဏ်လွှာ ဗုဒ္ဓဝင်ထဲမှာ ပါသည့်အတိုင်း ကျင့်ကြံကြီးကုတ်၍ ဘုရားရှိရာ

သို့ ရည်မှန်းပြီး၊ ခရီးလမ်းအလွန်ဝေးကွာသဖြင့် ဘိနပ်မစီး ထီးမဆောင်း၊ လမ်းကလဲ အလွန်ကြမ်းသဖြင့်၊ ပင်ပန်းနွမ်းရိ ကာ၊ မင်းကြီး ခြေဘဝါးတော်မှာလည်း အဖူးတွေ ပေါက်ပြီး။ ဒုက္ခကြီး အလွန်ရောက်သော်လည်း။ စိတ်ပျက်ခြင်းမရှိ၊ အ တော်ကလေး သွားမိတဲ့အခါ၊ သစ်ပင် တပင် အောက်မှာ။ အမောအပန်းကလေး ဖြေတော်မူ၍၊ နားနေရာ။ အာနာပါန စတုဋ္ဌာရ်ကို ဝင်စားပြီး ခရီးပန်းခြင်းများကို ပယ်ဖျောက် ၍။ ချမ်းချမ်းသာဖြင့်သာ နေတော်မူခဲ့ရာ။ နံက် အာရုဏ် တက်ရောက်သည့် ရွာများ၌ ရတတ်သမျှ ဆွမ်း ခံ ကြွ၊ ရရာကို မှီတ,ပြီး။ တစတစ ကြွတော်မူလေလျှင်။ ယူဇနာ ၂၀၀ ခရီးသို့ ရောက်လာတော်မူသည့်အခါ။ ရှင်တော် ဘုရား- သီတင်းသုံးတော်မူသော ဇေတဝန်ကျောင်းတော် နားက၊ ဖြတ်၍သွားသဖြင့်၊ ဘုရားရှိမှန်း မသိ။ အဆွေတော် ဗိမ္ဗိသာရမင်းရှိရာကိုသာ သတင်းမေးပြီး လာခဲ့ရာ၊ သဝတ္ထိ စာသွာကလဲ–ဤအရပ်မှာ ဘုရားပွင့်တော်မူပြီဟု- ရေးလိုက် သဖြင့်၊ ရာဇဂြိုဟ်ပြည်မှာ ဘုရားရှိတယ် မှတ်ပြီး ရောက် ချင်တဲ့ဇောနှင့် အလောတကြီး လာခဲ့ရာ–လေးဆဲ့ငါးယူဇ နာလောက် ခရီးကျော်လွန်၍ သွားသဖြင့်၊ နေဝင်ကာနီး အ ချိန်လောက်မှာ ရာဇဂြိုဟ်ပြည်ကြီးသို့ ရောက်တော်မူခဲ့ရာ၊ လာသမျှ- ဒါယကာ–ဒါယကာမတို့အား မြတ်စွာ ဘုရား ဘယ်မှာလဲ၊ ဘယ်မှာ သီတင်း သုံးတော် မူသလဲဟု မေး တော်မူသည့်အခါ။ အားလုံးသော ဒါယကာတို့က အရှင် ဘုရား ဘယ်က ကြွလာပါသနည်းဟု– လျှောက်ကြလေ သော်။ မင်းကြီးလည်း ကြွလာခဲ့သော လမ်းခရီးအစဉ်ကို

ပြောပြတော်မူလေရာ၊ ဒါယကာတို့သည် ဖြစ်မှ ဖြစ်ရလေ အရှင်ဘုရား။ နိုးရက်နှင့်ဝေး–ဆိုသလို ခရီးလွန်၍ လာခဲ့ပါပကော၊ မြတ်စွာဘုရားသည်။ အရှင်ဘုရားကြွလာတဲ့ လမ်းမှာပင်၊ ဤရာဇဂြိုဟ်ပြည်မှ လေးဆဲ့ငါးယူဇနာ ကွာဝေးတဲ့ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ၊ ဆွမ်း သုံးတော်မူတယ်။ယခု သွားနိုင်ဘို့ရာလဲ နေဝင်မိုးချုပ် အခါမဟုတ်တော့သဖြင့်။နက်ဖြန်မှ သွားတော့မည်ဟု အကြံပြုပြီးလျှင်၊ဩ့သည်အာဂန္တုကများ- တည်းခိုရာဖြစ်သော အိုးထိန်းသည် ဇရပ်မှာပင်။ တညတည်းခိုတော်မူလေသည်။

## မြတ်စွာဘုရားက မင်းကြီးအား ကြိုဆိုခြင်း။

မြတ်စွာဘုရားသည်၊နံက်မိုးလင်းအာရုဏ်ကျင်း-အလင်း-ရောက်သည့်အခါ။မဟာကရုဏာ ရွှေဉာဏ်တော် ကွန်ရက်ဖြင့်၊ ဖြန့်ကြက်- ဆင်ခြင်တော်မူသည့်တွင်။ ပက္ကုသာတိမင်း ဘုရင် တော၀ွက်လာသည်ကိုပင် အလုံးစုံ ရွှေဉာဏ်တော်၌ မြင်တော်မူရာ၊ ပက္ကုသာတိအမျိုးသားသည်။ ခရီးလွန်၍သွားသဖြင့်။ ယနေ့ည-ရာဇဂြိုဟ်ပြည် အိုးထိန်းသည့် ဇရပ်မှာ တည်းခို၍နေလိမ့်မည်။ ထိုအရပ်သို့ ငါဘုရား ကြွသွားတော် မမူခဲ့လျှင်၊ ပက္ကုသာတိမှာ-ယနေ့ တညတည်း ဖိုလ်သုံးပါး–ဆုံးရှုံးရှာတော့မည်။ ငါဘုရား ကြွသွားမှ ဖိုလ်သုံးပါးတည်၍ အရှည်သဖြင့် ကျေးဇူး များလိမ့်မည်။ ငါဘုရားသည်။သတ္တဝါများကို ချီးမြှောက်ခြင်းအကျိုး၌ ပါရမီဖြည့်ခဲ့ပေသည်။ ထိုအရပ်သို့ကြွသွား၍ ပက္ကုသာတိ အမျိုး

သားကို၊ချီးမြှောက်တော်မူမည်ဟု၊ အကြိမ်တော် ပြုပြီးလျှင်။ နောက်ပါ သံဃာမပါဘဲ။ တပါးတည်း ကြွသွားတော်မူလေသတည်း။

နောက်ပါသံဃာမပါဘဲ၊ အဘယ့်ကြောင့်- တပါးတည်း ကြွတော်မူရသနည်း။ ပက္ကုသာတိမင်းသည်။ ငါ့ဘုရားကို ရိုသေသဖြင့်၊အခေါ်မပါ- တယောက်တည်း လာသည် တကြောင်း။ ဆင်ယဉ်၊မြင်းယဉ်၊ရွှေထမ်းစဉ် ဆိုဒါတော့ ဝေးရော့-ဘိနပ်ကလေးမျှမစီးဘဲ လာသည်ကို ငဲ့ရှုတော် မူပြီး မြတ်စွာဘုရားလည်း မင်းကြီးအထံသို့ ကြွလာတော်မူသည့် အခါ။ မြေလဲ မလျှိုး မိုးလဲ မပျံ။ ဘုရားအလျှံ အသရေတော်များကို ရုပ်သိမ်း၍။ တိမ်ဖုံးသော လမင်းကြီး ကဲ့သို့ မလေးမထင်-မထင်မရှား-အသွင်အားဖြင့်။ ကိုယ်တော်မြတ် တပါးတည်းသာ ပကတိအတိုင်း ခြေလျင် ကြွလာတော်မူ၍ အိုးထိန်းသည် ဇရပ်ထဲသို့ မထင်ရှားသော အသွင်ဖြင့်။ သီတင်းသုံးနေတော်မူရာ-ပက္ကုသာတိ မင်းကြီးမှာလည်း မရေမနှောင်း အိုးထိန်းသည် ဇရပ်အတွင်းသို့ ဖြေးညှင်းစွာ ဝင်ကြွတော်မူလာရာ၊ မြတ်စွာဘုရားနှင့် ပက္ကုသာတိ အမျိုးသား ဝင်ရောက်တည်းခိုသော အိုးထိန်းသည် ဇရပ်သည်၊ ခြင်္သေ့မင်း နှစ်စီး-ဂူတဂူထည်း အောင်းသကဲ့သို့ အလွန်ကြက်သရေရှိတော်မူသည်။ ရှင်တော်ဘုရားက ရောက်လျှင်ရောက်ခြင်း။ တရား မဟောသေးဘဲ။ ဖလာသမာပတ်-ဈာန်ချမ်းသာ-ဝင်စား၍နေတော်မူတယ်။ ပက္ကုသာတိ မင်းကြီးမှာလည်း။ ပင်ပန်း၍ နှလုံး မသွင်းနိုင်မည်ကို စိုးရိမ်သောကြောင့်ဗုဒ်။ ရာဇဂြိုဟ်ပြည်ဆိုဒါ။ အသံ ဆယ်ပါးတို့ဖြင့်။

ဆုညှံ့၍ သန်းခေါင်ကျော်မှ အသံစဲသဖြင့်။ ဆိုင်းငန့်၍ နေ တော်မူပြီးလျှင် သန်းခေါင် ကျော်သည့်အခါ။ ခရီး ပင်ပန်း ခြင်းပြေ၍၊ ထိုင်နေတဲ့ ပဉ္စသာတိ အမျိုးသားကို ဒေသ နာ ခမ္မော့ဖြင့်။ ဟောပြတော် မူလိုက်ရာ၊ ဒေသနာတော် လဲဆုံး၊ အာရုဏ်လဲတက်၊ ရောင်ခြည်တော်လဲ ထွက်ပေါ် တော်မူ၊ ဤသုံးချက် တပြိုင်နက်၊ ဖြစ်ပေါ်တော် မူသည်ကို ယုံကြည်ကိုးစား အားထား ကြည်ညိုရသော ပဉ္စသာတိ အမျိုးသားသည် "ဓါတုဝိဘင်္ဂသုတ်" ဒေသနာ တရားတို့ ကို နာကြားပြီး၊ မိမိ ဥပနိဿယ အားလျော်စွာ။ အရိယာ နွယ်ဝင် အနာဂါမ်ပုဂ္ဂိုလ်အစစ်-ဖြစ်ခြင်းကြီး ဖြစ်တော်မူ၍ သွားသတည်း။

ထိုမှတပါး-အနာဂါမ် တည်ပြီးသော၊ ပဉ္စသာတိမင်း ကြီးသည်၊ မြတ်စွာဘုရားအား ရဟန်းအဖြစ်ကို ခွင့်တောင်း သည့်အခါ၊ ချစ်သားပဉ္စသာတိ-သပိတ်သင်္ကန်းများ ပြည့် စုံ၏လော-မပြည့်စုံသေးမူ။ ရှာဦးလော ဟု မိန့်တော်မူလျှင်၊ သပိတ်သင်္ကန်းတော်ကို ရှာရန် ထွက်သွားလေ သတည်း။ ဤကဲ့သို့ မြတ်စွာဘုရားသည်၊ ဒေသနာတော်အဆုံး၌၊ ရောင် ခြည်တော်ခြောက်ဆိုင် တပြိုင်တည်း လွှတ်တော် မူသဖြင့်၊ အိုးထိန်းသည် ဇရပ်တခုလုံး ဟုန်းဟုန်းတောက်လင်း-ထိန် ထိန်ဝင်းနေသည်ကို လူအများ မြင်ကြသဖြင့်။ ဘုရားကိုယ် တော် မြတ်ကြီး ရာဇဂြိုဟ်ပြည် အတွင်း၊ အိုးထိန်းသည် ဇရပ်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူနေကြောင်း။အုတ် အော် သောင်းတင်း အဆင့်ဆင့် ပြောကြားခြင်း ကြောင့်၊ ဗိမ္ဗိသာရ မင်းတရားကြီးလည်း၊ ဘုရားရှင် ထံတော်သို့ ဖူး

မျှော်ဝတ်တွားပြီး ကြွလာတော် မူခြင်း၏ အကြောင်းရင်းများကို လျှောက်ထားရာ။ တကာတော် မင်းကြီး၊ တကာတော်မင်းကြီး၏ အခွေတော် ပဏ္ဏသာတိ မင်းကြီးသည်၊ တကာတော်မင်း၏သဝဏ်လွှာ လက်ဆောင်တော်များအရ ငါဘုရားကို ကြည်ညိုမှန်းဆ၍ ရဟန်းပြုပြီး- ထွက်ကြွလာရာ-ခရီးလွန်၍၊ ဤအိုးထိန်သည် ဇရပ်ထဲမှာ တည်းခိုနေသည်၊ သူ၏အထံသို့ ငါဘုရားကြွလာ၍ “ဓါတုဝိဘင်” သုတ်ဒေသနာကို ဟောကြားတော်မူလိုက်ရာ။ အနာဂါမ်တည်ပြီး ရဟန်းပြုရန် အတွက် ပရိက္ခရာ အရှာထွက်၍ သွားလေသည်။ ဤသို့သောအကြောင်းခြင်းရာ ရုံလင်စွာ မိန့်မှာတော်မူပြီးလျှင်၊ ဇေတဝန် ကျောင်းတော်သို့ ပြန်လည် ကြွသွားတော်မူလေသည့်။

ဗိမ္ဗိသာရ မင်းကြီးမှာလည်း။ မြတ်စွာ ဘုရား ဗျာဒိတ်တော်စကားအရ- သူ၏အခွေတော် ပဏ္ဏသာတိ သွားရာလမ်းကို၊ စုံစမ်းမေးမြန်း၍ရှာဖွေကြရာ၊ပဏ္ဏသာတိ မင်းကြီးမှာလည်း၊မြို့ထဲသို့ မသွားဘဲ၊ ရေချိုးဆိပ် သုသာန်အရပ်၊ တံမြက်ချေးပုံရာအရပ်၊ လမ်းကြိုလမ်းကြားများသို့ လိုက်ပြီးသင်္ကန်းချုပ်ဘို့ရန် အဝတ်နွမ်းများကို ရှာနေဆဲတွင်၊ မာန်သွင်းနေတဲ့ နွားသားအုပ်မ တကောင်က တခါတည်း ဖွေ့လိုက်ရာ၊ မြောက်ပါသွားပြီး- အမှိုက်ပုံ ချုံပေါ်မှာပင်၊ အသက်တော် ကုန်သွားရှာလေသတည်း။ အမှိုက်ပုံ ချုံပေါ်သို့ ရွှေဆင်းတုကဲ့သို့ ဇောက်ထိုးကြီးဖြစ်၍၊ အဝိဟာဆိုတဲ့ သုဒ္ဓါဝါသ ဘုံမှာဖြစ်လျက်၊ ရှင်းဘုံမှာ ဖြစ်လျှင် ဖြစ်ခြင်း၊

အာသဝေါ ကုန်ခန်း၍၊ အရဟတ္တ ဖိုလ်သို့ တခါတည်း ရောက်တော်မူသည်။

ဒီလိုရောက်တာဟာ ပက္ကုသာတိ မင်းကြီးနှင့် တကွ။ ခုနှစ်ဦးရှိသည်။ ဥပက, ပလဂဏ္ဍ, ပက္ကုသာတိ, ဘဒ္ဒိယ, ခဏ္ဍဒေဝ, ဗာဟိယ, သုဒ္ဓေါဒန, ဤခုနှစ်ဦးတို့သည်၊လူ့ပြည်မှ အနာဂါမ် တည်ပြီးနောက်– အဝိဟာ ဘုံသို့ ရောက်လျှင်-ရောက်ခြင်း၊ ရဟန္တာဖြစ်တော်မူကြလေသည်။

ပက္ကုသာတိမင်းကြီး-သုဒ္ဓေါဒနမင်းကြီးတို့ ရဟန်းပြုရန် သက်နိုးရှာကြခြင်း အကြောင်းရင်းသည်၊ ရှေးအတိတ် ကာလက-သင်္ကန်း-ပရိက္ခရာ မလှူဘူး။ မိမိ ကိုယ်တိုင်လည်း မဝတ်ခဲ့သောကြောင့်၊ ယခုဘဝ ဝိပါကဝင်၍လိုက်ပြီးရှာ၍ပင် မရ ဖြစ်ရလေသည်။ ပက္ကုသာတိမင်းကြီး နွားခွေ့ခြင်းကို အရင်း စစ်လိုက်ပြန်လျှင် ရှေးဘဝက—ရန်ညှိုးရှိခဲ့ကြသော ကြောင့်တည်း။ ပက္ကုသာတိမင်း- သုပ္ပဗုဒ္ဓလူနု-ပါဟိယဒါရု စိရိယ, တမ္ဗဒါဌိကသူသတ်ကြီး-ဤလေးဦးတို့၏အလောင်း၊ သူဌေးသား လေးယောက် တို့သည် ပြည့်တန်ဆာမ တ ယောက်ကို ဥယျာဉ်ထဲသို့ခေါ်၍-ငွေတထောင် ပေးပြီးလျှင်၊ တနေ့လုံး ပျော်ပါးကြသည့်ပြင်၊ ညကိုပင် ပြန်မလွှတ်ဘဲ ပေးထားသော ငွေတထောင်နှင့် လက်ဝတ် လက်စား တန် ဆာပလာများကို ဖြုတ်ယူ၍၊ ဤမိန်းမကို သတ်ကြလေ၏။ ထိုပြည့်တန်ဆာမသည်၊ သေခါနီးဆဲဆဲ ငါ့အား မထေရး နှိပ်စက်သော ဤယောက်ျားတို့ကို ဖြစ်ရာ ဘဝတိုင်း-ဘဝ

တိုင်း၊ ဘီလူးမဖြစ်၍ အသင်တို့အား၊ ကိုက်စား ဝါးမျို၍ နိုင်ရသောဘဝ ဖြစ်ပါစေသတည်း။

ဤရန်ဆက်ကြောင့်-ဘဝတိုင်း-ဘဝတိုင်း- တွေ့ရသည့်ပြင်၊ ယခုဘဝမှာလည်း ဘီလူးမ ဖွားဟန်ဆောင်၍ နောက်ဆုံး ဓာတ်သိမ်းခန်းဖြင့် ခွဲသတ်ခြင်းခံရသည်။ ။ဤကား-လွန်ခဲ့သော အတိတ်ဘဝက သာသနာနှင့် ကွဲကွာ၍နေခဲ့မိသောတဘဝကြောင့် ယခုလိုသက်နီးမပတ်ရဘဲ နေရခြင်းဖြစ်သည်။

အမြတ်ဆုံးသော ရတနာ— အရဟံ ဂုဏ်တော် ထူးကိုရာဇရာဇပြို ဟဲပြည့်ရှင်ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ မေတ္တာ-စေတနာလက်ဆောင်ပဏ္ဏာတော်ကို အစအဆုံးစေးသုံးတော်မူရသဖြင့်၊ တပြည်မှတပြည် အေးမြသာကြည်စွာ ရွှေလမ်းငွေလမ်း လောကီ အလုပ်စခန်းများ ချစ်ကျွမ်းဝင်စွာ၊ဆက်သွယ် ကူးစပ်ကြသည့်ပြင်၊ လောကုတ္တရာမှာ ပင်လည်း၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ အရဟံအစစ်အမှန်ကြီးများကို ကျင့်ကြံကြိုးကုတ်-အားထုတ် ပြုလုပ်ရပါသောကြောင့်၊ မင်းရာဇာနှစ်ပါးနှင့် တိုင်းသူပြည်သား လူအများတို့သည်၊ ငြိမ်းချမ်းသာယာ-ဘယာလွတ်ကင်း၊သာယာဝပြောခြင်းဖြစ်ကြ၍၊ အဆုံးတနေ့၌-သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ကြပြီးလျှင်၊ ပြည့်နိဗ္ဗာန်ရွှေနန်းသို့ စံမြန်းတော်မူကြလေပြီ။ ဤကဲ့သို့ ဓာတ်နိပါတ်တော်ကို ထောက်မျှော် မှန်းဆ၍ ကြည့်လိုက်ကြလျှင်၊ ကမ္ဘာကြီးတခုလုံး အမြတ်ဆုံးသော ရတနာသည်၊ ဘုရားရတနာ၊

တရားရတနာ၊ သံဃာရတနာ၊ ထိုရတနာများသည်လျှင်ကမ္ဘာ ကြီးတခုလုံး အကောင်းဆုံး အမြတ်ဆုံး အချမ်းသာဆုံးကြီး ပင် ဖြစ်ပါကြောင်း။

သို့ပါသောကြောင့်- ရှင်းဘုရားဂုဏ်တော်၊ တရားဂုဏ် တော်၊ သံဃာ့ဂုဏ်တော်ကြီးများကို ဘုရား သာသနာ လူ လာ၍ဖြစ်ကြသည့်အခါ၊ လူဖြစ်ကျိုးနပ်ကြစေခြင်းအကျိုးငှါ၊ ပါဠိအနက် အဓိပ္ပါယ်တို့ကို သိအောင်–တတ်အောင်–သင် အံ လေ့ကျက် ဆောင်ရွက် မှတ်သား ကြပြီး ၍၊ မသေ မပျောက်ခင် ကျင့်ကြံကြိုးကုတ်- အားထုတ်ကြမည် ဆိုပါ လျှင် ပဏ္ဍုသာတိ ဘုရင်မင်းကဲ့သို့ အနာဂါမ် ရဟန္တာဖြစ် ပြီးလျှင်၊ နိဗ္ဗာန်ရွှေနန်း စံမြန်းကြရမည်ဖြစ်ပါသောကြောင့်၊ ဗုဒ္ဓမြတ်စွာ သာသနာတော်တွင်း လူဖြစ်ခြင်း အကျိုးနပ် ကြစေရန်။ "ဗုဒ္ဓဝါဒ ကမ္ဘာ့ရွှေဘုန်းတော်" ကျမ်းထုံးကြီး ကို လူတိုင်း ကျင့်ကြံကြိုးကုတ် -အားထုတ်ကြလော့.......လူ မှန်လျှင်–တတ်ရမည်။ သိရမည်။ လုပ်ရမည်- ဒါမှ လူဖြစ် ကျိုးနပ်မည်။

---

### (အထူးသတိပြုရန်–မှတ်ချက်။)

အထက်ပါ ဂုဏ်တော်ပါဠိ- အနက် အဓိပ္ပါယ်တို့ကို။ သင်အံ လေ့ကျက် ဆောင်ရွက် မှတ်သား၍။ ကျင့်ကြံ ကြိုး ကုတ် အားထုတ်သောသူ၏၊ ခန္ဓာကိုယ်ခေါင်းပေါ်၌။ သာ သနာတည်ရှိသည်။ ထွန်းတောက်ပသည် ဟူ၍မှတ်။ ပါဠိ

အနက် အဓိပ္ပါယ်တို့ကိုလည်း။ သိနားမလည်။ သင်အံ လေ့ကျက် ဆောင်ရွက်မှတ်သားခြင်း မရှိ။ ကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်း လုံးလုံးမျှ မရှိသော သူ၏ ခန္ဓာကိုယ် ခေါင်းပေါ်၌ သာသနာ တည်ခြင်း မရှိ။ သာသနာပသော ခန္ဓာကိုယ် ဟူ၍မှတ်။ လူ့ဘဝ ရသော်လည်း ဆန်ကုန်မြေလေးမျှသာ ဖြစ်သည့်ပြင် အောက်နရက် အပါယ်တခွင်သို့ တိုးဝင်ရမည့် လမ်းတလမ်းသာ ရှိတော့သည်။အထက်ပါ ဂုဏ်တော်ပါဠိ-အနက်အဓိပ္ပါယ်တို့ကို သိရှိနားလည်၍၊ ကျင့်ကြံအားထုတ်သောသူသည်၊ ဘုရားသားတော် သမီးတော် ဖြစ်သော လူသားစင်စစ် ဟူ၍မှတ်။ မသိ နားမလည်- အားမထုတ်သော ဟောရမ်း သောသွမ်း၍ နေသော မိန်းမ-ယောကျ်ားများသည်။ လူစင်စစ်က။ ဘီလူးဖြစ်သည် ဟူ၍မှတ်။ သို့ဖြစ်၍(၉)ခုနှစ်အတွင်း၊ဘေးဆိုး-ရန်ဆိုးကြီးတို့နှင့် လွတ်ကင်း၍၊ဆယ်ခု- ဆဲ့တခုနှစ်မြောက် ထွန်းတောက်သည့် သာသနာ-ဗမာ့အောင်ပွဲကြီးကို (၇) ရက် သားသမီးတိုင်း ဝင်နွှဲနိုင်ကြရန်။ မိမိကိုယ်ကို။ ဘီလူးစည်းနှင့် လူ့စည်း အသီးသီး ခွဲထုတ်၍၊ အထက်ပါ ဂုဏ်တော်ကြီးများကို အားထုတ်ကြလေ။ မဂ်ဖိုလ် နိဗ္ဗာန်သို့ အမြန် ရောက်နိုင်သော လမ်းတော်ကြီးတည်း။

လောကီအတွက်။အရဟံဂုဏ်တော်နှင့် ထွက်ရပ်ပေါက် လိုကြလျှင်၊
နည်းမှန်,လမ်းမှန်ရဘို့ အရေးကြီးသည်—သတိပြု။

# "ထွက်ရပ်ပေါက် ဝိဇ္ဇာကြီး ....."

## ဘိုးဘိုးအောင်.......

(အဓိဋ္ဌာန် ပုတီး စိတ်နည်း ။)

ကြြောင်းနမော ဗုဒ္ဓါယ-သောဘဂဝါ ဣတိပိ-အရဟံ၊
ကြြောင်းနမော ဗုဒ္ဓါယ-သောဘဂဝါ ဣတိပိ- သမ္မာသမ္ဗုဒ္ဓေါ၊
ကြြောင်းနမော ဗုဒ္ဓါယ-သောဘဂဝါ ဣတိပိ-ဝိဇ္ဇာ စရဏ သမ္ပန္နော။
ကြြောင်းနမော ဗုဒ္ဓါယ-သောဘဂဝါ ဣတိပိ၊ သုဂတော၊
ကြြောင်းနမော ဗုဒ္ဓါယ၊ သောဘဂဝါ ဣတိပိ၊ လောကဝိဒူ၊
ကြြောင်းနမော ဗုဒ္ဓါယ၊ သောဘဂဝါ ဣတိပိ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊
ကြြောင်းနမော ဗုဒ္ဓါယ၊ သောဘဂဝါ ဣတိပိ၊ သတ္ထာဒေဝ မနုဿာနံ၊
ကြြောင်းနမော ဗုဒ္ဓါယ၊သောဘဂဝါ ဣတိပိ၊ ဗုဒ္ဓေါ၊
ကြြောင်းနမော ဗုဒ္ဓါယ၊ သောဘဂဝါ ဣတိပိ၊ ဘဂဝါ၊

(အဓိဋ္ဌာန် ပုတီးစိတ်နည်း။)

အလုံးရေ တရာရှိသောပုတီးနှင့် ဤဂုဏ်တော်ကိုးပါးကို တညဉ့်လျှင် တပါးကျ အထက်က။ ပြထားသည့်အတိုင်း—ပုတီးစိတ်ရမည်။ ယနေ့ညဉ့် အရဟံ ဂုဏ်တော် တပါးကို ပုတီး စိတ်လျှင်— နောက်ညဉ့်၌ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်

ကို ပုတီးတပတ် စိတ်လေ။ ဤကဲ့သို့ ဂဏ်တော် တပါး တည့်ထား၍။ ၉ ညွှတ် စေ့အောင် စိတ်လေ။ ပဌမအကြိမ် ပြီး၏။

၎င်းနောက် ဒုတိယအကြိမ်၌ အရဟံ ဂုဏ်တော်က- ပြန်၍ ဂုဏ်တော်တပါး တည့်ထားပြီး ၂-ပါတ်ကြ၊ ၉ ညွှတ် စိတ်လေ။ ဒုတိယအကြိမ် ပြီး၏။

ဤအထက်ပါ နည်းအတိုင်း တပါတ်တိုး၍ (၃) ပါတ်ကြ ၉-ညွှတ်စိတ်၊ တတိယအကြိမ်ပြီး၏။ ထိုနည်းအတူ၊ တပါတ် တပါတ် တိုး၍ တိုး၍သွားပြီးလျှင်(၄)ပါတ်ကြ၊ ၉-ညွှတ်စိတ်။ စတုတ္ထအကြိမ် ပြီး၏။ (၅) ပါတ်ကြ ၉ ညွှတ်စိတ်။ ပဉ္စမ အကြိမ်ပြီး၏။(၆)ပါတ်ကြ ၉-ညွှတ်စိတ် ဆဋ္ဌမအကြိမ်ပြီး၏။ (၇)ပါတ်ကြ ၉ ညွှတ်စိတ် သတ္တမအကြိမ် ပြီး၏။ (၈) ပါတ် ကြ ၉ ညွှတ်စိတ် အဋ္ဌမအကြိမ်ပြီး၏။ (၉) ပါတ်ကြ ၉-ညွှတ် စိတ် နဝမအကြိမ်ပြီး၏။ဤကဲ့သို့ ဂုဏ်တော်တပါး၊ တည့်ထား၍ စိတ်သွားရာ ရက်ပေါင်း(၈၁)ရက် ပုတီးပတ်ပေါင်း (၄၀၅)ပတ် ဂုဏ်တော်ပေါင်း(၄၀၅၀၀)ရလျှင် လိုရာဆန္ဒ အလုံးစုံ အောင်မြင်ပြီး ပုတီးပါတ်သာ မများစေနှင့်– အနက် အဓိပ္ပါယ်ကို အာရုံပြု၍ စိတ်နိုင်လျှင် သာလွန်၍ကောင်း၏။

## ပုတီးမစိတ်မီ အဓိဋ္ဌာန်ပြုရန်။

ဘုရားရှေ့တွင် ညွှတ်စဉ် အဓိဋ္ဌာန် သီလ ဆောက်တည် ပြီးလျှင် ပရိတ်တော် ဝမ္မစက်၊ ရွတ်ဘတ် သရဏ္ဍာယ်၍ မေတ္တာအလှူးမှိုရမည်။ ၎င်းမေတ္တာပို့ပြီးလျှင် ဆရာသမား– မိဘ–ဘိုးဘွား အသက်ကြီးသောသူ၊ ဝါကြီးသော သူတို့

နှင့်တကွ၊ ကိုယ်စောင့်နတ် အိမ်စောင့်နတ် မြို့စောင့်နတ်–ရွာစောင့်နတ် တောစောင့်နတ် တောင်စောင့်နတ် ရုက္ခစိုး–ဘုမ္မစိုး၊အာကာသစိုး၊စတုမဟာရာဇ်–တာဝတိံသာ စသော သိကြား-ဗြဟ္မာ၊ နတ်ဒေဝါတို့ကိုရင်း၊ အတွင်း(၃၇)မင်း–အပြင်(၃၇)မင်း၊မြို့တော်ရှင်-ရွာတော်ရှင်-နယ်ရှင်၊ ပယ်ရှင်တို့နှင့်တကွ။ စတုလောကပါလာ သာသနာစောင့် နတ်မင်းကြီးတို့ကိုရင်း၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဝိဇ္ဇာ-ဇော်ဂီ-တပသီတို့နှင့် တကွ၊ ဘိုးဘိုးအောင် စသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးကြီးတို့ကိုရင်း၊ အရှေ့ နေထွက် အနောက်နေဝင်း တောင်တငါ့ကွန်း မြောက်ရှုဝံကြယ်–ကျွန်းကြီး လေးကျွန်းနှင့်တကွ၊ ကျွန်းငယ်နှစ်ထောင် ရေ–မြေ, တော, တောင်, သမုဒ္ဒရာ ကုန်းနေ ၉–ကုဋေ–ရေနေ ၁၀-ကုဋေ တောဘုမ္မက ဝေဿယျ သုခိတ– ဒုက္ခိတ–, သတ္တဝါ သက်ရှိ-သက်မဲ့ အလုံးစုံတို့ကို၊ အကုန်အစင် အမျှ အတန်းဝေပြီးလျှင် ဝသုန္ဒြေ-၏မြေစောင့်နတ်ကို သက်သေ အရာ၌ တည်ရမည်။

## သစ္စာပြု၍ တိုင်တည်ရန်။

ကျွန်ုပ်သည် ဘုရား–တရား–သံဃာ– ဆရာ, မိဘ,တို့ အား ရှိခိုးပူဇော်ပြီးလျှင် ဆောက်တည်ခဲ့သော သီလ–ပြုခဲ့သော ဒါန၊ စီးဖြန်းခဲ့သော သမထ ဝိပဿနာ– ပရိတ်–မေတ္တာ– ဘာဝနာတို့၏ တန်ခိုး ရှိန်စော် အာနုဘော်တို့ကြောင့်၊ အကျွန်ုပ်ကိုလည်း ဘေးအန္တရာယ်– ကာကွယ်

စောင့်ရှောက်ကြပြီးလျှင်၊ အဓိဋ္ဌာန်ပုတီးပါတ်- ပြီးမြောက်၍၊ အလုံးစုံ အောင်မြင်ခြင်းသို့ ရောက်အောင် အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဝိဇ္ဇာ-ဇော်ဂီ တပသီအမျိုးမျိုး ဘိုးဘိုးအောင်နှင့်တကွ၊ သိကြား- ဗြဟ္မာ နတ်ဒေဝါတို့သည် ညီညာဖြဖြ- ကူညီစောင့်ရှောက်တော် မူကြပါစေသား-အောင်ဘာစေသောဝ်။ အောင်စေသောဝ်။

## (အတိတ်ထူး-နိမိတ်ထူး။)

အထက်ပါ ဝတ်နိဗဒ်အတိုင်း--ညဥ့်စဥ် ဝတ်ပြု၍ ဘုရားရှေ့တွင် ထိုင်လျက် မိမိစိတ်ရမည့် ပုတီးပါတ်နှင့် အာရုံပြုရမည့် ဂုဏ်တော်ကို ရှေ့ရှု သတိမူပြီးလျှင် မျက်စိကိုမှိတ်၍ ပုတီးပါတ် မပြည့်မှီအတွင်း လှုပ်ရှားခြင်း မပြုဘဲ-အထူး သတိပြု၍ စိတ်ကြရမည်။ သီလ ပျက်လျှင် ၎င်း။ အဓိဋ္ဌာန် ပျက်လျှင်၎င်း။ ပုတီးပါတ်မှားလျှင်၎င်း။ မကောင်းသော-တိတ်နိမိတ်တို့နှင့်တကွ အိမ်မက်မြင်မက်လျှင် ပျက်ပြီဟူ၍မှတ်လေ။

မိမိ သီလ စင်ကြယ်၍ အဓိဋ္ဌာန်မပျက်ဘဲ ပုတီးပါတ်မမှားမယွင်းခဲ့ပါလျှင် ကောင်းသော အတိတ်ကြီးနိမိတ်ကြီးနှင့်တကွ။ တညဥ့်ထက် တညဥ့် ထူးသောအိမ်မက်များ မြင်မက်လျှင် အလုံးစုံအောင်မြင်ပြီဟူ၍ မှတ်ရမည်။ ပုတီးပါတ်မပြည့်မှီ အတွင်း တခုခုသော အာရုံနှင့် နှောက်ယှက်ဖျက်ဆီးတတ်သည် သတိပြုကြလေ။ ခေတ်ဆိုး- ခေတ်ကြမ်း-ခေတ်သရမ်းကြီးအတွင်း၌ ဘေးဆိုး-ရန်ဆိုး အမျိုးမျိုးတို့မှ လွတ်မြောက်၍ ဘုန်းရှင်- ကံရှင်- သဏ္ဌာရှင်ဖြစ်သော သာ

သနာ့ ဒါယကာ မင်းကောင်းမင်းမြတ်တို့နှင့် တွေ့ဆုံလိုကြသော ၇-ရက် သားသမီးတို့သည်။ အထက်ပါ ထွက်ရပ်ပေါက် ဝိဇ္ဇာကြီး ဘိုးဘိုးအောင်၏။ အဓိဋ္ဌာန်ပုတီးစိပ်နည်းကို လှူတိုင်းလှူတိုင်း ပုတီးစိပ်ကြရမည်။ အကျိုး အာနိသင် ရုံလင်စွာမပေါ် ပြတော့ပြီ။ အားထုတ်သောသူ၏ ကိုယ်တိုင်က၊ သက်သေခံလိမ့်မည်။ ယုံယုံကြည်ကြည်နှင့်လက်တွေ့ စမ်းသပ်ကြည့်ကြလေ။ ယခုအခါ အထူးအရေးကြီး၍လာပြီ။ အားထုတ် ကြကုန်လော့။ ထိုကဲ့သို့ အဓိဋ္ဌာန် စိတ်ပုတီးကို ညဥ့်စဉ်-ညဥ့်တိုင်း ပွါးများ အားထုတ်ကြသော သူများကို အထက်က ပြဆိုခဲ့သော အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဝိဇ္ဇာ- ဇော်ဂျီ၊ တပသီ တို့နှင့် တကွ၊ ဘိုး ဘိုး အောင်-စသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတို့က စောင်မ ကြည့်ရှုလိမ့်မည်။

စစ်မက်ရေးရာ ကမ္ဘာကြီး ဆူပွက်နေသည့် အတွင်း- ထား, လှံ, သေနတ်, ဗုံး, အမြောက် စသော လက်နက်တို့နှင့်တကွ ဘေးဆိုး-ရန်ဆိုး-အန္တရာယ်ဆိုး အမျိုးမျိုးတို့ကို ထွက်ရပ်ပေါက် ဝိဇ္ဇာကြီးတို့က ကာကွယ်၍ ပေးလိမ့်မည်။ ဘုန်းရှင်, ကံရှင်, သမ္ဘာရှင် ဖြစ်သော သာသနာပြု မင်းကောင်းမင်းမြတ်များ ပေါ်ပေါက် ကြွရောက်လာသည့် အခါ။ ဤသူသည် ဘုရား ဂုဏ်တော်ကို အဓိဋ္ဌာန် စိတ်ပုတီး စိပ်သောသူဟူ၍ အသင့်ကို ထွက်ရပ်ပေါက် ဝိဇ္ဇာကြီးတို့က သက်သေခံလိမ့်မည်......။

အဓိဋ္ဌာန်ပုတီးစိပ်သည့်အခါအတွင်း ဘုရား-တရား- သံဃာ- ဆရာ, သမာဒေဝနတ် ဘိုးဘိုးအောင် စသော

ဇုဋ္ဌိလ်ထူးကြီး များကို ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး– တပွဲစီ တပွဲစီပြင်၍ ပူဇော် ပ,သပြီး။ ပင့်ဘိတ်လေ။ ယုံယုံ ကြည်ကြည်နှင့် အားထုတ်လျှင် ဒိဋ္ဌဓမ္မအကျိုးပေးလိမ့်မည်။

## (လင်္ကာ။)

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ကမ္ဘာ နေသရွေ့ တောက်စေသောဝ်။

၂။ ဗုဒ္ဓရာဇာ၊ မင်းစကြာ၊ ဗမာပြည်သို့ ရောက်စေသောဝ်။

၃။ ဗုဒ္ဓဘာသာ၊ ဝေဟာယျာ၊ ခေမာနန်းမြို့ ပေါက်စေသောဝ်။

၄။ တိလောကမည်သာ၊ မထေရ်ငါ၊ ကမ္ဘာ အားလုံး ရောက်စေသောဝ်။

၅။ ငါ၏မေတ္တာ၊ စေတနာ၊ ကမ္ဘာအားလုံး ပေါက်စေသောဝ်။

ဤကား–ရတနာပုံဆရာတော်၏ မေတ္တာလက်ဆောင်။

(ဘိုးဘိုးအောင် ပုတီးစိတ်နည်း……ပြီးပြီ။)

အောင်ဘာစေသောဝ်။ အောင်စေသောဝ်။
အောင်ပါစေသား။ အောင်စေသား။
အောင်ပါစေသတည်း။ အောင်စေသတည်း။

မန္တာန် ဝိဇ္ဇာ ဂိုဏ်းတော်ကြီး၏ အသျှင်ဖြစ်တော်မူသော
ရတနာပုံ ဦးတိလောက ဆရာတော်သည်
အထူးထုတ်ဝေတော်မူသော

# စည်းသုံးတန်—မန္တာန်တော်။

## ပဌမ စည်းတတန်။

---

သီရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏေ။
ဝါမအံသေ မောဂ္ဂလာနော၊ ပုရတော ပိဋကတ္တယံ
ပစ္ဆိမေ-မမ အာနန္ဒော၊ စတုဒ္ဒိသာ ခီဏာသဝါ။ ။
သမန္တာ ဝေလာကပါလာစ၊ ဂုတ္တာဒေဝါ သမြပ္ပကာ။
ဧတေသံ အာနုဘာဝေန၊ အန္တရာယော ဝိနဿန္တု။

**အထက်ပါ ဂါထာ၏ အဓိပ္ပါယ်ကား။**

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်၊ တပည့်တော်၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူပါဘုရား။

အရှင်မဟာ သာရိပုတ္တရာ ရဟန္တာကြီးသည်၊ တပည့်တော်၏ လက်ျာဘက်၌ ကိန်းဝပ်တော်မူပါဘုရား။

အရှင်မဟာ မောဂ္ဂလာန် ရဟန္တာကြီးသည်၊ တပည့်တော်၏လက်ဝဲဘက်၌ ကိန်းဝပ်တော်မူပါဘုရား။

ပိဋကတ်-ဓမ္မက္ခန္ဓာတော်အပေါင်းသည်၊ တပည့်တော်၏ ရှေ့အဘို့၌ ကိန်းဝပ်တော်မူပါဘုရား။

အရှင် အာနန္ဒာ ရဟန္တာကြီးသည်၊ တပည့်တော်၏ နောက်အဘို့၌ ကိန်းဝပ်တော်မူပါဘုရား။

စတုလောကပါလ၊ သာသနာစောင့် နတ်မင်းကြီးလေးပါးတို့နှင့် တကွ။ သိကြား—ဗြဟ္မာ- နတ်ဒေဝါ အပေါင်းတို့သည်၊ ကျွန်ုပ်၏ ထက်ဝန်းကျင် အရပ်၌ တည်နေ စောင့်ရှောက်ကြပါကုန်လော။

ထိုဘုရား- ရဟန္တာ- ဓမ္မကျွန္တာတို့နှင့် တကွ။ သိကြား ဗြဟ္မာ,နတ်ဒေဝါ အပေါင်းတို့၏ ထန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် ဘေးဆိုး၊ ရန်ဆိုး၊အန္တရာယ်ဆိုး အမျိုးမျိုးတို့သည်။ ကင်းစင်ပပျောက်၊ လွတ်မြောက်ပါစေသတည်း......ဟု မိမိ အလိုရှိသော နေရာ အရပ်တို့ကို ပိုင်းခြား သတ်မှတ်၍ ရွတ်ဘတ်သရဇ္ဈာယ်ပြီးလျှင် ပဌမ စည်းတတန် တားဆည်းလေ။

## ဒုတိယ စည်းတတန်။

၁။ သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပတ္တာ။ ပစ္စေကာနုဗ္ဗ ယံဣဒ္ဓိံ၊ အရဟန္တာနုဗ္ဗ တေဇေန။ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
တနင်္ဂနွေထောင့်ကိုအာရုံပြု၍ ရွတ်ဘတ် သရဇ္ဈာယ် ရမည်။ (အရှေ့မြောက်ထောင့်ကိုခေါ်သည်။)

၂။ သဗ္ဗေဗုဒ္ဓါ ခေမပတ္တာ၊ ပစ္စေကာနုဗ္ဗ ယံခေမံ။ အရဟန္တာနုဗ္ဗ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
တနင်္လာအရပ်ကို အာရုံပြု၍ ရွတ်ဘတ်သရဇ္ဈာယ် ရမည်။ (အရှေ့အရပ်ကို ခေါ်သည်။)

၃။ သဗ္ဗေဗုဒ္ဓါ ဇယပတ္တာ၊ ပစ္စေကာနုဗ္ဗ ယောဇယော။ အရဟန္တာနုဗ္ဗ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အင်္ဂါထောင့်ကို အာရုံပြု၍ ရွတ်ဘတ် သရဇ္ဈာယ် ရမည်။ (အရှေ့တောင်ထောင့်ကို ခေါ်သည်။)

၄။ သဗ္ဗေ ဗုဒ္ဓါ လာဘာ ပတ္တာ၊ ပစ္စေကာ နဉ္စ ယောလာဘော။ အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဗုဒ္ဓဟူးအရပ်ကို အာရုံပြု၍ ရွတ်ဘတ် သရဇ္ဈာယ် ရမည်။ (တောင်အရပ်ကို ခေါ်သည်။)

၅။ သဗ္ဗေဗုဒ္ဓါ တေဇပတ္တာ၊ ပစ္စေကာနဉ္စ ယောတေဇော။ အရဟန္တာ နဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

စနေထောင့်ကို အာရုံ ပြု၍ ရွတ်ဘတ် သရဇ္ဈာယ် ရမည်။ (အနောက် တောင်ထောင့်ကို ခေါ် သည်။)

၆။ သဗ္ဗေဗုဒ္ဓါ ဗလပတ္တာ၊ ပစ္စေကာနဉ္စ ယံဗလံ၊ အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ကြာသပတေး အရပ်ကို အာရုံပြု၍ ရွတ်ဘတ်-သရဇ္ဈာယ်ရမည်။ (အနောက်အရပ်ကို ခေါ်သည်။)

၇။ သဗ္ဗေ ဗုဒ္ဓါ ယသပတ္တာ၊ ပစ္စေကာနဉ္စ ယောယသော။ အရဟန္တာ နဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ရာဟုထောင့်ကို အာရုံပြု၍ ရွတ်ဘတ် သရဇ္ဈာယ် ရမည်။(အနောက်မြောက်ထောင့်ကို ခေါ်သည်။)

၆။ သဗ္ဗေဗုဒ္ဓါ သိရိပညာ၊ ပစ္စေကာ နုဂ္ဂ ယာသိရီ။ အရဟန္တာနုဂ္ဂ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ သောကြာအရပ်ကို အာရုံပြု၍ ရွတ်ဘတ်သရဇ္ဈာယ် ရမည်။(မြောက်အရပ်ကို ခေါ်သည်။)

၁။ သဗ္ဗေဗုဒ္ဓါ ဍာဒ္ဓိပညာ၊ ပစ္စေကာနုဂ္ဂ ယာဍာဒ္ဓိ၊ အရဟန္တာနုဂ္ဂ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ တနင်္ဂနွေထောင့်ကို အာရုံပြု၍ ရွတ်ဘတ် သရဇ္ဈာယ် ရမည်။ (အရှေ့မြောက်ထောင့်ကို ခေါ်သည်။)

အထက်ပါ-စည်းချမန္တာန်တော်ကြီးကို မိမိမွေးနေ့ကျရာ အရပ်ကနေ၍၊ ၎င်းမွေးနံ ဂါထာက စပြီးလျှင်၊ ရွတ်ဘတ် သရဇ္ဈာယ်လေ။ အထက်ပါ မန္တာန်တော် အစဉ်သည်၊ တနင်္ဂနွေ သားသမီးများအတွက် ဤနည်းအတိုင်းပင် ရွတ်ဆိုရမည်။ တနင်းလာသားသမီးများသည်။တနင်းလာအရပ်ကစပြီးလျှင် အစဉ်အတိုင်းဆို၍ တနင်းလာပြန်၍ချုပ်ရမည်။အင်္ဂါ-ဗုဒ္ဓဟူးစသော နေ့များလည်း၊ထို့အတူပင်၊ မိမိမွေးနံ အရပ်ကစ၍ အစဉ်အတိုင်း မိမိမွေးနံအရပ်သို့ တိုင်အောင် ပြန်၍ ချုပ်လေ။

မိမိအလိုရှိရာ ရှစ်မျက်နှာကို ပိုင်းခြား သတ်မှတ်ပြီးလျှင် ဘုရားပစ္စေကဗုဒ္ဓါ–ရဟန္တာသာဝကအပေါင်းတို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်။ အလုံးစုံသော ဘေးဆိုး ရန်ဆိုး,အန္တရာယ်ဆိုး အမျိုးမျိုးတို့သည်။မလာမရောက်နိုင် အောင်၊ ဖွဲ့စည်းတော်မူကြပါစေသတည်းဟု စည်းတတန် တားဆည်းလေ။

## တတိယစည်းတာတန်၊

ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော။ ။အနန္တရ ပစ္စယော။ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော။ ။အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော။ ။ပုရေဇာတ ပစ္စယော။ ပစ္ဆာဇာတ ပစ္စယော။ အာသေဝန ပစ္စယော။ ။ ကမ္မ ပစ္စယော။ ဝိပါက ပစ္စယော။ အာဟာရ ပစ္စယော။ ။ ဣန္ဒြိယ ပစ္စယော။ ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော။ ။ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော။ ။နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယောတိ။ ။ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော။

(ဂစ္ဆ အမုမှိ ဩကာသေ-တိဋ္ဌတိ) သုံးခေါက်ဆို။

အထက်ပါ ပဋ္ဌာန်းပါဠိတော်ကြီးကို မိမိမွေးနံ့ အရပ်က စ၍ လက်ယာရစ် လှည့်လည်ခါ၊ အရပ် ရှစ်မျက်နှာ၌။ သုံးပတ်စည်းစီ၊ မိမိမွေးနံ့ အရပ်သို့ တိုင်အောင် စည်းချလေ။ ။ ၎င်းစည်းသုံးတန် မန္တန်တော်များကို၊ အိပ်ရာဝင်၊ အိပ်ရာထ၊ စားခါနီး၊ သွားခါနီး၊ ကိစ္စကြီးငယ် အသွယ်သွယ်တို့၌ မပြတ် ရွတ်ဘတ် သရဇ္ဈာယ်လေ……အိမ်သစ်၊ ယာသစ်၊ ကျောင်းသစ်၊ ကန်သစ်၊ ဆေးဝါး-မန္တယား အထူးပြုလုပ်ကြသည့်အခါ၊ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်၊

ဆန်မန်းပေါက်ပေါက်တို့ကို မိမိအလိုရှိရာ အရပ်ဌာန ပိုင်းခြားသတ်မှတ်၍......။

ပဌမ စည်းတတန် ရွတ်ဘတ်သည့်အခါ တကြိမ်တားဆည်းလေ။

ဒုတိယ စည်းတတန် ရွတ်ဘတ်သည့်အခါ တကြိမ်တားဆည်းလေ။ ။

တတိယ စည်းတတန် ရွတ်ဘတ်သည့်အခါ တကြိမ်တားဆည်းလေ။ ။

ဤကား၊ စည်းသုံးတန် မန္တာန်တော် အထူးတည်း။ ဥာဏ်ရှိသလို သုံးစွဲကြလေ။ ။

ကျေးဇူးရှင် ခုပ်သျှစ်ကြီး ဆရာတော် ဘုရားကြီး၏ ဩဝါဒမှုရင်းတော်ကြီးဖြစ်ပါ၍ ယောကျ်ား၊ မိန်းမ၊ လူတိုင်း ကျက်မှတ်၍ အမြန်ဆောင်ရွက်ကြလေ။ ။

အသူ။ ။ရတနာပုံ ဆရာတော်- အမြဲအားထုတ်လျက်ရှိသော ဗုဒ္ဓရာဇာ ကျင့်စဉ်တော်ကြီး မကြာမှီ ထွက်ပေါ်တော့မည်ဖြစ်၍ ဘုန်းကန် ပါရမီရှိသောသူများ ရကြလိမ့်မည်။ ။မျှော်ပါ။

ရတနာပုံဆရာတော် - မန္တာန် ဝိဇ္ဇာဂိုဏ်းတော်ကြီး။

ရန်ကုန်နေပြည်တော်။

ဗုဒ္ဓရာဇာ–ကမ္ဘာ့ပြု–ဂိုဏ်းတော်ကြီးမှ အရေးတကြီး
ထုတ်ဝေတော်မူလိုက်သော
ဘိုးဘိုးဘုရား၏

# ပြည်တော်ဝင် အောင်အိုးနှင့်

## ပွဲထိုးနည်း–နိသျှည်း။

(**အတုနှင့်အစစ် ခွဲရမည်**)။ ။ယခုခေတ်အခါ ယောင်ဝါးဝါး ဆရာများနှင့် အိမ်နီးနားချင်း၊ လူတသင်းတို့၏ သွေးဆောင် တိုက်တွန်း မှုကြောင့် အချို့ ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည်၊ ပွဲအမျိုးမျိုးပြုလုပ်ကြခြင်းမှာ အတုနှင့်အစစ် မခွဲခြားနိုင်ဘဲ၊ သူလဲလုပ်- ငါလဲလုပ်မည်ဟု ပြုလုပ်ကြသည့်အခါ၊မဟုတ်လို့မဖြစ်၊မဖြစ်လို့မရ၊မရ လို့မအောင်မြင်ခဲ့သော်၊ မဟုတ်ပါဘူး၊ မဖြစ်ပါဘူး၊ မရပါဘူး၊ မအောင်မြင်ပါဘူးဟု သူ့ရူးကဲ့သို့ ကဲ့ရဲ့ပြောဆို တတ်ကြလေသည်။ ဤကား–သူများ ယောင်လို့ယောင်၊ အမှောင် တောင်မှန်း-မြောက်မှန်း မသိသော အတုအပပြုလုပ်သောသူတည်း။ သူများပြောလို့ သူ များလုပ် လို့ ငါ လည်း လုပ် ရ မ ည် ဟု ယောင်ဝါးဝါးမလုပ်ကြနှင့်။ ရှေးလုပ်ထုံး -လုပ်စဉ် လမ်းမှန် လမ်းစစ်ကြီးကို သင်ယူမှတ်သားပြီးမှ ပြုလုပ်ကြပါ။ ဟုတ်မှ ဖြစ်ရမည်၊ဖြစ်မှရမည်။ရမှအောင်မည်ကား မလွဲပေ။ ဒါကြောင့် (**အတုနှင့်အစစ် ခွဲခြားရမည်**။)

(**ဆီမီးကာမခံနှင့်**)။ ။ဉပမာ၊ အိမ်တအိမ်၌ သူတပါး အတုပြုလုပ်ထားသော ယောက်ျားသည်၊ သို့မဟုတ် မိန်မ

သည် မိမိအိမ်တွင် ဂိုဏ်းတော်ကြီးပွဲဟူ၍ရင်း။ အထက်ဆရာကြီးပွဲ ဟူ၍ရင်း၊ ပြုလုပ်တတ်ကြ၏။ ဘယ်ဂိုဏ်းလဲ ဘယ်အထက်ဆရာကြီးလဲ၊လုပ်ရိုးလုပ်စဉ် ဘယ်လို ပြုကျင့်ရပါသလဲ။ ဒီအတိုင်းပြုလုပ်ပါလျှင် ဘာဖြစ်မလဲ။ ဘာဖြစ်လျှင် ဘာရမလဲ။ ဘာရလျှင် ဘာအောင်မြင်မလဲဟု ဆန်းစစ်ရလိမ့်မည်။ မိမိပြုကျင့်ရသော ကျင့်စဉ်နှင့် လုပ်ထုံး- လုပ်နည်းလမ်းစဉ်ကို တွင်တွင်ကြီး ရှင်းပြနိုင်မှ သာလျှင်၊ အကြောင်းက သည့်လို လာ၍၊ အကျိုးက သည့်လိုပါသည်ဟု ပြောတတ် – လုပ်တတ်ရမည်။ ဒါမှ လုပ်တိုင်းဖြစ်၊ ဖြစ်တိုင်းရ။ ရတိုင်း အောင်မည်ကို ၇ ရက် သားသမီးတိုင်း သတိပြုကြပြီးလျှင်၊ အောက်ပါအစီအစဉ်အတိုင်း ရှေးလုပ်ထုံး- လုပ်စဉ်ကြီးကို မိမိကိုယ်တိုင် လုပ်ကြည့်က အဟုတ်သိကြရမည်။ အကြောင်းမှန်မှ အကျိုးစံရသည်။ ဒါကြောင့် မိမိကိုယ်တိုင် တတ်ကျွမ်းနားလည်မှ သူတပါး (သိမ်ဘာမခံရမည်။)

**မလုပ်လျှင်နေ၊ လုပ်လျှင် လမ်းမှန်မှန်လုပ်ရမည်။**

သာသနာတဝက်ရောက်ခါနီး ကပ်ဆေး၍နေသော အချိန် အခါကြီးတွင် အားလုံးသော လူအပေါင်း တို့သည်။ အမြဲ့ဒ္ဒါန် ဝတ်ထားကြရန် အရေးကြီး၍ လာသဖြင့် ဗုဒ္ဓရာဇာ က မွှာပြုဂိုဏ်းတော်ကြီးမှ– အသုံးထုတ်ဝေတော်မူလိုက်သော ဘိုးဘိုးဘုရား၏ ပြည်တော်ဝင်အောင်ဒိုး–ကိုး ကွယ်နည်း နိသျှည်းနှင့် ပွဲထိုးနည်း-နိသျှည်းတို့ကို လုပ်ထုံးလုပ်စဉ် မူမှန်မူရင်းအတိုင်း အရေးတကြီး ထုတ်ဝေလိုက်

သည်။ ပွဲတင်ခြင်းမှာလည်း ဤနည်းအတိုင်းပင် အလုပ်လုပ်ရမည်။ အတုအပ မလုပ်နှင့်။ တော်အောင် ယော်အောင်မလုပ်နှင့်။ ။မလုပ်လျှင်နေ– လုပ်လျှင် သေမ်းမှန်မှန် လုပ်ရမည်။

## ပြုလုပ်ရန်အစီအစဉ်။

တပြည် ဝင်သော အိုးကိုယူ၍၊ ၎င်းအိုး၏ ဘေးပတ်လည်တွင် (ဘိုးဘိုးအုရား၏ မေတ္တာတော် ပြည်တော်ဝင်အောင်အိုး) ဟု– ရွှေကမွှည်းနှင့်ဖြစ်စေ၊ ဆေးရေးစာလုံးနှင့်ဖြစ်စေ၊-ရေးရမည်။ တအိုးလုံးရွှေချနိုင်က သာ၍ပင် ကောင်း၏။ ၎င်းအိုးကိုဖြစ်စေ၊ ပွဲကိုဖြစ်စေ ဥပုသ်နေ့ရက်တွင်၊ မိမိမွေးနေ့ နံက်ကစ၍။ ကျိုးမနိုးမှိ၊ ဘုရားတပွဲ။ တရားတပွဲ။ သံဃာတပွဲ။ ဆရာတပွဲ။ အမိအဖတပွဲ။ သိကြားမင်းတပွဲ။ နေနတ်သား, လနတ်သားတပွဲ။ ကမ္ဘာစောင့် နတ်မင်းများတပွဲ။ သာသနာစောင့်နတ်မင်းများ တပွဲ။ ဘိုးဘိုး ဘုရားနှင့် ဝိဇ္ဇာရှစ်သောင်းတပွဲ။ ပေါင်း ၁၁-ပွဲ ပြင်ဆင်၍ သက်သတ်လွတ်ဆွမ်း ၁၁ပွဲ။သစ်သီး ၁၁မျိုး။ ပန်း၁၁မျိုး။ ဆီမီး ၁၁တိုင်၊ ဝတ်ဖြူခင်းခြင်း-ရိုးခြင်းတို့ကို ပြုလုပ်ပြီးလျှင်၊ မိမိကိုယ်ကိုလည်း၊ ဝတ်ဖြူစင်ကြယ် ဝတ်၍ဖြစ်စေ၊ သို့မဟုတ်-သစ်လွင် သန့်ရှင်းသော အဝတ်များကို ဝတ်ဆင်ပြီးလျှင်၊ အစီအစဉ် ပြုလုပ်ထားသော ပွဲများကို တပွဲစီ–တပွဲစီ မြှောက်ချီ၍ ပင့်ဘိတ်ရမည်။ မိမိအလိုရှိသော အကြံအစည်များကို ပြည့်စုံရန် ကိုလည်း တောင်းခံရမည်။ ၎င်းစအောင်ပြုလုပ်သောနေ့၌၊ ဆယ်ပါးသီလဖြစ်စေ၊ ၉-ပါး ၈-ပါး ၅-ပါး

ဖြစ်စေ။ ဆောက်တည်၍ သက်သတ်လွတ် စားပြီး လျှင်။ မေတ္တာ အထူး ပွားပြီးသည့်နောက်၊ ပြည်တော်ဝင် အောင်အိုးကို ပင့်ချီလျက်။ ဘိုးဘိုးဘုရား-အကျွန်ုပ်အား။ ဘိုးဘိုးဘုရား၏ ဗုဒ္ဓရာဇာ ကဿပ ဂိုဏ်းတော်ကြီး၏ မဟာနန္ဒ ဝိဇ္ဇာ-သိဒ္ဓိပေါက် ထွက်ရပ်လမ်းသို့ စံမြန်းနိုင်သော တပည့်အဖွဲ့ဝင်ဟူ၍ အသိအမှတ် ပြုတော်မူပြီးလျှင်။ အမြဲမပြတ် ကူညီ စောင့်ရှောက်တော်မူပါ ဘုရားဟု မိမိခန္ဓာကိုယ်ကို အပ်နှင်းရမည်။ ပြည်တော်ဝင် အောင်အိုးကိုလည်း အပ်နှင်းရမည်။ ၎င်းအောင်အိုး ရေပုတ်သိုးခြင်း။ ပန်းညှိုးခြင်း မရှိစေရ။ သက်သတ်လွတ်ဆွမ်းနှင့် ပန်း-ဆီမီးတို့ကို နေ့စဉ် အားထုတ်နိုင်လျှင် သာ၍ကောင်းလှ၏။ ဆွမ်းနှင့်ဆီမီး နေ့စဉ် အားထုတ်ရန် ဝန်လေးပါမူ။ ပြဿဒါးကိစ္စ အရေးကြုံသော အခါ၌သာလျှင်။ ပုံလင်စွာပြုရမည်။ အောင်ပန်းသာ မညှိုးစေနှင့်၊ ပွဲလည်း မပုတ်မသိုးစေရ၊ ဤကား ပြုလုပ်ရမည့် အကြောင်းတရားတည်း။

၎င်းပြည်တော်ဝင် အောင်အိုးနှင့် ပွဲထိုး ကိုးကွယ်တည်ထားကြသော ၇-ရက်သားသမီးအပေါင်းတို့သည်။ နေထွက်မွန်းတည့် နေဝင်တိုင်း ဘုရားဝတ်, ပုတီးဝတ် များကို အမိဌာန်နှင့် မပျက်မကွက် အားထုတ်ပြီးလျှင်။ ကံငါးပါးကို ၎င်း။ သို့မဟုတ် တပါးပါးကို၎င်း။ အသက်ထက်ဆုံး ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါမည်ဘုရားဟု ကတိသစ္စာ ပြုကြရမည်။ ၎င်းနေထွက် မွန်းတည့်။ နေဝင်အချိန် ၃ ပါးလုံးတွင်။ ဘိုးဘိုးဘုရားနှင့်တကွ ထွက်ရပ်ပေါက် ဂိုဏ်းကြီးရှင်ဖြစ်

ကြကုန်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတို့သည်။ အဓိဋ္ဌာန်ဝင်၍။ မေတ္တာတော် အထူး ပို့သကြသော အချိန် ဖြစ်ပါသဖြင့်၊ ဘိုးဘိုးဘုရားနှင့်တကွ၊ ဂိုဏ်းကြီးရှင် အပေါင်းတို့၏ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ, အဘိညာဉ်တွင် မိမိမျက်နှာကို မြင်၍ ကူညီစောင့်ရှောက်ခြင်း ခံယူလိုလျှင်။ ဥင်းနေထွက်, မွန်းတည့်, နေဝင် အချိန်တိုင်း ဘုရား ဝတ်ပြု၍ ပရိတ်မေတ္တာ ပြုပြီးလျှင်။ အဓိဋ္ဌာန် ဂုဏ်တော် ပုတီး စိတ်ရမည်၊ မမေ့ကြနှင့်၊ သတိထား၍ အချိန် ၃ ပါးလုံးပင် နာရီဝက် ဖြစ်စေ။ ၁၅-မိနစ် ဖြစ်စေ။ ဣရိယာပုတ် လေးပါးညီမျှရုံ အဓိဋ္ဌာန်ဝင်ရမည်၊ ဤကား- ဘိုးဘိုး ဘုရား၏နာမ်နှင့် တပည့်များ၏ နာမ်, နှီးနှောတွေ့ဆုံနိုင်ခြင်း အကြောင်းတည်း။ ဤကဲ့သို့ မိမိခန္ဓာကိုယ်က။အဓိဋ္ဌာန် ဝတ်မလုပ်ဘဲ ကန်တော့ပွဲကလေးကို တင်မြှောက်ရုံနှင့် ဘိုးဘိုးဘုရား လာလည်း, မလာ ကြွားလည်း, မကြွား။ မြင်လည်း,မမြင်။ ပိုက်ဆံကုန်၍ ဌက်ပျောသီး ပုတ်သည်တို့ပင် အဖက်တင်ကြမည်။ ဤကား-သတိပြုရန်မှတ်ချက် တည်း။

ဘိုးဘိုးဘုရား အဓိဋ္ဌာန်ဝင်၍ မေတ္တာတော် အထူးပို့သနေသော နာမ်ဝိညာဉ်နှင့် မိမိကလည်း အထက်ပါ နေထွက် မွန်းတည့်, နေဝင်, ၃ပါးလုံးပင် တချိန်တည်း ကျအောင် အဓိဋ္ဌာန်ဝင်၍ မေတ္တာပို့ခြင်း၊ ဂုဏ်တော်ပုတီး စိတ်ခြင်း စသော နာမ်ဝိညာဉ်တို့သည်၊ ပေါင်းဆုံ ဆက်စပ်မိရမည်။ ဒါမှ လူ, လူချင်း-ယှဉ်တွဲ ဝိညာဉ်, ဝိညာဉ်ချင်း ယှဉ်တွဲမိခြင်း အကြောင်း ကောင်းကောင်းကြီးမှတ်ကြလေ။

မိမိသည်။ လက်ငင်းတွေ့ကြုံ၍ နေရသော ဘေးဒုက္ခကြီး များကို ကူညီစောင့်ရှောက်ရန် အလိုရှိပါလျှင်။ အထက်ပါ ပွဲ ၁၁-ပွဲကို ပြဆိုခဲ့ပြီးသော နည်းအတိုင်း အသီးသီး ပူဇော် ပ,သပြီးလျှင်။ ဘိုးဘိုးဘုရားနှင့်တကွ၊ ဂိုဏ်းကြီးရှင်အပေါင်း တို့ဘုရား၊ အကျွန်ုပ်ပင့်ရာ ဤနေရာသို့ ညီညာဖျဖျ ကြွရောက် ကြ၍၊ လိုရာဆန္ဒပြည့်ဝအောင်မြင်ရန် စောင်မ,ကြည့်ရှုတော် မူကြ ပါကုန်လောဟု သစ္စာပြုလေ။ (ကြိုက်တိုင်း အောင်၍၊ ဆောင်တိုင်း မြောက်လိမ့်မည်။ ယုံယုံကြည်ကြည်နှင့် အားကိုး တချပြုကြလေ။)

မိမိအိမ်၌ ပစ္စည်းဘဏ္ဍာ, လယ်ယာကိုင်းကျွန်း, ရွှေငွေ ရတနာ, သား, သမီး, လင်တွက် မယားတွက် အခက်အခဲ နှင့်တွေ့၍ ကိုယ်စိတ်နှစ်ဖြာ-မချမ်းသာပါမူ၊ အထက်ပါ အ တိုင်း ပင့်ဖိတ်၍ သစ္စာပြုပြီးလျှင်။ အောင်အိုးကို ဖြစ်စေ၊ ပွဲကို ဖြစ်စေ။ ရေနှင့်ပက်ခြင်း၊ ယပ်လေသွင်း၍ အေးပါစေဟု ဆု တောင်းလေ။ မီးမပူဇော်ရ။ တွေ့ကြုံ နေရသော ဘေးဒုက္ခ အပေါင်းတို့သည်။ နေ့ခြင်း, ညခြင်း, လွတ်ကင်း ချမ်းသာ လိမ့်မည်။ မြင့်မိုရ်တောင်ကို ဇီးစေ့နှင့်တော့ မရွယ်နှင့်၊ကိုယ် နှင့် ထိုက်တန်ရာကိုသာ တောင်းတ,လေ။ ကံရှိသလောက် အကျိုးပေးလိမ့်မည်။ မိမိအဓိဋ္ဌာန် ရင့်သန်သလောက် အကျိုး ပေးမည်။ အဓိဋ္ဌာန်သာမူလ။ ရှင်ဘိုးဘိုးဘုရား၏ ပြည် တော်ဝင် အောင်အိုးအတွင်း၌ရှိသော ရေစည်တော်ကို ယူ၍ ပယောဂအမျိုးမျိုးနှင့် ၉၆ ပါးသော ရောဂါအမျိုးမျိုးတို့ကို ယုံယုံကြည်ကြည်နှင့် အဓိဋ္ဌာန်ပြု၍ သောက်ခြင်း, ဖြန်းခြင်း,

လိမ်ခြင်းပြုရမည်။ မည်သည့် ရောဂါမျိုးမှ မခံနိုင်။ ဝေ တလုံးပိုင်သော ရေစဉ်တော်မြတ်ဖြစ်သဖြင့်၊ ဉာဏ်ရှိသည့် သုံးစွဲကြလေ၊ ဝဋ္ဋနာ့ကံနာများကို ဘုရားသော်မှ မလွှန် ဆန်နိုင်။

တကမ္ဘာလုံး၌ ဗုဒ္ဓဘာသာ ဘုရားသားတော် သမီးတော် အပေါင်းတို့အား၊ ယုံကြည်ကိုးစား- အားထား မှီခိုရာကြီး တခုဖြစ်ကြစေရန် ရည်သန်တောင်းတ၍ ... ကမ္ဘာ့ပြု ဂိုဏ်းတော်ကြီးမှ ဘိုးဘိုးဘုရား၏ ပြည့်ဘော်ဝင် ... အိုးနှင့် ပွဲများတည်ထား-ကိုးကွယ်နည်းနှင့်ချည်းကို၊ အစရေး တကြီး ထုတ်ဝေလိုက်သည်။ ၎င်းအောင်အိုးနှင့်ပွဲများ- ကိုး ကွယ်တည်ထားရမည့်နေရာသည်၊ ဘုရားခန်းအလွှတ်၌ သီး ခြားထား၍ အောင်ပန်း၊ အောင်ရေများ သွန်းလောင်းရမည်။ သို့မှသာလျှင်၊ ဘိုးဘိုးဘုရား၏ ဒိဗ္ဗစက္ခု၊ မိဗ္ဗသောတ၊ ဉာဏ်အမြင်တွင် ကြည့်ရှု စောင်မ့ရန် တောင်းခံနေသော ဂိုဏ်းတော်ကြီးဝင် သား၊သမီးများ၏ လိုအင်ဆန္ဒကို ... မြန်စွာ မြန်းကြွ၍ စောင်မ့တော်မူလိမ့်မည်။ ။ဤကား..... အကျိုးထူးတရား၏ ကြီးမားသော အာနိသင်ပေတည်း။

**မှတ်ချက်။** ။ဘိုးဘိုးဘုရား ဆိုသည်ကား ဘိုးဘိုး အောင်နှင့် **ထွက်**ရပ်ပေါက်ဂိုဏ်းကြီးရှင် အပေါင်းကို ဆို သည်၊ ပြည့်ဘော်ဝင် ဆိုသည့်ကား၊ ပြည့်ဝင် နိဗ္ဗိတ်ကို ကောက်သည်၊ အောင်အိုး ဆိုသည့်ကား—တကမ္ဘာလုံး အောင်ရန် ရည်သန်၍၊ အောင်အတိတ်နှင့် နိမိတ်ယူလိုက် သည်းကမ္ဘာ့သူ-ကမ္ဘာ့သားအပေါင်းတို့ အောင်အတိတ်နှင့် အောင်ဘိသိက် သွန်းလောင်းကြရန် တောင်းတွင်းကြီး...

ဖူဖွါးတောင်ကလာပ် ဆရာတော်ဘုရား ဆရာတော်ဘုရားကြီး၊ ဓမ္မကူးဘောင် ကြီး၊ ခုပ်ရှစ်ကြီး ဆရာတော် ဘုရားကြီး ပုဂ္ဂိုလ်မြတ်ကြီးဘို့က။ ၁၃၀၈ ခု။ အတွင်း၊ ဘောအနှုရာယ် လွှတ်ကင်းချမ်း -ချ၊ ၁၁-ခုနှစ်တို့တွင်၊ ပြည့်ဘော်ဝင် ၊-ရက် သားဘွီးတိုင်း ဝင်နိုင်ရန် ရည် တော်မူချက်အရ။ အထူး ထုတ်ဝေတော်မူ

---

## ၏ကိုယ်တွေ့–အကျိုးထူး

သသ–ဘောက်ခံချက်။

သော နည်းဝူး နည်းမြတ် ကြီးများကို ရှာ တွေ့ အားထုတ်လျက်ရှိသော ဆရာ သကြီးပျက်၍ ရန်ကုန်မြို့မှ ဝါးခယ်မနယ် ရွာင်နေရာတွင်၊ ၁၃၀၃-ခု၊ တဘို့တွဲ နေ့ကစ၍ အမိဌာန်ဝင်ခဲ့လေသည်၊ တမင်း ကာလကောင်းပြီဟုထင်မှတ်၍၊ ရန်ကုန်မြို့သို့ ၁၃၀၄-ခု၊ ပြာသိုလဆန်း (၁၃) ရက်နေ့။ ကျောင်းတိုက် ဗုန်းချရာ၊ မှန်ကင်းကျောင်း၌ နှင့်ခြင်း ကျောင်းပြီကျခြင်းခံရသော်လည်း၊ ပျောက်ဘဲ၊ ဗုန်းအောက်က ထွက်နိုင်ခြင်း ဘက် လပိုင်းမျှသာရှိသော ထိုအမိဌာန်၏ ရေးဗိသေသ– ကြီးမားလှသဖြင့်၊ စာတွေ

မဟုတ်-ကိုယ်တွေ့ရေးသားလိုက်ပါကြောင်း။ ။လောကတွင်လူဘယောက်သည်။ အလုပ်အကိုင် မရှိလျှင်။လူအများကလည်း မခေါ်ချင်ဘိသကဲ့သို့။ ထို့အတူ မြတ်စွာဘုရား သာသနာဘောင်အတွင်း လူလာ၍ဖြစ်သော်သည်း။ လူ့အလုပ် ဘောက်ကိုင် တခုခုမရှိလျှင် လူအများပင် မခေါ်ချင်သည့် အခြင်း။ သိကြသား, မြပဗ္ဗာ, နတ်ဒေဝါတို့နှင့်တကွ။ မိစ္ဆာအပေါင်းရှိသောင်း။ ထွက်ရပ်ပေါက် ဗုဒ္ဓိုလ်ကြီးတို့သည်။ တွေ့မြင်ကြမည်မဟုတ်ပေ။ သို့ဖြစ်၍။ တသက်တခါ ဘုဖြစ်ကြီးနပ်ပြီးလျှင်။ လက်တွေ့အလုပ်လုပ်နိုင်ကြစေရန် အတွေးသတိပေးလိုက်သည်။

ဌာနချုပ်။ ။ရတနာပုံ ဦးတိလောကဆရာတော်။
ဗုဒ္ဓရာဇာကမ္ဘာပြု ဂိုဏ်းဆော်ကြီး။
ရတနာပုံပိဋကတ်ဘိုက်သစ်။ဟံသာဝတီကွက်သစ်။ကြည်မြင်တိုင်ရန်ကုန်။

# ကျမ်းပြီး—နိဂုံး—ဂါထာ။

ဇာဘိယာ-မြင်းမူနဂရေ၊ သုဇာတော ဇေယျ မဏ္ဍလေ။
ရတနာပုဏ္ဏ-နာယိကော၊အယံလေခနံ မြို့တော။
ဇေယျမဏ္ဍလေ၊ရောဝတီ- နဒီသလ္လာ၊ နှစ်ပြာရှစ်ပိုင်း—
ဇေယျာပူရ-စစ်ကိုင်းတိုင်း၌၊အတိပါကဋေ၊ အဂ်လိပ် မြန်မာ
မင်းနှစ်ပြာထက်၊ဆက်လက်ကျော်ကြား လွှန်ထင်ရှားသော
မြင်းမူနဂရေ-ရောဝတီ- နဒီကမ်းသာ၊ သူတော်စုတို့။ နေ
ပျော်စံရာ-သာယာမှိုင်းညို့။ မြင်းမူမြို့၌။ ဇာတိသာ၊ မယ်
တော်မာဘာ။မိဝမ်းသာ၌၊ စွဲကာသန္ဓေ- တည်ခဲ့သော အား
ဖြင့်။ သုဇာတော ဘေးရန်လွတ်ကင်း— ချမ်းသာခြင်းနှစ်ဝ။
ပြည့်စုံသွားစွာ၊ ဖွါးမြင်ရပါသော။ ဒေသကော၊ အများသူငါ

ရတနာပုံဆရာတော်၏

[illegible] တရားပိုင်ပိုင်။ ပေါ်ဖြစ်နိုင်သော- ရတနာ
[illegible] ရတနာ-အဏ္ဏဝါ၌- ပြည့်စုံတိဝေဝင်း။
[illegible] ဦး၊ မျှုံ့နှံ့ကျော်ဘိ။ ရတနာပုံ အမည်ရှိ
[illegible] အာကဲနဂရာ၊ ရပ်ဒေသသို့- လှည့်ခါ
[illegible] ပြုသည့်-တိလောက-မည်သာ။ မထေ
[illegible] များစွာဝေဆော၊ လူမိုလ်ခြေတို့- သိပါ
[illegible] အယံဂန္ထော- ဗုဒ္ဓဘာသာအစစ်- ရေ
[illegible] ဘ ဗုဒ္ဓဘာသာ။ ဓာတာရက်ချုပ်ခေါ်။
[illegible] ဒေသနာတရားတော်များကို။ ဗုဒ္ဓဘာသာ
[illegible] မှာ ရှိ-မရှိ-သိရှိမျှော်တွေး- လေးလေး
[illegible] ဒိနံ့ကြား။ ရေးသားစီရင်၊ တည့်ထွင်
[illegible] "ဤဗုဒ္ဓဝါဒ- ကန္တာရကျွန်းဆောင်"
[illegible] ချမ်းမြတ်ကြီးသည်။ လေ့ခေန-တရား
[illegible] ရှုကိုလည်းသတ်- အငတ်ဘေး။ အ
[illegible] ရှိတဲ့-အရေးတော်ပုံကြီးဘေးမှ၊ ကင်း
[illegible] ကြောင်း။ နည်းလမ်းကောင်းဖြင့်။ ကျိုး
[illegible] စီရင်ရေးသားသောအားဖြင့်။ နိဗ္ဗာတော၊အပြီး
[illegible] နိဂုံးတော်သတ်လိုက်ရပေပြီ တကား။
[illegible] ယသုံးခု ဥတုဟေမန္တ၊ တပို့တွဲလ
[illegible] သက္ကယ်နေ့၌။ သိက်မြိုက်ကြည်လင်။
[illegible] ယာကို။ ဝေးစွာရှောင်ကွင်း။ ပြီးဆုံး
ဖြင့်းသို့၊ ထင်လင်းမသွေ၊ အောင်မြေ ဆိုက်ရောက်။ အဆုံး၊
[illegible] ပြီးမြောက်တော်မူခဲ့လေပြီ တကား။

ရတနာပုံ ဦးတိလောက ဆရာတော်။